
www.burmeseclassic.com



BURMESE CLASSIC .com

# မနက်ဖြန်များကို မြတ်သနိုးရသော စိတ်ကူးများ

နန္ဒာသိန်းဇံ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

နိုင်ငံတော်မှဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**


- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မနက်ဖြန်များကို ဖြတ်သန်းနေသော စိတ်ကူးများ

## နန္ဒာသိန်းဇံ



www.burmeseclassic.com

www.burmeseclassic.com

EIGHT DRAGONS BOOKS
2002

# မနက်ဖြန်များကို ဖြတ်သန်းနေသော စိတ်ကူးများ

နန္ဒာသိန်းဇံ

EIGHT
DRAGONS
BOOKS

အမှတ် ၇၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph. - 210735

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၈၆၂/၂၀၀၂ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၁၄၀/၂၀၀၃ (၂)

ပုံနှိပ်ခြင်း

ပထမအကြိမ် ဧပြီလ ၂၀၀၃ ခုနှစ်

အုပ်ရေ

၁၀၀၀

မျက်နှာဖုံး နှင့် အတွင်းဒီဇိုင်း

နေမျိုးဆေး

မျက်နှာဖုံး နှင့် အတွင်းကာလာခွဲ

Hepta digital art

ထုတ်ဝေသူ

ဦးသန်းဆွေ စိတ်သည်တော်စာပေ

အမှတ် ၁၀၃၊ ဥယျာဉ်လမ်း

၁၃ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်

မျက်နှာဖုံး ပုံနှိပ်တိုက်

ဒေါ်တိုက်တိုက်အောင် (၀၅၇၀၄) အောင်စေတနာပုံနှိပ်တိုက်

အမှတ် ၉၀၊ ဝေယန္တာ (၂) လမ်း (ဃ) ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်။

အတွင်းသား ပုံနှိပ်တိုက်

ဦးတင်အောင်ကျော် (၀၇၀၅၃)စွယ်တော် ပုံနှိပ်တိုက်

အမှတ်-၈၃ ၅၆လမ်း (၁)ရပ်ကွက်

ပုဇွန်တောင်မြို့နယ်။

တန်ဖိုး - ၁၆၀၀ ကျပ်


## ထုတ်ဝေသူ၏အမှာ

ဤ "မနက်ဖြန်များကို ဖြတ်သန်းနေသောစိတ်ကူးများ" စာအုပ်တွင် ပါဝင်သော စာစုများသည် အင်တာဗျူး၊ ဈေးကွက်၊ မိုးဆန်းပန်း၊ ပေါ်ပြူလာ၊ တောင်သာ၊ အရာတော်၊ ဘာသာသွေး၊ ပို့ဆောင်ရေး၊ Fashion Image အစရှိသော မဂ္ဂဇင်းနှင့် ဂျာနယ်တို့တွင် ဆရာနန္ဒာသိန်းဇံ ရေးသားခဲ့သည့် စာစုများ ဖြစ်ပါသည်။

၎င်းစာစုများကို စာအုပ်အဖြစ် ထုတ်ဝေရန် ခွင့်ပြုသော ဆရာနန္ဒာသိန်းဇံ အားလည်းကောင်း၊ မျက်နှာဖုံးသရုပ်ဖော်ပန်းချီနှင့် အတွင်းသရုပ်ဖော်ဒီဇိုင်းများ ရေးဆွဲပေးသော ပန်းချီအနုပညာရှင် နေမျိုးဆေးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

www.burmeseclassic.com

## နန္ဒာသိန်းဇံ၏ထုတ်ဝေပြီးစာအုပ်များ

၁။ အတွေးအခေါ်တို့လွှင့်မျောခြင်းနှင့်
လူ့ဂေဟ်ဆောက်တည်ရာ (၁၉၈၃) - ၄၀၀၉၄၁၀၅၀၉

၂။ ဘဝအစီပွါယ်နှင့် ဘဝသစ္စာ (၁၉၇၅) - ၃၅/၈၉(၁)

၃။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့်
အဆင့်မြင့်ခရီးစဉ် (၁၉၇၇) - ၃၈၀/၈၉(၈)

၄။ စီးပွားရေးနှင့် စစ်ရေးပျူဟာ (၁၉၉၂) - ၂၅/၉၂(၂)

၅။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (၁၉၇၉) - ၃၉၄/၇၉(၈)

၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (၁၉၈၀) -၄၈၇/၈၈(၁၁

၇။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ (၁၉၇၅) - ၂၁၁/၈၉(၅

၈။ အရိုမဒ္ဒနမှ တွေးမြင်ရန့်တို့ ဝေ့ပျံ့နေဆဲ (၁၉၉၅) - ၁၃၆/၉၅(၃,

၉။ အသွင်သဏ္ဌာန်တို့နောက်ကွယ်၌ (၁၉၉၃) - ၄၀၈/၉၄(၇)

၁၀။ ကြာ (၁၉၉၂) - ၄၁၄/၉၁(၁၀)

၁၁။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော
မှတ်ချက်များ (၁၉၈၈) - ၃၉၃/၈၉(၈)

၁၂။ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ (၂၀၀၁)
၃၀၂/၂၀၀၀(၅)

၁၃။ တွေးချိန်ချင့်စရာ (၁၉၉၉) - ၁၀၄၈/၂၀၀၁(၁၀)

၁၄။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင်အစဉ်အလာ

၁၅။ ဖြေဆည်ရာ (၁၉၈၉) - ၄၂၂/၈၈(၇)

၁၆။ THROUGH LIFE'S PERILS (1983) - 1148

၁၇။ မနက်ဖြန်များကိုဖြတ်သန်းနေသော စိတ်ကူးများ (၂၀၀၃)
၈၆၂/၂၀၀၂(၁၀)

၁၈။ ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ (၂၀၀၄)-၃၀၉/၂၀၀၄(၄

၁၉။ သမုဒ်ပင်လယ်ပြာ နှိုင်းပမာ (၂၀၀၈) - ၄၀၀၂၄၃၀၃၀၈

၂၀။ နောင်တကင်းရာသို့... (၂၀၀၉) - ၄၀၀၇၉၇၀၇၀၉

## ရည်ညွှန်းချက်

ဖော်ပြလိုက်တဲ့ အယူအဆတစ်ရပ်ဟာ ဘယ်လောက် အဝေးကို ရောက်နိုင်သလဲ၊ အချိန်ကာလတွေကို ဘယ်လောက် ကြာဖြတ်နိုင်သလဲ...ဆိုတာကို ကြည့်ရမယ်...ဆိုတဲ့ ကြေယ့်အတွက်......



www.burmeseclassic.com


# မာတိကာ


| | | |
|---|---|---|
| ၁။ ခရစ်နှစ် ၂၀၀၀ လွန် | - | ၁၅ |
| ၂။ မြင်ရလျက်ပင် | - | ၂၉ |
| ၃။ လူ့ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ | - | ၃၇ |
| ၄။ မှောင်ရိပ်များ | - | ၄၅ |
| ၅။ ဆင်ခြင်မဲ့လမ်း | - | ၅၁ |
| ၆။ ကောင်းတယ်လို့ပဲထင် | - | ၅၇ |
| ၇။ အလင်းရှိတဲ့မီးအိမ် | - | ၇၁ |
| ၈။ ကိုယ်တိုင်သက်သေ | - | ၇၉ |
| ၉။ စကားဆိုရန်မလွယ် | - | ၈၅ |
| ၁၀။ ဟန် | - | ၉၃ |
| ၁၁။ ချစ်သောမျက်စိဖြင့် ရှုကြရစေ | - | ၉၉ |
| ၁၂။ ခရီးတွင်စေဖို့ | - | ၁၀၅ |
| ၁၃။ အရောင်တင်သူများ | - | ၁၁၃ |
| ၁၄။ ညာချင်းဆုံ | - | ၁၁၉ |
| ၁၅။ လူမှုမျှော်ဖြစ်ခြင်း | - | ၁၂၉ |
| ၁၆။ သိတော့မှ | - | ၁၃၇ |
| ၁၇။ မြင့်မြတ်သူ | - | ၁၄၅ |


www.burmeseclassic.com

www.burmeseclassic.com

၁၈။ မိတ်ကောင်းဆွေကောင်း - ၁၅၃
၁၉။ ဆက်ဆံရေးမှာ သတိကောင်းသူ - ၁၅၉
၂၀။ တွေ့လာနိုင်သူများ - ၁၆၇
၂၁။ ခရုနှင့်အတူ - ၁၇၅
၂၂။ ကောင်းသောညဦး - ၁၈၇
၂၃။ ရုန်း - ၂၀၃
၂၄။ မီးလမ်းမများ - ၂၁၁
၂၅။ မြန်မြန် - ၂၁၇



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ခရစ်နှစ် ၂၀၀၀ လွန်

▲

ခရစ်နှစ် ၂၀၀၀ အကြောင်းကို ပြောကြတော့ သူက ဘီစီ ၂၀၀၀ က အကြောင်းတွေကို ပြောသည်။ ခရစ်နှစ် ၂၀၀၀ လွန် ၂၁ ရာစု အကြောင်း ပြောတော့လည်း သူက ဘီစီ ၂၀၀၀ အပေါ်က အကြောင်းတွေကို ပြောပြန်သည်။

အာဖရိကတိုက် မြောက်ပိုင်း နိုင်းလ်မြစ်ဝှမ်းဒေသ၊ အာရှ အနောက်ပိုင်း၊ အာရေဗျကျွန်းဆွယ်မြောက်ပိုင်း မေဆိုပိုတေးမီးယား ဒေသက တီးဂရစ် (Tigris)နှင့် ယူဖရိုးတီး (Euphrates) မြစ်ဝှမ်း တစ်ဝိုက်၊ အိန္ဒိယပြည်အနောက်မြောက်ပိုင်း၊ အိန္ဒုမြစ်ဝှမ်းဒေသ၊ တရုတ်ပြည် ဝိုင်းမြစ်ဝှမ်း Wei-ho၊ မြစ်ဝါမြစ်ဝှမ်းဒေသ...... ထိုထိုဒေသတို့၌ ရှေးရှေးအခါက ယဉ်ကျေးမှုတွေ ထွန်းကားခဲ့ကြ သည်။ ထွန်းကားပြီးတော့လည်း ပျက်သုဉ်းကုန်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီစီ ၃၀ ရာစုလောက်မှစ၍ အီဂျစ်က ဘုရင်တိုင်း ပိရမစ် တည်ဆောက်ခဲ့သောကြောင့် ဘီစီ ၂၅ ရာစု အလယ်လောက် ရောက်ချိန်တွင် ပိရမစ်တွေ နိုင်းလ်မြစ်တစ်လျှောက်၌ အမြောက် အမြားရှိနေကြပြီ။ ဂီဇေးအရပ်ရှိ ရှေးအကျဆုံး ပိရမစ်တစ်ခုမှနေ၍ တောင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မိုင် ၆၀ လောက်ထိ ပိရမစ် တွေ တန်းစီပြီး တစ်မျှော်တစ်ခေါ် ရှိနေကြသည်။ ထိုပိရမစ်တွေထဲတွင် ဘုရင်ခိုဆာ၏ အောက်ခြေအနား ၇၅၆ ပေရှည်၍ အမြင့်ပေ ၄၀၀ နီးပါး (မူလက ပေ ၅၀၀)ရှိသည့် ပိရမစ်ကြီးလည်း ပါသည်ဟု သူကပြောပြနေသည်။

နိုင်းလ်မြစ်ဝှမ်း ယဉ်ကျေးမှု ခေတ်ကြီးသုံးခေတ်အတွင်း တည်ဆောက်ခဲ့သော အဆောက်အအုံများသည် ခံ့ညားကြီးကျယ်ကြ သည်။ ပိရမစ်တို့ဝန်းကျင်ရှိ သက်ဆိုင်ရာဘုရင်တို့၏ သက်ဆိုင်ရာ မှူးကြီး မတ်ရာ၊ ဆွေတော်မျိုးတော်တို့၏ သချိုင်းများနှင့် ဘုရားဆောင် အတွင်းရှိ ဆေးရေးပန်းချီများသည်လည်း အံ့ဖွယ်ကောင်းသည်။ တတိယခေတ်အတွင်းက သိဘ် (Thebes)မြို့တော်က ဘုရားကျောင်း တည်ဆောက်ထားပုံမှာ အနုပညာမြောက်လှသည်။ ကားနက် (Karnak)ဘုရားကျောင်းခန်းမဆောင်တွင် တိုင်လုံးကြီးများရှိသည်။ တိုင်လုံးတစ်လုံး၏ ထိပ်သည် လူပေါင်း တစ်ရာစု၍ မတ်တပ်ရပ်နိုင် လောက်အောင် ကျယ်သည်။ ထိုတိုင်လုံးကြီးတို့၌ တန်ဆာဆင်ထား သော ပန်းချီ၊ ပန်းပုတို့ကလည်း အံ့ဖွယ်ကောင်းသည်။ ထိုအံ့ဖွယ်





ကောင်းသောအရာတွေ ဖျက်ဆီးသူတို့ကြောင့် ပျက်စီးကုန်ကြပြီ။ ပိရမစ်ကြီးတွေလည်း မရှုမလှ အဖောက်အထွင်းခံခဲ့ကြရသည်။

အီဂျစ်မှ မေဆိုပိုတေးမီးယားဒေသသို့ သူ့စိတ်အာရုံများက ခရီးဆက်ကြမည်ထင်ပါသည်။ သူက တီးဂရစ်နှင့် ယူဖရီးတီး မြစ်ဝှမ်းနှစ်ခုကြားရှိ မေဆိုပိုတေးမီးယားပြည်သည် ဘူမိဗေဒပညာ ရှင်နှင့် ကျောက်စာပညာရှင်တို့၏ သုတေသနပြုချက်အရ ယဉ်ကျေးမှု၌ ရှေးအကျဆုံးဒေသဖြစ်သည်ဟုဆိုပါသည်။ မေဆိုပို တေးမီးယားဒေသရှိ ဆူမေးရီးယန်းလူမျိုးတို့သည်လည်း အံ့ဩဖွယ် ကောင်းသော မြို့ကြီးများကို တည်ဆောက်နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ ထိုမြို့ကြီးများအနက် ဦး၏ (Ur) မြို့တော်မှာ ကြီးကျယ် လှသည်။

ဆူမေးရီးယန်းတို့တည်ဆောက်ခဲ့သည့် နန်းတော်တွေကလည်း ကြီးကျယ်သည်။ ဘုရားကျောင်းတွေကိုလည်း ခမ်းခမ်းနားနား တည်ဆောက်သည်။ တည်ဆောက်ရာ၌ ဆူမေးရီးယန်းတို့ အသုံး ပြုသော အုတ်တစ်ချပ်သည် အလျားပေ ၂၀၀၊ အနံပေ ၁၅၀၊ အမြင့်ပေ ၇၀ ရှိသည်။

ဆူမေးရီးယန်းတွေ တည်ဆောက်ခဲ့သည့် မြို့တော်ကြီးတွေ၊ ဘုရားကျောင်းတွေ၊ စာပေအနုပညာတွေကိုလည်း ဖျက်ဆီးသူတွေက ဖျက်ဆီးသောကြောင့် ပျက်စီးခဲ့ပြီ။ ဆူမေးရီးယန်းတွေကို ဖျက်ဆီး ခဲ့ကြသောသူတွေကကော ဘာတွေဆက်ပြီး လုပ်ကြလေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



အဆီးရီးယန်းလူမျိုးတို့သည် မေဆိုပိုတေးမီးယား တစ်ပြည်လုံးနှင့် အာရှမိုင်းနားကျွန်းဆွယ်တစ်ဝန်းလုံးကိုသိမ်းယူကြသည်။ အဆီးရီးယန်းတို့၏ ရက်စက်မှုက ကမ်းကုန်သည်။ မြို့များကိုသိမ်းရာ၌ အဆီးရီးယန်းတို့က မြို့သူမြို့သားတွေကြောက်ရွံ့အောင် အမျိုးမျိုးရက်စက်ပြသည်။ တစ်ခါတစ်ရံ မြို့လုံးကျွတ်သတ်ပစ်ကြပြီးလျှင် တစ်ခါတစ်ရံတွင် မြို့သားအချို့ကို အရှင်လတ်လတ် အရေခွံခွာသည်။ မသေမရှင် သံတံကျင်နှင့် လျှိုသည်ဟု သူကသမိုင်းအထောက်အထားတွေနှင့် ပြောနေသည်။ ဤရက်စက်မှုတွေပြီးတော့ တည်ဆောက်ပြုပြင်မှုတွေ လုပ်ကြပြန်သည်။

ဒုတိယ ဆာရ်ဂွန်ဘုရင် (Sargon II) လက်ထက်တွင် နင်နီးဗီးယား (Nineveh) မြို့တော်ကြီးကို တည်ထောင်သည်။ ခမ်းနားလှသည့် နန်းတော်ကြီးကိုတည်ထောင်သည်။ ဆာရ်ဂွန်၏ သားတော် ဆင်နက်ကရစ် (Sannacherib) လက်ထက် နင်နီးဗီးယားမြို့ကြီးက ပို၍ပင်ကျယ်လာသည်။ မြို့တွင်းရှိ လမ်းကျဉ်းကလေးများကို လမ်းကျယ်လမ်းမကြီးတွေဖြစ်အောင် ချဲ့သည်။ အဆောက်အအုံတွေကို ကြီးကျယ်သည်ထက် ကြီးကျယ်အောင် ဆောက်သည်။ ဆင်နက်ကရစ်ရေးထိုးခဲ့သော ကျောက်စာတစ်ခု၌ "ငါသည် နင်နီးဗီးယားမြို့တော်ကြီးကို နေရောင်ကဲ့သို့ ဖိတ်ဖိတ်တောက်အောင် မွမ်းမံခဲ့သည်" ဟု ဖော်ပြထားသည်။ ဆင်နက်ကရစ်က တိုင်းပြည်ကိုကျယ်သည်ထက် ကျယ်အောင်လည်း တိုက်ခိုက်ချဲ့ထွင်သည်။





ဆင်နက်ကရစ်က လက်အောက်ခံနိုင်ငံတွေနှင့် မြို့ဝန်တွေကို ထောက်ထားညှာတာခြင်းမပြု။ သူပုန်များကိုဖမ်းမိလျှင် ထိုသူများ၏ ကိုယ်မှ အရေကိုဆုတ်သည်။ ခြေ၊ လက်၊ နား၊ နှာခေါင်းတို့ကို ဖြတ်ပစ်သည်။ မျက်စိတို့ကို ထိုးဖောက်ပစ်သည်။ အစုလိုက် အပြုံလိုက် မီးလောင်တိုက်သွင်းသည်။ ပုန်ကန်ရဲသူ နည်းသောကြောင့် ဆင်နက်ကရစ်၏လက်ထက်တွင် တိုင်းပြည်ငြိမ်သက်ပါလေ၏။ သို့သော်လည်း ဆင်နက်ကရစ် မရှိသည့်နောက်ပိုင်း၌ ဖျက်ဆီးသူတို့ကြောင့်ပင် အဆီးရီးယားနိုင်ငံကြီး ပြိုကွဲပြန်သည်။ နင်နီးဗီးယားမြို့တော်ကြီးလည်း မြေပေါ်တွင် ပုံကျပျက်စီးသွားပြန်သည်။

နက်ဘူးကက်နက်ဇာ (Nebuchadnezzar) ၆၀၄–၅၆၀ ဘီစီ လက်ထက်၌ ဒုတိယ ဘေဘီလုံနိုင်ငံ (ကော်ဒီယန်နိုင်ငံ) ကို တည်ထောင်ပြန်သည်။ မြို့တော်ကြီးကို ယခင် နင်နီးဗီးယားမြို့တော်ထက်ပင် ကြီးကျယ်ခမ်းနားအောင် တည်ထောင်သည်။ နန်းတော်ကြီးထဲတွင် အမြင့်ပေ ၃၀၀ ရှိသော မျှော်စင်ကြီးများကို တည်ဆောက်သည်။ သစ်ပင်ပန်းပင်များကိုလည်း မျှော်စင်ကြီးများတွင် စိုက်ပျိုးထားသောကြောင့် ဥယျာဉ်ပုံများသဖွယ် ဖြစ်နေကြသည်။ စတုရန်းမိုင် ၁၂ မိုင်ကျယ်သော မြို့တော်ကြီးကို ကြေးနီအတိပြီးသော တံခါးကြီးများဖြင့် မြို့ရိုးကြီးတွေ ပြုလုပ်ထားသည်။

ဤမျှကြီးကျယ်လှပတင့်တယ်သော မြို့တော်ကြီးကိုလည်း မီဒီးလူမျိုးနှင့် အီရန်လူမျိုးတို့က ဖျက်ဆီးလိုက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးပြီးနောက် မိမိတို့စိတ်ထင်ရာရာ တည်ဆောက်မှုတွေ လုပ်ကြပြန် သည်။

ဤသို့လျှင် ဖြစ်ပြန် ပျက်ပြန် လောကဓံတို့ဖြင့် ရွေ့လျား လာခဲ့သော သမိုင်း၏အတိတ်ဆီကို လှမ်းမျှော်ကြည့်ပါက အီဂျစ်၊ မေဆိုပိုတေးမီးယားတို့ရှိ ကြီးကျယ်ခမ်းနားမှုများ၊ အဆီးရီးယန်းတို့၏ ရက်စက်မှုများ၊ ဘေဘီလုံ၊ မီးဒီးပါရှန်တို့၏ အံ့သြဖွယ် တည်ဆောက်ခဲ့မှုများ၊ တရုတ်၊ အိန္ဒိယ၏ နက်နဲသိမ်မွေ့လှသော ဘာသာတရားများ၊ ဂရိတို့၏ အတွေးအခေါ် အဆောက်အအုံ မြင့်မားခဲ့ခြင်းများ၊ ရောမအင်ပါယာ၏ ထည်ဝါခဲ့ညားမှုများ၊ ရဟူဒီတို့ စိတ်ဓာတ်ကြံ့ခိုင်ပုံများ၊ မဟာမေဒင်တို့ ချီတက်ပုံများ၊ အလယ်ခေတ်မှ ခရစ်ယာန်ကျောင်းတော်၏ သြဇာကြီးမားပုံ၊ မွန်ဂို နှင့် တာတာတို့၏ လွှမ်းမိုးမှုများ၊ အမေရိကန်နှင့် ပြင်သစ်တော်လှန်ရေးများ၊ နပိုလီယန်၏ စစ်ချီလမ်းကြောင်းများ၊ စက်မှုအရေးတော်ပုံ၊ ၁၉ ရာစု အမျိုးသားရေးဝါဒနှင့် နယ်ချဲ့စနစ်တို့အကြောင်းကို တန်းစီ၍ သူက ပြောပြီးနောက် သူက–

အထက်ကဖြစ်ရပ်တွေ၊ တည်ဆောက်မှုတွေ ခမ်းနားမှုတွေ၊ ကြီးကျယ်ထည်ဝါမှုတွေသည် ယနေ့တွင်မရှိကြပေ။ အတိတ်က ကြီးကျယ်မှုတွေသည် သမိုင်းစာအုပ်၏ စာမျက်နှာများပေါ်တွင်သာ တွေ့နိုင်တော့သည်။ ကြီးကျယ်ပါသည်ဆိုသော အဆောက်အအုံများသည် အပျက်အစီး အစုအပုံကြီးအဖြစ်ဖြင့်သာ ရှိတော့သည်။



လွန်ခဲ့သော နှစ်ပေါင်း ၅၅၆၀ အတွင်း စစ်ပွဲပေါင်း ၁၄၅၃၁ မျှ ဖြစ်ခဲ့သည်။ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် စစ်ပွဲနှစ်ပွဲကျော်ဖြစ်ခဲ့ သည်။ ၂၀ ရာစုရောက်၍ ပထမကမ္ဘာစစ်ဖြစ်တော့ ကျဆုံးသော စစ်သား ၁၀ သန်း၊ သေပြီဟုယူဆခဲ့သော စစ်သား ၃ သန်း၊ အရပ် သား ၁၃ သန်းသေခဲ့ကြသည်။ ထိခိုက်ဒဏ်ရာရသူ သန်း ၂၀၊ စစ် သုံ့ပန်း ၃ သန်း၊ စစ်ကြောင့် မိဘမဲ့သွားရသောကလေး ၉ သန်း၊ စစ်ကြောင့် မုဆိုးမဖြစ်သွားရသော မိန်းမ ၅ သန်းရှိသည်။ ရာစု တစ်ဝက်မကျိုးခင် ဒုတိယကမ္ဘာစစ်ဖြစ်ပြန်သည်။ ဤဒုတိယကမ္ဘာ စစ်၌ လူပေါင်း ၅၅ သန်းမျှ သေခဲ့သည်။ စာရင်းမရဘဲ သေဆုံး သူတွေလည်း ရှိပေလိမ့်မည်။

လူ့သမိုင်းကိုပြန်ကြည့်လျှင် မပျက်စီးဘဲကျန်နေသည်က လူတွေ၏ လောဘ၊ ဒေါသ၊ မောဟတရားများပင်ဖြစ်သည်။ ဤကမ္ဘာလောကကြီး၌ လူတို့အသက်ရှင်နေထိုင်မှုသည် အစားအစာ ပေါ်တွင် မူတည်နေသည်။ အစားအစာပြတ်လပ်ကြပါလျှင် အားလုံး ပျက်စီးကုန်ကြမည်သာဖြစ်သည်။ ဤကမ္ဘာကြီး၌ လူတို့သည် ခုနစ်ရက်မျှ အညီအညွတ် ငတ်မွတ်နေကြလျှင် တစ်ကမ္ဘာလုံး လူတွေ ပြုန်းတီးသေဆုံးကြမည်သာဖြစ်သည်။ ဤကမ္ဘာကြီး၌ ထိုအစားအစာကိုမရမှု၊ ထိုအစားအစာကိုရယူနိုင်သော ဥစ္စာပစ္စည်း မပြည့်စုံမှုကြောင့် 'ခိုးမှု'ဟူသော မကောင်းမှုဒုစရိုက် စတင်ဖြစ်ပေါ် လာသည်ဟု သူက ထေရဝါဒစာပေရှိ 'စက္ကဝတ္တိသုတ္တန်'ကို ကိုးကား



www.burmeseclassic.com

www.burmeseclassic.com



၍ ပြောနေပါသည်။ ဥစ္စာပစ္စည်းမပြည့်စုံသူ(ဝါ)စီးပွားရေး မဖူလုံသူက ဥစ္စာပစ္စည်းပြည့်စုံလိုသည်။ ဥစ္စာပစ္စည်း ပြည့်စုံသူကလည်း ထပ်၍ထပ်၍ ဥစ္စာပစ္စည်းပြည့်စုံလိုသည့် လောဘတွေဖြစ်လာသည်။ လောဘကြီးသည်ထက် ကြီးလာသောအခါ နူတ်အားဖြင့် လိမ်ညာလှည့်ပတ်မှုတွေ လုပ်ဖြစ်သည်။ ကိုယ်အားဖြင့် အနိုင်အထက် လုယက်သတ်ဖြတ်မှုတွေအထိ ဖြစ်ကုန်သည်။ ဤသည်မှာ ဝိသမလောဘပင်ဖြစ်သည်။ ဝိသမလောဘကြီးကျယ်လာသည့်အခါ တစ်နိုင်ငံက တစ်နိုင်ငံကို နယ်ချဲ့ခြင်းတွေ၊ တစ်ဖက်နှင့်တစ်ဖက် သတ်ကြဖြတ်ကြ၊ နှိပ်စက်ညှဉ်းပန်းကြပုံတွေကို သူကပြောနေသည်။ သိပ္ပံပညာ၊ နည်းပညာနှင့် ဝိသမလောဘတို့ပေါင်း၍ မိမိတို့မှီခိုရာ သဘာဝပတ်ဝန်းကျင်ကို မည်ကဲ့သို့ဖျက်ဆီးခဲ့ကြောင်းကိုလည်း သူက ပြောနေသည်။ ဝိသမလောဘနှင့်အတူ ကာမဂုဏ်တို့၌ ဖောက်ဖောက်ပြန်ပြန်ပြုမူသည့် 'အဓမ္မရာဂ' ဤကမ္ဘာ၌ ဖြစ်လာခဲ့ပုံကိုလည်း ပြောသည်။ အေအိုင်ဒီအက်စ်ရောဂါဖြင့်သေခဲ့သူ ၁၁ သန်းနှင့် HIV ပိုးရနေသူ လူပေါင်း သန်း ၅၀ လောက်အကြောင်းကိုလည်း သူကပြောသည်။ 'မိစ္ဆာဓမ္မ'ဟူသော လွဲမှားစွာ တွေးမြင်ယူဆစွဲလမ်းမှုတွေဖြစ်ပေါ်လာပုံ၊ ထိုမိစ္ဆာဓမ္မမှ ဖြစ်ပေါ်လာသော ဝါဒစွဲ၊ ဘာသာစွဲတို့ကြောင့် ကြီးကျယ်သော လူမှုပဋိပက္ခတွေဖြစ်နိုင်ကြောင်းကိုလည်း သူကပြောသည်။ ထိုသို့သူပြောပြီးနောက် သူက "အကယ်၍ ...... စီးပွားရေးဖူလုံမှုရှိမယ်၊ ဝိသမလောဘ၊ အဓမ္မရာဂနဲ့ မိစ္ဆာ





ဓမ္မတွေ လျော့ပါးသွားအောင် ကြိုးစားကြမယ်ဆိုရင်တော့ ၂၁ ရာစုဆီကို ကျွန်တော်တို့ ကျန်းမာပျော်ရွှင်စွာနဲ့ လျှောက်လှမ်းနိုင်ကြမှာပါ"ဟု ဆိုပါသည်။

သူက ယခုမှ ခရစ်နှစ် ၂၀၀၀ ၏ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြသည်။ ထို့နောက် သူက "ကျွန်တော်ဆိုတဲ့ ပုဂ္ဂလလူသားတစ်ဦးရဲ့ အမြင်အရကတော့ ခရစ်နှစ် (၂၀၀၀)မှာ အုံ့အုံ့မှိုင်းမှိုင်းကလေးတွေ တစ်ခါတစ်ရံရှိပေမယ့် အများအားဖြင့်တော့ ကြည်လင်သာယာတဲ့နေ့တွေ များမယ်လို့ ထင်ပါတယ်"ဟု ဆိုပါသည်။

ခရစ်နှစ် ၂၀၀၀ အကြောင်း ပြောသောစကားဝိုင်းမှ ပြန်အလာတွင် ကျွန်တော့်ခြေလှမ်းများက ပေါ့ပါးနေသည်ကို သတိထားမိပါသည်။

▲▲

အထက်ပါစကားများကတော့ ခရစ်နှစ် ၂၀၀၀ ပြည့်က ကြားခဲ့ရသော သူ့စကားများ၊ သူ့ထင်မြင်ချက်များဖြစ်ပါသည်။ ခရစ်နှစ် ၂၀၀၁ ခုနှစ် စက်တင်ဘာလ(၁၁)ရက်နေ့မှာ အံ့သြထိတ်လန့်ဖွယ်ရာ ဖြစ်ရပ်တွေဖြစ်ပေါ်သည်။ ထိုအဖြစ်အပျက်ကတော့ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအချက်အချာအကျဆုံးဖြစ်သည့် နယူးယောက်မြို့၏အစည်ကားဆုံး မန်ဟာတန်အရပ်ရှိ ကမ္ဘာကုန်သွယ်ရေး အဆောက်အအုံကြီးကို လူစီး လေယာဉ်ကြီးများကို



www.burmeseclassic.com

www.burmeseclassic.com



လက်နက်အဖြစ်အသုံးပြုပြီး ဝင်၍တိုက်ခိုက်သော အဖြစ်အပျက်ပင်တည်း။

ဆိုခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ World Trade Centre (WTC) သည် အမြွှာပူး Twin Tower အဆောက်အအုံဖြစ်ပြီး WTC အမှတ်(၁) အဆောက်အအုံက ၁၃၆၂ ပေမြင့်သည်။ WTC အမှတ်(၂) က ၁၃၆၈ ပေမြင့်သည်။ ယင်းအဆောက်အအုံဟာစ်ခုစီတွင် ဓာတ်လှေကား အစင်းပေါင်း ၁၀၄ စင်း၊ မှန်ပြတင်းပေါင်း ၂၁၈၀၀ ရှိသည်။ WTCအမှတ်(၁) နှင့် အမှတ်(၂)မှာ လုပ်သားပေါင်း ၅၀၀၀၀ အလုပ်လုပ်နိုင်သည်။ ထိုအဆောက်အအုံနှစ်ခု၌ လာရောက်လေ့လာလည်ပတ်သည့် ဧည့်သည်ပေါင်း နေ့စဉ် ခုနစ်သောင်းခန့်ရှိသည်ဟုသိရသည်။ အယ်လ်အေ (L.A) သို့ပျံသန်းမည့် ခရီးသည် ၉၀ ကျော်ပါသော ဘိုးရင်း ၇၆၇ ဂျက်လေယာဉ်ကြီးကို ပြန်ပေး ၅ ဦးက အပိုင်စီးသည်။ ထိုလူစီးဂျက်လေယာဉ်ကြီးကို လက်နက်အဖြစ်အသုံးပြုကာ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ WTCအမှတ်(၁)ကို နံနက် ၈ နာရီ ၄၅ မိနစ်အချိန်မှာ ဝင်တိုက်သည်။ ၁၀နာရီ ၂၈ မိနစ်မှာ WTC အမှတ်(၁) ပြိုကျသွားသည်။

ဘော့စတွန်မှ အယ်လ်အေသို့သွားမည့် ခရီးသည် ၆၉ ဦး ပါသော နောက်လေယာဉ်တစ်စင်းကိုလည်း ပြန်ပေး ၅ ဦးက အပိုင်စီးပြီး WTCအမှတ်(၂)ကို ယင်းလေယာဉ်ဖြင့်ပင် နံနက် ၉





နာရီ ၃ မိနစ်မှာ ဝင်တိုက်ပြန်သည်။ နောက်မှ ဝင်တိုက်သော်လည်း WTC အမှတ်(၂)က အမှတ်(၁)ထက် စောပြီး ပြိုကျသွားသည်။ (၁၀ နာရီ ၅ မိနစ်)။ အနီးအနားမှ အဆောက်အအုံကြီးများလည်း လိုက်ပါပြိုကျသွားကြသည်။ မပြိုဘဲကောခံနိုင်မှာလား။ ဘိုးရင်း ဂျက်လေယာဉ်ကြီး နှစ်စင်းလုံးမှာ လေယာဉ်ဆီဂါလန်ပေါင်း ၂၀၀၀၀ စီလောက် ထည့်ထားသည်ဟုသိရသည်။ WTC အဆောက်အအုံ ပြိုကျသွားပြီးနောက် လူပေါင်း ၆၈၈၆ ဦးပျောက်ဆုံး(ဝါ) သေဆုံးဖွယ်ရှိသည်ဟု ကြားသိရသည်။ အခြားသတင်းတစ်ရပ်ကတော့ လူပေါင်း ၃၀၀၀ ကျော်လောက် သေဆုံးသည်ဟု ဆိုသည်။

WTC အမှတ်(၁)(၂)တို့ကို ဝင်တိုက်သောလေယာဉ်များ အပြင် အယ်လ်အေသို့ပင် သွားမည့်လေယာဉ်ကို ပြန်ပေး ၅ ဦးက အပိုင်စီးကာ ပင်တဂွန် (Pentagon)တပ်မတော်ရုံးကို ဝင်တိုက်ပြန်သည်။ ထိုလေယာဉ်ပေါ်တွင် ခရီးသည် ၆၄ ဦးပါသည်ဟု သိရသည်။

ထို့နောက် နယူးရော့ခ်နှင့် ကပ်လျက်ရှိသော နယူးဂျာစီ (New Jersey)ပြည်နယ်၊ Newarkလေဆိပ်မှ ဆန်ဖရန်စစ္စကိုသို့ ပျံသန်းမည့် လေယာဉ်တစ်စီးကိုလည်း ပြန်ပေး ၄ ဦးက အပိုင်စီးကာ အိမ်ဖြူတော်ကိုဝင်တိုက်ရန်ကြိုးစားသည်။ သို့ရာတွင် ပင်စီဗေးနီးယား (Pennsylvania) တောထဲသို့ပျက်ကျသွားသည်။ ထိုလေယာဉ်၌ လူပေါင်း ၄၅ ဦးပါသွားသည်။ အခြားသတင်းတစ်ရပ်ကတော့ ဆိုလေယာဉ်၌ လူ ၄၀ ပါသွားသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါဖြစ်ရပ်များသည် မိတ်ဆွေဖြစ်သူပြောပြသော မှန်မှိုင်းအုံ့ဆိုင်းသော လူ့သမိုင်း၏ ဖြစ်ရပ်အချို့ ဖြစ်လေသလား...။

တွေးရင်းတောရင်းနှင့် စိတ်တွေ လေးလေးလံလံဖြစ်နေသည့်ကတော့ အမှန်ပင်ဖြစ်ပါသည်။

အမှတ် ၁၄၈၊ ဈေးကွက်ဂျာနယ်





www.burmeseclassic.com

www.burmeseclassic.com

# မြင်ရလျက်ပင်

လူဟာ စဉ်းစားဉာဏ်ရှိသော သတ္တဝါဖြစ်တယ်။ Man is a rational animal လို့ စပြီးပြောခဲ့တာဟာ ဂရိတွေးခေါ်ပညာရှင် အာရစ္စတိုတယ်ဖြစ်တယ်လို့ ယူဆကြတယ်။

အာရစ္စတိုတယ်က... "သက်ရှိပုဂ္ဂိုလ်မှာ အတ္တ ဝိညာဉ်ဆိုတာ ရှိတယ်။ အပင်သက်ရှိတွေမှာရှိတဲ့ အတ္တဝိညာဉ်ကတော့ အနိမ့်အကျဆုံးဖြစ်တယ်။ ဒါ့ထက် အဆင့်မြင့်တဲ့ အတ္တဝိညာဉ်ကတော့ တိရစ္ဆာန်မှာရှိတယ်။ လူမှာရှိတဲ့အတ္တဝိညာဉ်ကတော့ အမြင့်မြတ်ဆုံးပဲတဲ့။ လူရဲ့အတ္တဝိညာဉ်မှာ ပညတ် Concepts တွေကို အသုံးပြုပြီးစဉ်းစားနိုင်၊ ဆင်ခြင်နိုင်တဲ့ စွမ်းရည်ကည်ရှိကယ်။ ဒီလို ဉ်းစားဆင်ခြင်နိုင်တဲ့ စွမ်းရည်ရှိခြင်းကြောင့် လူသတ္တဝါဟာ ကခြား သက်ရှိတွေမှာရှိတဲ့ အတ္တဝိညာဉ်တွေနဲ့ ခြားနားသွားခြင်းဖြစ်တယ်။

EIGHT DRAGONS BOOKS



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းပြောရရင် လူဟာ လောကဓမ္မသဘာဝတွေကို စဉ်းစား ဆင်ခြင်ခြင်းအားဖြင့် ထွင်းဖောက်သိမြင်နိုင်တဲ့သတ္တဝါဖြစ်ခြင်းကြောင့် လူဟာ သတ္တလောကမှာ အမြင့်မြတ်ဆုံးသူဖြစ်တယ်"လို့ ဆိုလိုချင်တာ ဖြစ်ပါလိမ့်မယ်။

ဆင်ခြင်နိုင်မှု၊ ဆင်ခြင်တုံတရားရှိမှုကြောင့် လူဟာ မြင့်မြတ်တဲ့သတ္တဝါဖြစ်တယ်လို့ သဘောသက်ရောက်နေတာကို ဒဿန ဆရာကြီး ဘာထရန်ရပ်ဆယ်လ်က သရော်ချင်ဟန်တူပါတယ်။ Unpopular Essays စာအုပ်ထဲက An Outline Of Intellectual Rubbish ဆိုတဲ့စာစုမှာ ရပ်ဆယ်က... "လူဟာ ဆင်ခြင်ဉာဏ်ရှိတဲ့သတ္တဝါ... လို့ပြောကြတယ်။ ဒီအဆိုမှန်ကန်ရဲ့လားလို့ သက်သေ အထောက်အထားတွေ ရှာကြည့်ခဲ့ဖူးပါတယ်။ အာရှ ဥရောပ၊ အစရှိတဲ့တိုက်ကြီးတွေပေါ်က နိုင်ငံအများအပြားမှာလည်း ရှာဖွေကြည့်ကယ်။ ဒါပေမယ့် လူ့လောကကြီးဟာ မိုက်မဲရူးသွပ်ခြင်း ဆီကိုပဲ အဟုန်ပြင်းစွာနဲ့ ရွေ့ရှားနေတာကိုပဲတွေ့နေရကယ်။ ရက်စက်ခြင်းတွေ၊ နိုင်လိုမင်းထက်ပြုခြင်းတွေ၊ အယူသီးစွာနဲ့ ပြုမူနေခြင်းတွေ တိုးသည်ထက် တိုးလာတာကိုပဲ တွေ့နေရတယ်"တဲ့။

လူတွေမှာ အသိဉာဏ်၊ ဆင်ခြင်ဉာဏ် အမှန်တကယ်ရှိရင် မိုက်မဲစွာပြုမူခြင်းမျိုးတွေ ရှိမှာမဟုတ်ဘူး။ အခုတော့ ဒီအသိဉာဏ် ဆင်ခြင်ဉာဏ်နဲ့ ဆန့်ကျင်ဘက်တွေကိုပဲ တွေ့နေရကယ်။ ဒါကြောင့် လူကို စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့သတ္တဝါလို့ ဖွင့်ဆိုနေခြင်းဟာ





အင်မတန်ဟောင်းနွမ်းရေးကျနေတဲ့ လူ့အဖြစ်ကို ဖော်ပြနေခြင်းများ ဖြစ်နေလေရော့သလားလို့ ရပ်ဆယ်လ်က သရော်ချင်ဟန် တူပါတယ်။

နှစ်ဆယ့်တစ်ရာစုကို ရောက်လာလို့ လူတွေပိုပြီး အသိဉာဏ်တွေရှိလာ၊ ဆင်ခြင်တုံတရားတွေ တိုးတက်လာသလားလို့ကြည့်တော့လည်း... သည်းလိုက်ရင်တုန်ဖွယ် မိုက်မဲမှုတွေ၊ ရက်စက်မှုတွေကို တွေ့ခဲ့ရတာပဲ၊ တွေ့နေရတာပဲ... ဒတ်ချ်စာရေးဆရာကြီး အီရာဇမား (Erasmus) ပြောခဲ့သလို လူတွေရဲ့ မိုက်မဲခြင်းတွေဟာ သက်ဆိုးရှည်တုန်းပါပဲ။

ရပ်ဆယ်လ်က "လူ့ရဲ့အသိဉာဏ် ဆင်ခြင်ဉာဏ်ဟာ အစွဲဥပါဒါန်တွေရဲ့ ဖုံးလွှမ်းမိုးခြင်းကို ခံနေရတယ်"လို့ မြင်ပြတယ်။ မိုက်မဲခြင်းတွေရဲ့ နောက်လိုက်ဘဝရောက်နေတတ်ပုံကို ရှင်းပြလိုဟန်ရှိပါတယ်။ ဘင်ဂျမင်ဖရင်ကလင် (Benjamin Franklin) က မိုးကြိုးလွှဲကိုထွင်ခဲ့တယ်။ အဲဒီတုန်းက အင်္ဂလန်နဲ့ အမေရိကမှာ ရှိတဲ့ ဘာသာရေးအစွဲဥပါဒါန်ကြီးသူတွေက ဘင်ဂျမင်ဖရင်ကလင်ကို ရှုတ်ချကြတယ်။ မိုးကြိုးလွှဲထွင်တာဟာ ဘုရားသခင်ကို အန်တုတာ ဖြစ်တယ်တဲ့။ သူတို့စွဲယူထားတာက... မိုးကြိုးပစ်တာဟာ ဘုရား သခင်ကပစ်တာ၊ ဘယ်သူ့ကို ပစ်တာလဲ ဆိုတော့ ဘာသာတရားကို မယုံကြည်သူတွေ၊ မကောင်းမှုဒုစရိုက်မှုပြုသူတွေကို ပစ်တာ၊ ဒီတော့ ဘင်ဂျမင်ဖရင်ကလင် မိုးကြိုးလွှဲလုပ်တာဟာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဘာသာမယုံ သူတွေ၊ ဒုစရိုက်သမားတွေကို မိုးကြိုးနဲ့ပစ်ခွင်းပြီး ဘုရားသခင်က အပြစ်ပေးခြင်းကို ဟန့်တားရာရောက်နေတယ်လို့ မြင်ကြတယ်။ မိုးကြိုးလွှဲလုပ်သူကို လူမိုက်တွေ၊ ဒုစရိုက်ကောင်တွေကို အကာ အကွယ်ပေးသူအဖြစ် မြင်ကြတယ်။

တိုက်တိုက်ဆိုင်ဆိုင် မက်ဆာချူးဆက်ပြည်နယ် (Massachusetts) မှာ လျှောင်လှုပ်တော့ အဲဒီ ဘာသာရေး ခေါင်းဆောင် တစ်ဦးဖြစ်တဲ့ ဒေါက်တာပရိုက်စ် Dr. Price က...'ဖရင်ကလင်ရဲ့ မိုးကြိုးလွှဲ တွေကို ဘုရားသခင်က အမျက်တော်ရှတဲ့အတွက် အခုလို လျှောင်လှုပ်ပြလိုက်တာလို့ ယုံယုံကြည်ကြည်နဲ့ပြောတယ်။ ပြီးတော့ သူက ဒီမိုးကြိုးလွှဲတွေကို အခြားမြို့တွေမှာထက် ကျုပ်တို့ ဘော်စတွန် (Boston) မြို့မှာ အများကြီး ပိုပြီးစိုက်ထားကြတယ်။ ဒါကြောင့် လျှောင်လှုပ်တော့ ဘော်စတွန်မြို့က ပိုပြီးအလှုပ်ခံရတာပဲ"လို့ ပြော လိုက်သေးတယ်။

ရပ်ဆယ်လ်ဟာ အစွဲဥပါဒါန်တွေဖုံးနေတဲ့ ဒေါက်တာပရိုက်စ်ရဲ့ အမြင်ကို ဘယ်လိုသရော်ခဲ့သလဲဆိုတော့ "ဘော်စတွန်မြို့မှာ မိုးကြိုး လွှဲတွေ များသည်ထက်များလာပေမယ့် လျှောင်မလှုပ်တော့ဘူး။ ဒါဟာ ဘုရားသခင်က ဘော်စတွန်မြို့ကို မကောင်းမှုဒုစရိုက်တွေမှ ကင်းဝေးအောင်ဖယ်ရှားဖို့ကိစ္စကို လက်လျှော့လိုက်တာကြောင့် ဖြစ်ပါလိမ့်မယ်"တဲ့။

လူရဲ့အသိဉာဏ် ဆင်ခြင်ဉာဏ်ကို အစွဲဥပါဒါန်တွေ ဖုံးလွှမ်း






တဲ့အခါမှာ စဉ်းစားပုံ စဉ်းစားနည်းတွေဟာလည်း မှားယွင်းချွတ်ချော် ကုန်တာပါပဲ။ အတွေးတွေ မှားယွင်းချွတ်ချော်ရင် အလုပ်တွေ လည်း မှားယွင်းမှာပဲ။ နှစ်ဆယ့်တစ်ရာစုထဲမှာလည်း အလုပ်မှားနေ တာတွေ... ရက်စက်မှုတွေကို မြင်နေရဆဲပါပဲ။

အမှတ် ၁၀၄ အင်တာဗျူးဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လူ့ဂုဏ်သိက္ခာကို မြှင့်တင်ဖို့

သိပ္ပံစာရေးဆရာ မယ်လ်ဗင်ဘာဂါ (Melvin Berger) က သူ့ရဲ့ Triumphs of Modern Science စာအုပ်တစ်နေရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ အတွင်းမှာ သိပ္ပံနည်းကျအမြင်သုံးရပ်ဟာ လူသားတွေရဲ့ ယုံကြည်ယူဆချက်တွေကို အကြီးအကျယ် ပြောင်းလဲစေခဲ့တယ်လို့ ဖော်ပြထားတယ်။

ပထမအမြင် တစ်ရပ်ကတော့ ၁၆ ရာစုက ကိုပါးနီးကပ်စ် (Nicolaus Copernicus) ရဲ့ နက္ခတ္တဆိုင်ရာအမြင်ဖြစ်တယ်။ ကိုပါးနီးကပ်စ်ရဲ့နက္ခတ္တဆိုင်ရာ အမြင်မတိုင်မီက...လူတွေနေထိုင်တဲ့ ဒီကမ္ဘာကြီးဟာ စကြဝဠာရဲ့ အလယ်ဗဟိုမှာ တည်ရှိတယ်လို့ ယူဆခဲ့ကြတယ်။ နေ, လ, နက္ခတ်တာရာတွေဟာ ဒီကမ္ဘာကြီးကို တလှတပ ဝန်းရံ လှည့်ပတ်နေရအောင် တန်ခိုးရှင် ဘုရားသခင်က ဖန်ဆင်းပေးထားတာ ဖြစ်ကယ်လို့လည်း ယူဆခဲ့ကြတယ်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းပေးထားတဲ့အတွက် ဒီကမ္ဘာကြီးဟာ ဂုဏ်ယူစရာကမ္ဘာကြီး ဖြစ်တယ်လို့လည်း ယူဆခဲ့ကြတယ်။

ဒါပေမယ့်...ကိုပါးနီးကပ်စ်က "ကမ္ဘာဟာ ဗဟိုမဟုတ်ဘူး နေသည်သာ ဗဟိုဖြစ်တယ်။ လူတွေရပ်တည်နေထိုင်နေတဲ့ ကမ္ဘာဟာ တခြားဂြိုဟ်တွေလိုပဲ နေကိုလှည့်ပတ်နေရတဲ့ ဂြိုဟ်ငယ်တစ်ခုသာဖြစ်တယ်"လို့ ဖော်ပြလိုက်တယ်။ ဒီလိုဖော်ပြလိုက်တဲ့ ကိုပါးနီးကပ်စ်ရဲ့ နက္ခတ္တဆိုင်ရာအမြင်ကြောင့် လူတွေနေထိုင်ရာ ကမ္ဘာရဲ့ ဂုဏ်သိက္ခာဟာ ကျဆင်းသွားရတော့တယ်။ အလယ်ခေတ်တစ်လျှောက် ခံညားယည်ဝါပြီး ဂုဏ်သိက္ခာမြင့်မားခဲ့တဲ့ကမ္ဘာဟာ. .အချက်အချာဗဟိုအဖြစ်ကနေ လျှောကျသွားတယ်။ နေကိုခညောင်းနေရတဲ့ သိမ်သိမ်ငယ်ငယ် ဂြိုဟ်ကလေးတစ်ခုဘဝကို ရောက်သွားရတယ်။

**ဒုတိယအမြင်** ကတော့ ၁၉ ရာစုက ချားလ်စ်ဒါဝင် (Charles Darwin)ရဲ့ သတ္တဝါတွေရဲ့ ဆင့်ကဲဖြစ်စဉ်နဲ့ ပတ်သက်တဲ့ အမြင်ဖြစ်တယ်။ ဒါဝင်မတိုင်ခင်က... 'ထာဝရဘုရားဟာ မိမိရဲ့အသွင်သဏ္ဍာန်အတိုင်း လူကိုဖန်ဆင်းတော်မူတယ်'ဆိုတဲ့ အယူအဆကြောင့် လူဟာ 'လူ'ကို လောကအလယ်မှာ ဂုဏ်သိက္ခာအမြင့်ဆုံးသူဖြစ်တယ်လို့ မြင်လာခဲ့ကြတယ်။ အလယ်ခေတ်က 'လူ့သဏ္ဍာန်'၊ 'လူ့ရုပ်ပုံလွှာ'ဟာ ခံညားခဲ့တယ်၊ ထည်ဝါခဲ့တယ်။ ဒါပေမယ့်...ဒါဝင်ရဲ့အမြင်ကြောင့် လူ့ဂုဏ်သိက္ခာနဲ့ ထည်ဝါ ခံညားမှုဟာ ကမ္ဘာရဲ့ဂုဏ်သိက္ခာကျခြင်းနဲ့အတူ ဆုံးပါးသွားတယ်။





ဘာကြောင့်လဲဆိုတော့ ဒါဝင်ရဲ့အလိုအရ...လူဟာ ထာဝရဘုရားရဲ့ ဖန်ဆင်းမှုကြောင့် ဖြစ်လာတာမဟုတ်ဘဲ အဆင့်နိမ့်တဲ့ သတ္တဝါအဖြစ်မှ တဖြည်းဖြည်း ဆင့်ကဲတိုးတက်မှုအရ (အီဗော်လျူးရှင်းသဘောအရ) ဖြစ်ပေါ်လာတာလို့ ဖော်ပြလိုက်တယ်။

တစ်ချိန်တုန်းက လူဟာ ဖန်ဆင်းခံအရာတွေအနက်မှာ အမြင့်မြတ်ဆုံး၊ ဂုဏ်သိက္ခာအရှိဆုံးဖြစ်ခဲ့တယ်။ ဒါပေမယ့်... ဒါဝင်ရဲ့ အီဗော်လျူးရှင်းအမြင်အရ လူဟာ ထည်ထည်ဝါဝါ ဖန်ဆင်းခံပုဂ္ဂိုလ်မဟုတ်နိုင်တော့ဘဲ တခြားသတ္တဝါတွေလို နိမ့်ကျတဲ့အဖြစ်ကနေပြီး တဖြည်းဖြည်း၊ တရွေ့ရွေ့ပြောင်းလဲရင်း လူဖြစ်လာရသူသာဖြစ်တယ်။ ဒါကြောင့် တချို့က 'ကိုပါးနီးကပ်စ်'ကြောင့် ကမ္ဘာရဲ့ ဂုဏ်သိက္ခာကျခဲ့ရရာမှ 'ဒါဝင်'ကြောင့် လူ့ရဲ့ ထည်ဝါ ခံညားခြင်းဟာလည်း ပျောက်ကွယ်သွားပြန်တယ်လို့ ပြောကြတယ်။

**တတိယအမြင်** ကတော့ နှစ်ဆယ်ရာစုအစပိုင်းလောက်က ပေါ်ခဲ့တဲ့ ဆစ်ဂမန်းဖရွိုက် (Sigmund Freud) ရဲ့ အမြင်ပဲဖြစ်တယ်တဲ့။

ဖရွိုက်မတိုင်မီက တွေးခေါ်ပညာရှင်တွေဟာ ဆင်ခြင်ခြင်းတရား (Reason) ကို သိပ်တန်ဖိုးထားအထင်ကြီးခဲ့ကြတယ်။ လူဆိုသည်မှာ ဆင်ခြင်ဉာဏ်ရှိသော သတ္တဝါဖြစ်သည်ဆိုတဲ့ ဖွင့်ဆိုချက်နဲ့ လူ့ရဲ့ဂုဏ်သိက္ခာကို မြင့်ခဲ့ကြတယ်။ ဒဿနပညာရှင်တွေဟာ ဆင်ခြင်ခြင်းတရားနဲ့ အံ့ဖွယ်ကောင်းလောက်အောင်တွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားကြီးကျယ်တဲ့ အတွေးအခေါ် အယူအဆတွေ၊ အတွေးအခေါ် စနစ်တွေကို တည်ဆောက်ခဲ့ကြတယ်။

သာမန်အားဖြင့်ကြည့်ရင် လူတွေဟာ အသိဉာဏ် ဆင်ခြင်ဉာဏ်ရှိကြတယ်။ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်က လူတွေကို ဦးဆောင်နေတယ်လို့ ထင်ရတယ်။ ဒါပေမယ့် လူ့သမိုင်း လူ့ဖြစ်စဉ်ကိုကြည့်ရင် ပို၍ပို၍ မိုက်မဲမှုတွေကို ပြုခဲ့ကြတာတွေကို တွေ့နိုင်တယ်။ ပို၍ပို၍ စိတ်မငြိမ်းချမ်းဖွယ်ရာတွေကိုပဲ လူတွေကြုံတွေ့ရတာကိုလည်း တွေ့နိုင်တယ်။ တကယ်တော့ လူကိုဦးဆောင်နေတာဟာ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်မဟုတ်ဘူး။ လူကိုတကယ်ဦးဆောင်နေတာ၊ စိုးမိုးနေတာ၊ ပြဋ္ဌာန်းနေတာဟာ မသိစိတ်၊ ဒါမှမဟုတ် လူ့စိတ်ရဲ့အောက်ခြေ အနက်အရှိုင်းမှာရှိနေတဲ့ အစွဲတဏှာ အစရှိတဲ့ စွမ်းအားတွေဖြစ်တယ်လို့ ဖရွိုက်ကဖော်ပြခဲ့တယ်။ **တကယ်ကတော့ လူရဲ့ဆင်ခြင်ဉာဏ်၊ အသိဉာဏ်ဆိုတာဟာ အဲဒီစိတ်စွမ်းအားတွေလို့ခေါ်ရတဲ့ အလိုလောဘ အစွဲတဏှာတွေ၊ ဒေါသမာနတွေ...ဒါတွေရဲ့ နောက်လိုက်ဖြစ်နေတယ်။ အစေအပါးဖြစ်နေတယ်။ ဆင်ခြင်ခြင်း တရားဟာ အစွဲတဏှာအစရှိတဲ့ မသိစိတ်ရဲ့ စွမ်းအားတွေနိုင်းသမျှ ပြုရတဲ့ ကျေးကျွန်ဘဝကို ရောက်သွားတယ်။**

ဖရွိုက်ရဲ့အမြင်ကြောင့် ဆင်ခြင်ဉာဏ်၊ အသိဉာဏ်နဲ့ 'တင်' လိုက်တဲ့ လူ့ဂုဏ်သိက္ခာဟာလည်း လျှော့ကျသွားပြန်တာပဲ။ ဆင်ခြင်ခြင်းတရားဟာ မိုက်မဲစွာပြုမူခြင်းကို သတ္တိရှိခြင်းဖြစ်တယ်





လို့ လိမ်ပေးပြီး အမှန်တရားကို စောဒကတက်တဲ့အလုပ်ကို လုပ်တတ်တဲ့အဖြစ်သို့လည်း ရောက်ခဲ့ရတယ်။


ဒါပေမယ့် လူ့ယဉ်ကျေးမှုမြင့်မားဖို့ကတော့ ကျသွားတဲ့ ဂုဏ်သိက္ခာအတွက် အားငယ်စိတ်ပျက်စွာနဲ့ ငေးမောကြည့်မနေဘဲ အကျင့်စရဏနဲ့ ပြန်ပြီး မြှင့်တင်ဖို့ လိုမယ်...လို့ထင်ပါတယ်။

အမှတ် ၁၀၀၊ အင်တာဗျူးဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



▲

'သတိမလွှတ်နဲ့'လို့ သတိပေးနေတဲ့ကြားက လွှတ်...လွှတ်နေတဲ့ သတိအကြောင်းတွေးမိရာက 'မထွက်နဲ့'လို့ တားဆီးနေတဲ့အထဲက ထွက်...ထွက်လာတဲ့ ဒေါသအကြောင်းကိုလည်း တွေးမိပါတယ်။

▲▲

လူတစ်ဦးမှာ ဒေါသစိတ်တွေ ပြင်းပြင်းထန်ထန် ဖြစ်နေကြပြီဆိုရင်... ပင်ကိုက ရုပ်ရည်လှပသူဖြစ်ပေမယ့် ဒေါသကြောင့်သူ့ရဲ့ ရုပ်ရည်အဆင်းဟာ ပျက်ယွင်းသွားတယ်တဲ့၊ ဟုတ်ပါတယ်။ ဒေါသတွေ ခြောင်းခြောင်းထွက်နေတဲ့သူရဲ့ မျက်နှာအမူအရာဟာလည်း အရုပ်ဆိုးတယ်၊ နှစ်လိုဖွယ်မရှိဘူး။ ကိုယ်အမူအရာဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရူးသွပ်နေသူလို ရပ်တည်ရာမရဖြစ်နေတော့ အင်မတန် အမြင်ရဆိုးတယ်၊ ထွက်ပေါ်လာတဲ့သူ့ရဲ့ ယုတ်ယုတ်မာမာအသံတွေဟာလည်း အင်မတန် အကြားရဆိုးတယ်။

ကိုယ့်ကို မုန်းတီးကြတဲ့သူတွေ၊ ကိုယ့်ကို မလိုလားသူတွေ၊ ကိုယ်ရဲ့ပြိုင်ဘက်၊ ကိုယ်ရဲ့ရန်ဘက်တွေရှိတယ်ဆိုရင်...အဲဒီလူတွေဟာ ဒေါသတွေနဲ့ အရုပ်ဆိုးအကျည်းတန်ကြီး ဖြစ်နေတဲ့ မိမိကို မြင်တွေ့ရရင် သိပ်ဝမ်းသာတယ်တဲ့။ ကိုယ့်ကိုမုန်းတဲ့သူ၊ ကိုယ့်ရဲ့ ရန်ဘက်ဟာ ကိုယ့်မှာမကောင်းတာတွေ၊ အရုပ်ဆိုးနေတာကြီးတွေကို တွေ့မြင်ရရင် ဝမ်းသာတာပဲပေါ့။

ပြီးတော့...ဒေါသထွက်နေသူဟာ အိပ်လို့ မပျော်နိုင်ဘူးတဲ့။ မခံချင်စိတ်တွေ၊ မကျေနပ်နိုင်တာတွေ၊ အခဲမကျေတာတွေ၊ ဖြေလို့ ဆည်လို့ မရနိုင်တာတွေနဲ့ဆိုတော့...ဘယ်လိုလုပ် အိပ်လို့ ရမှာလဲ။ ဘယ်လောက်ညက်ညက်ညောညော ကောင်းမွန်တဲ့ အိပ်ရာပေါ်မှာပဲအိပ်အိပ်၊ ဒေါသတွေစိတ်ထဲမှာ စူးဝင်နေပြီဆိုရင်တော့ ဘယ်လိုမှ အိပ်မပျော်နိုင်ဘူး။ အိပ်မပျော်နိုင်တော့ စိတ်မချမ်းသာဘူး၊ စိတ်တွေ ဆင်းရဲတယ်၊ ပူလောင်တယ်။ ဒီလို ကိုယ့်မှာ မအိပ်နိုင်၊ မစားနိုင်နဲ့ စိတ်သောကတွေရောက်နေတာကို ကိုယ့်ရဲ့ရန်ဘက်၊ ကိုယ့်ကို မုန်းတဲ့သူတွေမြင်ရရင် အင်မတန်ဝမ်းသာတယ်၊ ကျေနပ်တယ်။

ဒေါသတွေထွက်နေပြီ...ဒေါသတွေ ကိုယ့်ကိုလွှမ်းမိုးနေပြီဆိုရင် အလုပ်ကိစ္စတွေမှာ အကောင်းအဆိုး၊ အကျိုးရှိ အကျိုးမဲ့





မခွဲခြားနိုင်တော့ဘူး။ အဆိုးကို အကောင်းထင်လိုထင်၊ အကောင်းကို အဆိုး မြင်လိုမြင်နဲ့ အကျိုးမဲ့တွေကို လျှောက်လုပ်ပစ်တယ်။

ဆုံးဖြတ်ချက်တွေမှား၊ အပြုအမူနဲ့ လုပ်ဆောင်ချက်တွေက မှားတဲ့အခါမှာ ကိုယ့်ရဲ့ ဓနဥစ္စာတွေပါ ထိပါးပျက်စီးကုန်နိုင်တယ်။ ဒီလိုမိမိပျက်စီးတာတွေကို မြင်ရရင်လည်း ကိုယ့်ကိုမုန်းတဲ့သူတွေ၊ ကိုယ့်ရဲ့ရန်သူတွေ၊ ကိုယ့်ရဲ့ပြိုင်ဘက်တွေဟာ ဝမ်းသာကြတယ်တဲ့။ ကိုယ့်ရန်သူ၊ ကိုယ့်ကိုမုန်းတဲ့သူတွေဟာ ကိုယ့်ဘဝပျက်စီးနေတာတွေကို မြင်ရလေ ဝမ်းသာလေပဲပေါ့။

ပြီးတော့...ဒေါသတွေ ထွက်နေသူ...ဒေါသတွေ လွှမ်းမိုးနေသူဟာ မဟုတ်မတရားတွေ လုပ်မိများတတ်တော့ ရှိခဲ့တဲ့ ဂုဏ်သိက္ခာဟူသမျှ လျှော့ကျသွားတတ်တယ်။ လူအများဝိုင်းပြီး ကဲ့ရဲ့ ရှုတ်ချနိုင်တယ်။ ကိုယ့်ကိုမုန်းသူတွေ... ကိုယ့်ရန်သူတွေကတော့ မပြော မနေနဲ့၊ ဝမ်းသာလိုက်မည့်ဖြစ်ခြင်း...၊ ကိုယ့်ဂုဏ်သိက္ခာကျလေ ...သူတို့က ဝမ်းသာလေ...။

ဒေါသကြီးတဲ့သူ...ဒေါသထွက်နေတဲ့သူ...ဒေါသလွှမ်းနေတဲ့သူကို ဘယ်သူမှ ချစ်ခင်မြတ်နိုးမှုရှိမှာမဟုတ်ပါဘူး။ ဒေါသကြီးသူကို အများတကာက မပေါင်းသင်းလိုကြဘူး။ ဒီအထဲ...ကိုယ်က ဒေါသတွေထွက်ပြနေရင်တော့ ရှိပြီးမိတ်ဆွေတွေဟာလည်း ကိုယ့်ကို ရှောင်ခွဲသွားကြမှာပဲ။ မိတ်တွေ ဆွေတွေ ရှောင်ခွာသွားလို့ အပစ် ပယ်ခံ၊ အထီးကျန်ဖြစ်နေတာကို မြင်ရရင်လည်း ကိုယ့်ကိုမုန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com




သူ… ကိုယ့်ရဲ့ရန်ဘက်တွေဟာ သိပ်ကိုဝမ်းသာကြတယ်။ သိပ်ကို ကျေနပ်ကြတယ်။ ကျိတ်ပြီး ပြုံးချင် ပြုံးနေကြမှာပဲ။ ဒဿနဆရာကြီး ဆော့ခရတ္တိပြောတာကို အမှတ်ရပါတယ်။ ဆော့ခရတ္တိက… ‘လောကမှာ အရသာအရှိဆုံးအပြုံးဆိုတာ ကိုယ်မုန်းတီးတဲ့သူ ဒုက္ခရောက်သွားတဲ့အခါ ပြုံးလိုက်ရတဲ့ အပြုံးပါပဲ’ တဲ့။

▲ ▲ ▲

‘မထွက်နဲ့…’လို့ ပြောဆို ဆုံးမနေမှုတွေကြားကပဲ ထွက်ထွက်လာတတ်တဲ့ ဒေါသအကြောင်းကို ပြန်တွေးရင်း တိုးတက်လှပါတယ်ဆိုတဲ့ ပညာခေတ်ကြီးထဲမှာ မိုက်မဲခြင်းဒေါသဆိုတဲ့ မှောင်ရိပ်ကြီးတွေ ရှိမြဲရှိနေတာကို လှမ်းမျှော်ကြည့်နေမိပါတယ်။

အမှတ် ၉၈ အင်တာဗျူးဂျာနယ်





www.burmeseclassic.com

www.burmeseclassic.com

## ဆင်ခြေမဲ့လမ်း

လူမှာ ဒေါသဖြစ်လာတာကို ရတ်ချည်းလန့်ပြီးပြေးထွက်တဲ့ မြင်းရထားနဲ့နှိုင်းပြီးပြတာ… ဗုဒ္ဓစာပေတွေမှာရှိတယ်။ သူ့ခေတ်သူ့အခါနဲ့ကတော့ မြင်းတပ်ယာဉ်ရထားဟာ အမြန်ဆုံးရွေ့လျားတဲ့ယာဉ်အမျိုးအစားထဲမှာ ပါ,ပါလိမ့်မယ်။

အင်မတန် ခွန်အားကောင်းတဲ့ ဘက်ညီတဲ့ မြင်းနှစ်ကောင်၊ ဒါမှမဟုတ် မြင်းလေးကောင်တပ်ထားတဲ့ ယာဉ်ရထားဟာ ရတ်ချည်းပြေးထွက်သွားတယ်…။ အဲဒီလိုပြေးထွက်သွားတဲ့ရထားကို ကြိုးကိုင်ဘတ်ဖို့ လိုတယ်တဲ့။

ကြိုးမကိုင်တတ်ဘူးဆိုရင်… ဒီလောက် လျှင်လျှင်မြန်မြန်ပြေးထွက်နေတဲ့ရထားဟာ နံရံနဲ့သော် လည်းကောင်း၊ ကျောက်တုံးတွေ၊ သစ်တုံးတွေနဲ့သော် လည်းကောင်း တိုက်မိပြီး ပျက်စီးမယ်။

EIGHT DRAGONS BOOKS



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ချိုင့်ထဲသော်လည်းကောင်း ကျပြီး တိမ်းမှောက်နိုင်တယ်။ ကြိုးမကိုင်တတ်ရင်...အသူရာနက်တဲ့ ချောက်ကြီးထဲကိုသော် လည်းကောင်း မြင်းလှည်းထိုးကျပြီး အသက်တွေ အများကြီးလည်း ဆုံးရှုံးနိုင်တယ်။

ဒီလို ဆုံးရှုံးပျက်စီးတာမျိုးတွေ မဖြစ်အောင်၊ လမ်းပေါ်ပြေးလွှားသွားအောင်၊ ရောက်သင့်တဲ့နေရာရောက်သွားအောင် ကြိုးကိုင်တတ်ဖို့ လိုတယ်... တဲ့။

ရထားလိုပဲ၊ လူ့ရဲ့ဒေါသဟာလည်း ထွက်ပေါ်လာတတ်တယ်။ အဲဒီလိုထွက်ပေါ်လာတဲ့ ဒေါသကို ထိန်းချုပ်ကြိုးကိုင်တတ်ရမယ်လို့ ဆိုလိုတာဖြစ်ပါလိမ့်မယ်။ လူတွေဆိုတော့ ပုထုဇဉ်တွေဆိုတော့ ဒေါသထွက်စရာရှိရင် ထွက်မှာပဲ။ ဒီလိုထွက်လာတဲ့ဒေါသကို ကြိုးမကိုင်တတ်ရင် မှောက်မှောက်မှားမှားတွေဖြစ်တယ်။ အများသူငါကိုလည်း အကျိုးမဲ့တွေ၊ ထိခိုက်နစ်နာမှုတွေ ဖြစ်စေမှာပဲ။

လူကို Man is a rational animal 'စဉ်းစားဆင်ခြင်တတ်တဲ့ သတ္တဝါ' လို့ သတ်မှတ်ကြတယ်။ ဆင်ခြင်ခြင်းတရားကို တန်ဖိုးထားကြတယ်။ ရှေ့တန်းတင်ကြတယ်။ ဒါပေမယ့် လက်တွေ့မှာ... ဆင်ခြင်ခြင်းတရားက လူကို ဦးဆောင်နေတာ မဟုတ်ဘဲ လူရဲ့အစွဲတဏှာတွေ၊ ဒေါသမာန၊ အာဃာတတွေ... ဒါတွေကသာ လူကို ဦးဆောင်စေစားနေတာ တွေ့နိုင်မယ်။ တကယ်တော့





လူတွေတန်ဖိုးထားတဲ့ ဆင်ခြင်ဉာဏ်ဟာ လောဘ, ဒေါသအစရှိတဲ့ လူရဲ့အစွဲတဏှာရဲ့ အစေအပါး၊ အခိုင်းအစေလိုဖြစ်နေတယ်။ ဒဿနဆရာကြီး ရှုပင်ဟောင်ဝါက ပြောဖူးတယ်။ သာမန်အားဖြင့် လူတွေဟာ အသိဉာဏ်ဆင်ခြင်ဉာဏ်တွေနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတယ်လို့ ထင်တတ်ကြတယ်။ တကယ်က... အစွဲတဏှာတွေ၊ အလိုဆန္ဒတွေရဲ့ စေခိုင်းချက်ကြောင့် လုပ်ဆောင်နေကြတာ... တဲ့။ အဲဒီ အစွဲတဏှာတွေ၊ လိုလားချက်တွေကို အဓိပ္ပာယ်ရှိလာအောင်၊ မှန်ကန်တဲ့ လိုလားချက်၊ လုပ်ဆောင်ချက်ဖြစ်လာအောင် ဆင်ခြင်ခြင်းတရားက အကြောင်းယုတ္တိ ရှာပေးနေရတာ...။

လူတွေဟာ တကယ်တော့... အကြောင်းရှိလို့ တစ်စုံတစ်ရာကို လိုချင်တာမဟုတ်ဘူး၊ လိုချင်လို့သာ အကြောင်းရှိအောင် လုပ်တာ၊ အကြောင်းရှိလာအောင် ရှာယူတာတဲ့။ ယုတ္တိဗေဒဆိုတာ တခြားမဟုတ်ဘူး၊ လူရဲ့လိုချင်မှုကို မှန်ကန်တဲ့လိုချင်မှုဖြစ်တယ်လို့ ခိုင်လုံသွားအောင် သက်သေပြပေးရတဲ့ပညာကိုခေါ်တာတဲ့။ ဟုတ်တယ်... အာဃာတတရားတွေ၊ ဒေါသတွေနဲ့ လုပ်လိုက်တဲ့လုပ်ရပ်ကိုလည်း လူ့ဆင်ခြင်ဉာဏ်က တရားကြောင်း၊ ကောင်းမြတ်ကြောင်း ခိုင်လုံတဲ့ ဆင်ခြေ ဆင်လက် ရှာပေးတတ်သေးတယ်။

ဒီအခါမှာ... လူရဲ့ ဆင်ခြင်ဉာဏ်ဟာ ထွက်လာတဲ့ဒေါသကို ကြိုးကိုင်နိုင်ခြင်းမရှိဘဲ ဒေါသပြေးရာကို လိုက်ပါနေရတဲ့အဖြစ်ကို ရောက်တယ်။ ဆင်ခြင်ဉာဏ်က အလိုလောဘနဲ့ ဒေါသအာဃာတ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြိုးကိုင်တဲ့နေရာရောက်အောင် ကြိုးစားမှ မိမိရောအများ ပါ သေားရန်ကင်းတဲ့ ကမ်းပေါ်ရောက်လိမ့်မယ်လို့ ထင်ပါတယ်။


လိမ္မာသောရထားထိန်းသည် လျှင်မြန်စွာပြေးသွားသော ရထားကို လမ်းမလွဲအောင် စောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသော အမျက် 'ဒေါသ'ကို တားမြစ်နိုင်သူကို လိမ္မာသောရထားထိန်း ဟူ၍ ငါ ဆို၏။ ဤမှတစ်ပါး ပြကတေ့ရထားထိန်းသည် ရထားကြိုးကိုင်သာမည်၏။

ဓမ္မပဒ-၂၂၂

<u>အမှတ် ၉၆၊ အင်တာဗျူးကျာနယ်</u>

EIGHT DRAGONS BOOKS





www.burmeseclassic.com

www.burmeseclassic.com

## ကောင်းတယ်လို့ပဲထင်

ပုဂံသုတေသနပြတိုက်တွင် လှည့်လည်ကြည့်ရှုရင်းမှ ရှေးဟောင်းကျောက်စာတွေထားရာသို့ ရောက်သွားသည်။

ကျောက်စာကျွမ်းကျင်သူဟု ယူဆရသူတစ်ဦးက ကျောက်စာကူးယူပုံကို လူငယ်များအား ပြသလျက်ရှိသည်။ သူ့ကိုကြည့်ရင်း ဗြာဟ္မီအက္ခရာများ၊ အသောကကျောက်ဆောင်စာ၊ ကျောက်တိုင်စာများကို မြင်ယောင်ကြည့်သည်။ ထိုမှ ကျောက်တိုင်တစ်ခုရှိ အသောကမင်းကြီး၏ အဆိုအမိန့်ကို အမှတ်ရလာသည်။ အဆိုအမိန့်မှာ အောက်ပါကဲ့သို့ဖြစ်ပါသည်။

> "ဤမည်သောကောင်းမှုကို ငါပြုခဲ့ပြီဟု မိမိ၏ကောင်းမှုကိုသာလျှင် လူသည် မြင်တတ်၏။ ဤမည်သောမကောင်းမှုကို ငါပြုမိ၏။ ဤသို့ပြုမိခြင်းသည် ငါ၏အပြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တကားဟု မိမိ၏ မကောင်းမှုကို မမြင်တတ်။ ဤသို့
ဆင်ခြင်ရှုမြင်ရန်ကား ခဲယဉ်းလှချေ၏ *"

ဟုတ်နိုင်ပါသည်။ ဟုတ်ကိုဟုတ်ပါသည်။ လူဆိုသည်မှာ မိမိလုပ်တာကိုတော့ ကောင်းတယ်ဟုထင်သည်။ ကိုယ်လုပ်တာကို မကောင်းဘူးဟု မမြင်သူသည် ကိုယ့်အပြစ်ကို မမြင်သောသူပင်ဖြစ်သည်။

မိတ္တဗလင္ဂိကာစာအုပ်** How To Win Friends And Influence People ကိုရေးသူ ဒေးကာနေဂျီ Dale Carnegie သည် အထက်ပါ အသောကမင်းတရားကြီး၏ အဆိုအမိန့်ကို သူ့စာအုပ်၌ ကိုးကားခဲ့လေသည်လား၊ မကိုးကားခဲ့ဘူးလားဆိုသည်ကိုတော့ မမှတ်မိ။

How To Win Friends And Influence People စာအုပ်ကို ရစဉ့်ကာလက စာအုပ်မျက်နှာဖုံးတွင် ဤစာအုပ်ကို ခြောက်သန်းကျော် ရောင်းပြီးပြီဟု ဖော်ပြထားသည်ကို အမှတ်ရနေသည်။ ရောင်းရပေမှာပေါ့၊ လူတွေကြိုက်နှစ်သက်သည့်အကြောင်း

* ကယာန်မေဝ ဒေခတိ။ ဣဒံမေ။
ကယာနေကဋ္ဌေတိ။ နောမိနပါပံ ဒေခတိ။
ဣဒံမေပါပေကဋ္ဌေတိ ဣဒံဝါအာသိနဝေ။

** How To Win Friends And Influence People စာအုပ်ကို လူပေါ်လွှော်လုပ်နည်း၊ မိတ္တဗလင္ဂိကာ စသည့်အမည်များဖြင့် ထုတ်ဝေခဲ့ဖူးသည်ဟု သိရသည်။





အရာတွေကို သူက ရေးတတ်ပေတာကိုး။ ဒေးကာနေဂျီက သူ့စာအုပ်ကို စိတ်လှုပ်ရှားဖွယ်ရာ လူဆိုးဖမ်းပွဲနှင့် စဖွင့်ထားသည်ကိုလည်း အမှတ်ရသည်။

မကြုံစဖူးသော လူဆိုးဖမ်းပွဲကို နယူးယောက်မြို့သူမြို့သားတွေ မြင်တွေ့နေရသည်။ တစ်ရာငါးဆယ်မျှလောက်ရှိသော ရဲအဖွဲ့ဝင်နှင့် စုံထောက်များသည် ရက်သတ္တပတ်ပေါင်းများစွာ ရှာဖွေခဲ့သော နယူးယောက်မြို့ လူဆိုးစာရင်းတွင် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး၊ အရက်စက်ဆုံး လူသတ်သမား ကရိုလီ (Crowley) ကို ကိုက်ခန်းတစ်ခုအတွင်း၌ ပိတ်မိထားသည်။ ရဲအဖွဲ့ဝင်အချို့သည် လူဆိုးရှိရာအခန်း၏ အမိုးကိုရိုက်ချိုးဖောက်ခွဲ၍ အခန်းတွင်းသို့ မျက်ရည်ယိုဗုံးပစ်သွင်းသည်။ နီးစပ်ရာတိုက်ခန်းများတွင် အသင့်နေရာယူထားကြသော ကျန်ရဲအဖွဲ့ဝင်တို့က စက်သေနတ်များဖြင့် လှမ်း၍ပစ်ခတ်ကြသည်။ တစ်နာရီကျော်မျှ စက်သေနတ်သံများ၊ ပစ္စတိုသေနတ်သံများက ရပ်ကွက်ကြီးတစ်ခုလုံး ပွဲတင်ထပ်နေသည်။ အခန်းတွင်းမှနေ၍ ကရိုလီကလည်း ရဲများကို ခုခံပစ်ခတ်လျက်ရှိသည်။ ဤသို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေသည် ကို နယူးယောက်မြို့သား တစ်သောင်းလောက်က စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်နေကြသည်။

ကရိုလီရှိရာအခန်းတွင်းသို့ ရဲများက အဆက်မပြတ်ပစ်ခတ်နေစဉ် ကရိုလီက 'သက်ဆိုင်ရာသို့' ဟု လိပ်မူတပ်၍ စာတစ်စောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ရေးသည်။ သူရေးနေသော စာရွက်ပေါ်သို့ သူ့ခန္ဓာကိုယ်တွင် ထိမှန်ထားသော ဒဏ်ရာတို့မှ သွေးတွေစီးကျနေသည်။ လူဆိုးကြီး ဖြစ်ပေမယ့် သူ့စာက ကဗျာဆန်၍ နူးနယ်လှသည်။ သူရေးပုံက 'ကျွန်ုပ်၏ အကျီအောက်၌ နူးနယ်နေသော နှလုံးသားရှိပါသည်။ ကျွန်ုပ်၏နှလုံးသားသည် ကြင်နာတတ်သော နှလုံးသား...၊ ဘယ်သူ့ကိုမှ ဘေးအန္တရာယ်မပြုသော နှလုံးသားဖြစ်ပါသည်'ဟူ၏။

သူ၏နှလုံးသားသည် ဘယ်သူ့ကိုမှ ဘေးအန္တရာယ်မပြုသော နှလုံးသားဖြစ်ပါသည်ဟုဆိုသော ကရိုလီသည် ဤအဖြစ်အပျက် မဖြစ်ပျက်ခင်စောစောက ကားလိုင်စင်ပြရန် တောင်းလာသူ ရဲအရာရှိကို စကားတစ်ခွန်းမှပြန်မပြောဘဲ သေနတ်ကိုဆွဲထုတ်ကာ ထိုအရာရှိ၏ ခန္ဓာကိုယ်ထဲသို့ ကျည်ကုန်ပစ်သွင်းလိုက်သည်။ ဤမျှဖြင့် မကျေနပ်သေး။ ကရိုလီက ကားထဲမှခုန်ထွက်လာပြီးနောက် လဲကျကာ အသက်ငင်လျက်ရှိသည့် ရဲအရာရှိ၏ခါးမှ သေနတ်ကိုဆွဲထုတ်၍ အရာရှိ၏ ခန္ဓာကိုယ်ထဲသို့ ကျည်တစ်တောင့်ထပ်၍ ပစ်ထည့်လိုက်သေးသည်။ သူ့ကိုလာရှုပ်သောကြောင့် ပစ်သတ်လိုက်ရသည်ဟု ကရိုလီက ဆင်ခြေပေးလိမ့်မည်လား၊ ကျည်တစ်တောင့် နောက်ထပ် ပစ်သွင်းလိုက်ရခြင်းကတော့ ဝေဒနာခံစားနေရသည်ကို မကြည့်ရက်၍ မြန်မြန်သေအောင် ပစ်ရခြင်းဖြစ်ပါသည်ဟု ဆင်ခြေပေးလိမ့်မည်လား မပြောတတ်။

ဖမ်းမိပြီးနောက် ကရိုလီကို သေဒဏ်ချလိုက်သည်။ ဆင်းဆင်း





ထောင်ရှိ ရာဇဝတ်ကောင်များကို လျှပ်စစ်ထိုင်ခုံ၌ တင်၍ သေဒဏ်ပေးရာ နေရာသို့ရောက်လာသောအခါ ကရိုလီက 'လူတွေကို သတ်သောကြောင့် ဤသို့ သေဒဏ်ခံရခြင်းဖြစ်ပါသည်'ဟု မပြော၊ နည်းနည်းမှဝန်မခံ။ ကရိုလီက 'ဤအပြစ်ဒဏ်ကိုရခြင်းသည် မိမိကိုယ်မိမိ ကာကွယ်သောကြောင့် ရခြင်းဖြစ်ပါသည်'ဟုသာ ဆိုသည်။

ဤနေရာ၌ ပြောချင်သည်မှာ လူဆိုးကြီး ကရိုလီသည် သူ့ကိုယ်သူ နည်းနည်းမှ အပြစ်မတင်ဟူသော အချက်ပင်ဖြစ်ပါသည်ဟု ဒေးကာနေဂျီ သတိပေးတာကိုကြားယောင်ပါသည်။ လူဆိုးကြီးကိုယ်တိုင်ကပင် သူ့ကိုယ်သူ အပြစ်မပြောပါက သာမန်လူတွေအဖို့ မိမိတို့ကိုယ် မိမိအပြစ်ပြောဖို့၊ အပြစ်တင်ဖို့ဝေးစွ၊ ဝေးလေစွ။ လူတွေဟာ ကိုယ်လုပ်တာတော့ ကိုယ့်ဟာကိုယ် ကောင်းတယ်လို့ပဲထင်သည်။ ကိုယ်လုပ်တာမကောင်းဘူးဟု ဘယ်တော့မှ ကိုယ့်ကိုယ်ကို အပြစ်မတင်၊ အပြစ်မမြင်။ အပြစ်မမြင်တော့ အပြစ်တင်လာတာ၊ အပြစ်ပြောလာတာကို နည်းနည်းမှ မကြိုက်။ အပြစ်တင်လိုဟန် အမူအရာမျိုးပြခြင်းကိုလည်း ကြိုက်လိမ့်မည်မဟုတ်၊ ဒါဖြင့် လူတွေ ဘာကိုကြိုက်တာလဲ။

ဒေးကာနေဂျီ ငါးများထွက်သည့်အကြောင်းကို အမှတ်ရပြန်သည်။ သူကမိန်းပြည်နယ်ဘက်ထွက်၍ ငါးများလေ့ရှိသည်။ သူကိုယ်တိုင်ကတော့ ရေခဲမုန့်(အိုက်စ်ကရင်)နှင့် စတော်ဘယ်ရီကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သည်။ သို့ရာတွင် ငါးတွေကတော့ နံကောင်နှင့် တီကောင်ကိုပဲကြိုက်သည်။ သို့ဖြစ်၍ ငါးများရာ၌ ရေခဲမုန့်နှင့်မျှား၍မဖြစ်၊ စတော်ဘယ်ရီဖြင့်လည်း မျှား၍မဖြစ်၊ ငါးလိုချင်လျှင်တော့ ငါးတွေကြိုက်သည့် နံကောင် သို့မဟုတ် တီကောင်နှင့်မျှားရမည်။ ထို့အတူ လူတွေ ကိုယ့်ဘက်အောင်မြင်စွာနှင့် ပါလာလိုလျှင် လူတွေ ကြိုက်တတ်တာနှင့် မျှားယူရလိမ့်မည်ဟု ဒေးကာနေဂျီက ပြောလိုခြင်းဖြစ်သည်။

ဒါဆိုလျှင် လူတွေကြိုက်တတ်တာက ဘာတွေလဲ။ လူတွေကြိုက်တာက အပြစ်မပြောတာကိုကြိုက်သည်၊ အပြစ်မတင်တာကိုကြိုက်သည်။ အပြစ်တင်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော အကောင်းပြောခြင်းကို ကြိုက်သည်။ ချီးမွမ်းခြင်းကိုကြိုက်သည်၊ မနိမ့်မချ မထိမခိုက်ဘဲ ပြောဆိုခြင်းကို ကြိုက်သည်။ မိမိကိုခွင့်လွှတ်သည်းခံသည့် ဟန်ပန်မျိုးကိုမြင်ရလျှင်လည်း ကြိုက်မည်။ ဤအကြိုက်တွေကို ပေးလျှင် ကိုယ့်ဘက်ကို လူတွေပါလာတော့သည်။ ဒေးကာနေဂျီက မိမိနှင့်အခြားလူများစု၍ ရိုက်ထားသော ဓာတ်ပုံ Group Photo ကိုရလျှင် လူသည် မည်သူ့ပုံကို အလျင်အဦးရှာပြီး ကြည့်ပါသလဲတဲ့။ လူသည် သူများပုံတွေထက် မိမိပုံကိုသာလျှင် အလျင်အဦးရှာ၍ ကြည့်တတ်သည်။ နောက်ပေါ့မှ သူများတွေရဲ့ ပုံကိုကြည့်ချင်ကြည့်မည်။ လူသည် ကိုယ့်ကိုယ်ကို စိတ်အဝင်စားဆုံး၊ လူသည် ကိုယ့်ကိုယ်ကို အလေးထားဆုံး၊ လူသည် ကိုယ့်ကိုယ်ကို





အရေးအပါဆုံးဟုမြင်သည်။ အရေးအပါဆုံးဟုမြင်သောကြောင့် မိမိကို အလေးထားလာလျှင်ကြိုက်သည်။ လေးစားသမှုပြုလာခြင်းကို ကြိုက်သည်။ လူသည် မိမိကို အရေးပါခွင့်၊ တွင်ကျယ်ခွင့်ပြုလျှင် ကြိုက်သည်။ မိမိကိုနေရာပေးလျှင် ကြိုက်သည်။ အသိအမှတ်ပြုခြင်းကိုကြိုက်သည်။ တန်ဖိုးထားခြင်းကို ကြိုက်သည်။ ဤအကြိုက်တွေကို ကိုယ်ကပေးလျှင် အကြိုက်တွေ့သွားကြသောလူတွေ ကိုယ့်ဘက်ရောက်လာကြမည်။ လူတွေ ကိုယ့်ဘက်ရောက်လာခြင်းသည်ပင် လူတွေကိုအောင်နိုင်ခြင်းဖြစ်သည်။ လူတွေ ကိုယ့်ဘက်ရောက်လာမှတော့ ကိုယ်လိုလားတာတွေ ဖြစ်မြောက်အောင်မြင်မည်မှာ သေချာသည်။

ဤအကြောင်းတွေကို တွေးရင်းမှ ပုဂံဘုရင် နရသီဟပတေ့နှင့် ဝက်လက်ခိုးမသားအကြောင်းကိုလည်း သတိရလာပြန်သည်။ နရသီဟပတေ့တွင် ဥဇနာ၊ ကျော်စွာ၊ သီဟသူ အမည်များရသော သားသုံးပါးရှိသည်။ နရသီဟပတေ့က စားတော်အတွက် ပထမသားနှစ်ပါးကို ဝက်လက်ကိုပေးစေ၍ သားတော်အငယ် သီဟသူကိုတော့ ဝက်ပေါင်ကိုပေးစေသည်ဟုဆိုသည်။ ဤသို့ ခွဲခြားပေးခြင်းကို သီဟသူ၏မယ်တော် ရှင်မောက်က မကြိုက်၊ မကျေနပ်။ ဝက်ပေါင်ကိုသာရသောကြောင့် သူ့သားတော် ဂုဏ်ငယ်သည်ဟုထင်သည်။ ထို့ကြောင့် စားတော်သည်အကြီးကို တံစိုးလက်ဆောင်ပေးပြီး သီဟသူကို ဝက်လက်၊ ကျန်မင်းသား နှစ်ပါးကို ဝက်ပေါင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးစေသည်။ ဤသို့ပြုသည်ကို ဘုရင်ကြီး နရသီဟပတေ့က သိသွားသည်။ နရသီဟပတေ့က သားကင်သည့်အကြီးကို ပြစ်ဒဏ်ပေးသည်။ ဤအဖြစ်အပျက် ဖြစ်ပျက်ပြီးနောက်၌ ဘုရင်ကြီး နရသီဟပတေ့က ရှင်မောက်ကို ဂက်လက်ခိုးမဟူ၍လည်းကောင်း၊ သီဟသူကို ဝက်လက်ခိုးမသားဟူ၍လည်းကောင်း ကျီစယ်လိုသည့် သဘောနှင့် ခေါ်လေ့ရှိသည်။ ဤသို့ ခေါ်ဝေါ်ခြင်းကို သီဟသူက မကြိုက်၊ ချီးမွမ်းသည့်စကား၊ အလေးအမြတ်ထားသည့်စကား၊ ဂုဏ်ပြုသည့်စကားမဟုတ်တော့၊ ကိုယ့်ခမည်းတော်က ခေါ်ဝေါ်သည့်စကားကိုပင် သည်းမခံနိုင်။ သူ့ကိုနှိမ့်နယ်သည်၊ နှိမ်ချသည်၊ ဂုဏ်သိက္ခာကိုဖျက်သည်ဟုမြင်ကာ ဒေါသဖြစ်သည်၊ အာဃာတတွေ ထားသည်။

တာတာလူမျိုးတွေ ဝင်တိုက်သောအခါ နရသီဟပတေ့ အောက်မြန်မာပြည်သို့ ဆုတ်ပြေးရသည်။ တာတာတို့က ပြည်မြို့အောက် ဟရုတ်မော်အထိလိုက်သည်။ တာတာတို့ ပြန်ဆုတ်သွားသောအခါ နရသီဟပတေ့က ပုဂံသို့ပြန်တက်လာသည်။ ပြည်မြို့သို့ရောက်သည်။ ပြည်တွင်ပြည်စား သားတော် သီဟသူရှိသည်။ ဝက်လက်ခိုးမသားဟုအခေါ်ခံရ၍ အငြိုးအတေးထားခဲ့သော သီဟသူက သူ့ဖခမည်းတော် နရသီဟပတေ့ကို စားတော်တွင် အဆိပ်ခတ်၍ သတ်သည်ဟုဆိုသည်။ သူ တစ်ပါးမကြိုက်နိုင်တာကို ပြောမိ၍ အသက်ပါဆုံးရှုံးရသည့် နရသီဟပတေ့၏အဖြစ်...။ မိမိ၏





အရေးပါမှုကို ထိခိုက်စေသော စကားမျိုးပြောလာလျှင် နရသီဟပတေ့ ကိုယ်တိုင် နည်းနည်းမျှမကြိုက်၊ သူ၏ဂုဏ်သိက္ခာကိုထိခိုက်စေသော 'ပန်းပွတ်သည် သားမြေးတွေ ကောင်းစားနေသောကြောင့်' ဆိုသော အမတ်ကြီး ရာဇသင်္ကြန်၏စကားကို သူနည်းနည်းမျှမကြိုက်နိုင် ဖြစ်ခဲ့သည်။

ကိုယ့်ကိုပြောလျှင် မကြိုက်နိုင်သည့်စကားမျိုးကို သူတစ်ပါးကို မပြောဘဲ နရသီဟပတေ့က နေသလားဆိုတော့လဲ မနေ။ သူများ မကြိုက်သည့်စကားမျိုးကို နရသီဟပတေ့က ပြောဖြစ်အောင်ကို ပြောသည်။ အသောက ကျောက်စာအတိုင်း ကိုယ်ပြောတာကိုတော့ ကိုယ့်ဟာကိုယ် ကောင်းတယ်ပဲထင်သည်။ . ကိုယ်ပြောတာမှာ အပြစ်ရှိတယ်ရယ်လို့ နည်းနည်းမှ မမြင်။

ဤအကြောင်းတွေကိုတွေးရင်း နရသီဟပတေ့ဘုရင်ကြီး စားတော်တည်သည့်ဟင်းခွက်တွေကို မြင်ယောင်ကြည့်သည်။ ဟင်းခွက် ၃၀၀ ပြည့်မှ စားတော်ခေါ်သည် ဆိုမဟုတ်လား။ ဟင်းအမျိုးအမည်နှင့် ဟင်းခွက်တို့ တည်နေပုံကိုမြင်ယောင်ကြည့်ရင်း ညနေတွင် မိတ်ဆွေများနှင့် စားကြသောက်ကြဖို့ ချိန်းဆိုထားသည်ကို သတိရလာ သည်။

ကျောက်စာများကို ထားချန်ခဲ့၍ ပြတိုက်ဝင်းမှ ထွက်လာခဲ့သည်။ သို့ရာတွင် အတွေးကို လက်စသိမ်း၍မရဘဲဖြစ်နေသည်။ 'ပုဂံကိုမရောက်သေးရင် မြန်မာမပီသသေးဘူး' ဟု မကြာခဏပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်သော ကျွန်တော့်ဆရာစကားကို သတိရပြန်သည်။ တစ်ဆက်တည်းမှာပင် "ပုဂံကိုလာကြတဲ့သူတွေရဲ့ စိတ်ဆန္ဒတွေဟာ အမျိုးမျိုးရှိတာပေါ့။ တချို့ကပုဂံကျောက်စာ၊ မင်စာတွေကို လေ့လာချင်လို့လာတယ်။ တချို့က အနုပညာလက်ရာတွေ၊ ပန်းချီ၊ ပန်းပုတွေကို လေ့လာချင်လို့လာတယ်။ တချို့က ဘုရားဖူးဆိုတဲ့ ခေါင်းစဉ်နဲ့ အလည်လာတယ်။ တချို့ကတော့လဲ သောက်ချင်၊ စားချင် အပန်းဖြေချင်လို့လာတယ်၊ အမျိုးမျိုးပေါ့။ တကယ်တော့ ပုဂံမြေပေါ်က ဘုရား၊ ပုထိုး၊ ဂူကျောင်းကွေဟာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သာသနာသုံးရပ်ရဲ့ အထိမ်းအမှတ်တွေ...အဲဒီသာသနာဆိုတဲ့ အဆုံးအမတွေအတိုင်း လိုက်နာကျင့်သုံးဖို့ ညွှန်းဆိုနေတဲ့ အထိမ်းအမှတ်တွေ...ဟု ပြောပြသော ဆရာ့စကားကို အမှတ်ရလာသောကြောင့် ချိန်းဆိုရာသို့ ဦးတည်လျှောက်နေသော ကျွန်တော့်ခြေလှမ်းများက တုံ့ဆိုင်းသွားကြသည်။ သူတို့ဆီ သောက်ဖို့စားဖို့သွားတာထက် ဘုရားစေတီဆီသွားတာ ပိုကောင်းပါလိမ့်မယ် ဟူသော အတွေးဖြင့် ကျွန်တော်က မင်္ဂလာစေတီကြီးရှိရာသို့ ဦးတည်၍ လျှောက်သည်။ သို့ရာတွင် ကျွန်တော့်စိတ်ကတော့ မိတ်ဆွေအပေါင်းအသင်းရှိရာသို့ လျှောက်နေသည်ကို သိပါသည်။

ကျွန်တော့်နောက်မှ ဖြတ်ကျော်တက်သွားသူတွေ၊ ကျွန်တော်နှင့်မျက်နှာချင်းဆိုင် လျှောက်လာသူတွေကို ကြည့်ရင်း 'ကာယာနံမေဝဒေခတိ။ ဣယံမေကာယာနေကဋ္ဌေတိ' ဟူသော စာကြောင်းကို






'လူတွေဟာ ကိုယ်လုပ်တာကိုတော့ ကောင်းတယ်ပဲထင်နေကြတယ်' ဟု နှုတ်မှ အသံခပ်တိုးတိုးထွက်၍ အလွယ်ဆုံးဘာသာပြန်ကြည့်သည်။ သို့ရာတွင် 'နောမိနံပါပံ' အစချီသည့် နောက်စာကြောင်းကိုမူ ဘာသာပြန်လိုက်လျှင် ကိုယ့်ကိုယ်ကိုထိခိုက်တော့မည်မှာ သေချာနေ၍ ဘာသာဆက်မပြန်တော့ဘဲ စေတီကြီးရှိရာသို့ ခြေလှမ်းခပ်သွက်သွက်လှမ်းနေမိသည့် ထိုနေ့ညနေက ကျွန်တော့်အဖြစ်ကို မြင်ယောင်လျက်ရှိပါသည်။

၂၀၀၀ ပြည့်နှစ်၊ အရာတော်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အလင်းရှိတဲ့ မီးအိမ်

▲

'အခုဆိုက်တဲ့ ဘူတာက မုပ္ပလင်ဘူတာ…'ဟု ခရီးသည်တစ်ဦးပြောသံကို ကြားလိုက်သောကြောင့် ပြတင်းတံခါးကို တွန်းတင်ပြီး အပြင်ကိုကြည့်သည်။ မိုးကလည်း မစဲသေး။ မိုးကလည်း မလင်းသေး။ မုပ္ပလင်ဘူတာက မိုးရေတွေထဲမှာ ရွှဲရွှဲစိုရင်း ချမ်းစိမ့်နေပုံပေါ်နေသည်။ ဟိုတုန်းကတော့ ဤဘူတာရုံသို့ ခဏခဏရောက်သည်။ ဤဘူတာရုံမှ ရန်ကုန်က အလာရထားကို စောင့်ပြီး မုတ္တမသို့လိုက်နေကျဖြစ်သည်။

ဤဘူတာရုံ၌ အငြိမ်းစားရထားဝန်ထမ်းကြီးတစ်ဦးနှင့် စကားလက်ဆုံကျတတ်သောကြောင့် မုပ္ပလင်ဘူတာက ကျွန်တော့်အတွက် မှတ်မှတ်ရရ၊ တမ်းတမ်းတတဖြစ်တတ်သော ဘူတာရုံပင်ဖြစ်ပါသည်။ ဘူတာသို့ ရထားဆိုက်တိုင်း အောက်ကိုမဆင်းဖြစ်သော်လည်း ဘူတာရုံဆီကို အနည်းဆုံးလှမ်း၍တော့ ကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဘူတာသို့ ယခုတစ်ခေါက်ရောက်ခြင်းမှာ နှစ်တွေအများကြီးကြာပြီးမှ ရောက်ခြင်းဖြစ်သည်။ စကားလက်ဆုံကျနေကျ ရထားဝန်ထမ်းကြီး ကျန်းမာစွာရှိနေလိမ့်ဦးမည်ဟု မျှော်လင့်ပါသည်။

အောက်ပါ အဖြစ်အပျက်က ထိုဝန်ထမ်းကြီးပြောပြခဲ့သော အဖြစ်အပျက်ဖြစ်ပါသည်။ မှတ်မိသမျှ အောက်ပါကဲ့သို့ဖြစ်ပါသည်။

▲▲

'ကျောက်မီးသွေးလောင်စာနဲ့ မီးရထားတွေ ခုတ်မောင်းတဲ့ ခေတ်က မိုးလေထန်နေတဲ့ ညတစ်ညမှာ စိတ်မချရတော့တဲ့ ချောင်းဖြတ်တံတားပေါ်က မီးရထားသံလမ်းကို မီးရထားလုပ်သားတွေ အလျင်အမြန် ပြင်ဆင်နေကြတယ်။

မကြာခင်မှာ ဒီချောင်းဖြတ်တံတားကို ကုန်တင်ရထားတစ်စီး ဖြတ်မှာဖြစ်တယ်။ ဒီကုန်တင်တွဲတွေဆွဲလာတဲ့ရထား အချိန်မီ ဖြတ်ကျော်နိုင်အောင် ပြင်ဆင်နေပေမယ့် ရာသီဥတုဆိုးရွားနေတာကြောင့် နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်နေတယ်။

ဒါနဲ့ တံတားက သံလမ်းကို ကြိုးကြပ်ပြင်ဆင်နေတဲ့ အကြီးအကဲက မီးရထားဝန်ထမ်းတစ်ဦးကို ကုန်တင်ရထားလာရင် ဒီတံတားကိုမဖြတ်ကျော်သေးဘဲ လွတ်ရာမှာ ရပ်နားနေအောင် အချက်ပြဖို့ စေလွှတ်လိုက်တယ်။

မီးရထားဝန်ထမ်းဟာ အချက်ပြမီးအိမ်ကို ဆွဲပြီး အကြီးအကဲစေခိုင်းတဲ့ အဝေးအကွာရှိရာကိုသွားပြီး အချက်





ပြဖို့ထွက်သွားတယ်။ ဖြစ်ပုံက အဲဒီအချက်ပြမယ့်ဝန်ထမ်းဟာ အဲဒီညမှာ အရက်သောက်လွန်ပြီး မူးနေတယ်။ ဒါကို အကြီးအကဲက ရုတ်တရက်ဆိုတော့ သတိမထားမိလိုက်ဘူး။

အဲဒီအချက်ပြမယ့်ဝန်ထမ်းဟာ သက်မှတ်ပေးလိုက်တဲ့နေရာလောက်ကိုရောက်တော့ မီးအိမ်နဲ့အချက်ပြနေကယ်။ အဲဒီ မီးအိမ်မှာ အစိမ်း၊ အနီပြောင်းလို့ရတယ်။ အစိမ်းဆိုရင်လာ၊ အနီဆိုရင်မလာနဲ့၊ ရပ်ပေါ့။ ဝန်ထမ်းဟာ အနီမှန်ကို ပြောင်းပြီး ရထားကိုရပ်ဖို့ အချက်ပြနေတယ်။

သူက အနီရောင်နဲ့ ရပ်ဖို့ အချက်ပြနေပေမယ့် တကယ်က သူပြနေချိန်မှာ မီးအိမ်ထဲကမီးက ငြိမ်းနေတယ်။ အဲဒါကို သူ မူးနေတော့ သတိမထားမိဘူး ဖြစ်နေတယ်။

ကုန်ရထားက ဝင်လာပြီ။

မီးရထားဝန်ထမ်းက မိုးထဲလေထဲမှာ အချက်ပြတော့ပြနေပါရဲ့။ ကြိုးကြိုးစားစားတာဝန်ဆောင်ရွက်နေရှာတာပါပဲ။ ဒါပေမယ့် မီးအိမ်ထဲကမီးက သေနေတာမသိတော့ သူကြိုးစားဆောင်ရွက်နေတာဟာ အချည်းနှီးဖြစ်နေတယ်။ မီးအိမ်ထဲမီးမရှိတော့ ကုန်ရထား မောင်းသမားက ဘာမှမမြင်ဘူးပေါ့။

အဲဒီလို မမြင်တဲ့အတွက် ဆက်လက်ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်တွေက အနိဋ္ဌာရုံချည်းပါပဲ။ ကုန်တွဲတွေ တိမ်းမှောက်ပြီး ဆုံးရှုံးမှုတွေလည်း အများကြီး၊ ထိခိုက်ဒဏ်ရာရသွားသူတွေလည်းအများကြီး။



www.burmeseclassic.com

www.burmeseclassic.com



အချက်ပြဝန်ထမ်းကိုခေါ်ပြီး အကြီးအကဲဖြစ်သူက စစ်ဆေးမှုလုပ်တယ်။ ဝန်ထမ်းက သူအချက်ပြခဲ့ပါတယ်၊ ပြနေခဲ့ပါတယ်လို့ အခိုင်အမာ ပြောနေတယ်။ အကြီးအကဲဖြစ်သူက "အချက်ပြနေတာတော့ဟုတ်ပြီ၊ ဒါပေမယ့် အချက်ပြနေတဲ့မီးအိမ်ထဲမှာ မီးရှိသလား"လို့မေးတော့ အချက်ပြဝန်ထမ်းဟာ ဇဝေဇဝါဖြစ်နေတယ်။ အချက်ပြနေတုန်းက မီးရှိတယ်။ အခုမေးတဲ့ အချိန်ကျမှ မီးငြိမ်းနေသလိုလို ပြောနေတယ်။ တကယ်က မီးမရှိလို့၊ အလင်းရောင်မရှိလို့ အနိဋ္ဌာရုံတွေအားလုံး ဖြစ်ပျက်သွားတာပဲ။

"အရေးကြီးတဲ့ လူမှုကိစ္စတွေ ဆောင်ရွက်တဲ့အခါ၊ အရေးကြီးတဲ့ လူမှုပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာ အလင်းရောင်လိုတယ်။ အလင်းရောင်ရှိဖို့ သိပ်အရေးကြီးတယ်။ ကျုပ်ပြောချင်တဲ့ အလင်းရောင်ဆိုတာက 'သတိသမ္ပဇဉ်'လို့ခေါ်တဲ့ 'သတိပညာအလင်းရောင်'ကို ဆိုလိုတာပါ။ သတိရှိမှ အသိဖြစ်တာ၊ အသိဖြစ်မှ အဖြူအမည်း၊ အစိမ်း၊ အနီ၊ အကောင်းအဆိုး၊ အကျိုးအပြစ်ဖြစ်တာတွေကိုသိတာ။ သတိပညာအလင်းရောင်မရှိဘဲနဲ့ဆိုရင်တော့ နေ့မနား၊ ညမနား ဘယ်လောက်ပဲ ကြိုးစားလုပ်ဆောင်နေပေမယ့် အကျိုးများချင်မှများမယ်။ ကျုပ်ပြောခဲ့တဲ့ အချက်ပြဝန်ထမ်းလိုပေါ့ဗျာ။ မီးထဲလေထဲမှာ ကပင်တပန်းနဲ့ အချက်ပြနေပေမယ့် သူ့မီးအိမ်မှာ မီးမှမရှိဘဲ၊ အလင်းရောင်မှမရှိဘဲ၊ အချည်းနှီးလုပ်ဆောင်မှုမျိုး၊ အကျိုးမဲ့တဲ့ လုပ်ဆောင်မှုမျိုး ဖြစ်သွား





သလို သတိပညာအလင်းရောင် မရှိဘဲလုပ်ရင် အကျိုးမများရုံမက အကျိုးမဲ့တွေပါ ဖြစ်ကုန်နိုင်တယ်"

▲▲▲

အထက်က သူ့စကားတွေကို မှတ်တမ်းကလေး ရေးထားလျှင် ကောင်းမှာပဲဟု ကျွန်တော်က တွေးလာသည်။ မုပ္ပလင်ဘူတာမှ ဆက်လက်ထွက်ခွာလာခဲ့သည့် ရထားခရီးတစ်လျှောက်၌ သူ ပြောပြသည့် အဖြစ်အပျက်ထဲက မီးရထားဝန်ထမ်းပြနေသည့် အချက်ပြမီးအိမ်ကလေးကို မြင်ယောင်လာသည်။ ငိုက်ချင်မူးတူးဖြစ်နေသောကြောင့်လားမသိ။ တစ်ခါတစ်ရံ မီးအိမ်က လင်းလာလိုက်၊ တစ်ခါတစ်ရံ မီးငြိမ်းသွားလိုက်ဖြစ်နေသည်ကို အမှတ်ရနေပါသည်။

အတွဲ ၁၊ အမှတ် ၆၊ ဘာသာသွေး



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တိုင် သက်သေ

▲

လွန်ခဲ့တဲ့နေ့က...

ဘဝအတွေ့အကြုံများသူတွေဟာ ကိုယ်ရေး အတ္ထုပ္ပတ္တိစာတွေ ရေးသင့်ကြောင်း၊ ဒီလိုစာတွေမှာ ရှောင်စရာ၊ ဆောင်စရာ သင်ခန်းစာယူစရာတွေ ပါတတ်တဲ့အတွက် စာဖတ်သူများအတွက် အကျိုးရှိစေနိုင်ကြောင်း ပြောဖြစ်နေကြပါတယ်။ ကိုယ်ရေးအတ္ထုပ္ပတ္တိ ရေးသူဟာ အင်မတန်ရိုးသားပွင့်လင်းဖို့လိုတဲ့အကြောင်းကိုလည်း တခမ်းတနားပြောနေကြပါတယ်။ အဲဒီအခိုက်မှာ မိတ်ဆွေတစ်ဦးက... "ကျွန်တော်ကတော့ ကိုယ့်အတ္ထုပ္ပတ္တိ ကိုယ်မရေးရဲသေးဘူး။ နာရီပိုင်း၊ မိနစ်ပိုင်းမှာ ဖြစ်ပျက်နေတဲ့ ကိုယ့်စိတ်ကိုပြန်ကြည့်ရင်... ကိုယ့်စိတ်ရဲ့ အတ္ထုပ္ပတ္တိကိုပြန်ကြည့် ရင်ဆိုပါတော့ဗျာ၊ ကောင်းတာက နည်းနည်းရယ်၊ မကောင်းတာတွေ၊ အပြစ်တွေက အများကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရကယ်။ စိတ်မှာ ဘယ်လိုမကောင်းတာတွေ၊ အပြစ်တွေဖြစ်နေတယ်ဆိုကာကို ကျွန်တော်တော့ မပြောရဲသလောက်ပဲ။ ကိုယ့်ဘဝကစ်လျှောက်က မကောင်းတာတွေကို ပြောရဲ၊ ရေးရဲဖို့ကတော့ ဝေးပါသေးတယ်...''လို့ပြောတယ်။ ဆက်ပြီးတော့ သူကအောက်ပါ အဖြစ်အပျက်တွေကိုလည်း ပြောပြတယ်။

▲▲

တစ်ခါမှာ...ဘာသာရေးပုဂ္ဂိုလ်တွေ အပါအဝင် လူတစ်စုဟာ ကျီးဇက် (Jesus Christ) ထံ ပြည့်တန်ဆာမတစ်ဦးကို ခေါ်လာကြတယ်။ ဒီအမျိုးသမီးဟာ မကောင်းတဲ့အကျင့်ကိုပြုတဲ့အတွက် အပြစ်ရှိတယ်ဆိုပြီး ဒီလူတွေက ခေါ်လာကြတာ၊ ကျီးဇက်ဆီကို ရောက်တဲ့အခါမှာ အဲဒီဘာသာရေးပုဂ္ဂိုလ်တွေက ပြည့်တန်ဆာမကို ကျောက်ခဲနဲ့ပစ်ပေါက် အပြစ်ပေးရမယ်လို့ မောရှေ (Moses) က အမိန့်ချတဲ့အကြောင်း၊ ဒီကိစ္စမှာ အသင်က ဘယ်လိုပြောဆို မိန့်မြွက်မလဲလို့ ကျီးဇက်ကို မေးကြတယ်။

ကျီးဇက်ဟာ သူတို့ကို မော်မကြည့်ဘဲ သူ့လက်ချောင်းနဲ့မြေကြီးပေါ်မှာ စာရေးနေတယ်တဲ့။ တစ်စုံတစ်ခု မပြောမချင်း ဒီလူတွေက မေးနေကြတယ်။

ဒီအခါမှာ ကျီးဇက်က သူတို့ကိုမော်ကြည့်ပြီးတော့..."သင်တို့အထဲက အပြစ်ကင်းတယ်ဆိုတဲ့သူဟာ ရှေးဦးစွာပဲ အဲဒီအမျိုးသမီးကို ခဲနဲ့ပစ်"လို့ ပြောလိုက်တယ်။





ကျီးဇက်ရဲ့စကားကိုကြားရတဲ့အခါမှာ အဲဒီလူတွေဟာ ထိတ်လန့်သွားပါလိမ့်မယ်။ လူ့စိတ်ဟာ နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ဘာတွေ တွေးနေသလဲ၊ စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ အသေအချာ မညာမတာကြည့်လိုက်ရင် အလိုလေးဗျာ...ကောင်းတာကနည်းနည်းရယ်၊ မကောင်းတဲ့၊ မသန့်ရှင်းတဲ့စိတ်တွေ၊ အပြစ်တွေက အများကြီး၊ အများကြီးမှ အများကြီးပါဗျာ။ ဒီလိုစိတ်မှာ အပြစ်တွေရှိနေပုံကို အဲဒီလူတွေ သိမြင်သွားပုံပေါ်ပါတယ်။ ဒါ့ကြောင့် ပြည့်တန်ဆာမကို ခဲနဲ့မပေါက်ဖြစ်တော့ဘဲ တစ်ယောက်နောက် တစ်ယောက်လိုက်ပြီး ထွက်သွားလိုက်တာ ဘယ်သူမှမကျန်ရစ်တော့ဘူးတဲ့ဗျ။ ကျီးဇက်က ပြည့်တန်ဆာမကို နောင်မှာထပ်ပြီး အပြစ်တွေ၊ မကောင်းမှုတွေမလုပ်နဲ့လို့ ဆုံးမပြီး သွားလိုရာသွားဖို့ ခွင့်ပြုလိုက်တယ်တဲ့ဗျာ။

ကျွန်တော်တို့ဟာ မကောင်းမှုကို လူတွေမသိအောင် ခိုးကြောင်ခိုးဝှက်နဲ့ လုပ်တတ်ကြတယ်။ အဲဒီလိုလုပ်ပြီးတဲ့အခါမှာ ငါလုပ်တာကို ဘယ်သူမှမသိဘူးဆိုပြီး ကျေနပ်နေတတ်သေးတယ်။ ရှက်ဖို့အကောင်းဆုံးဟာ ဘာလဲဆိုတော့ ဘယ်သူမှမသိဘူးလို့ထင်ပြီး ကိုယ်လုပ်ခဲ့တဲ့အလုပ်ကို ကိုယ်ကိုယ်တိုင်ကတော့ အသေအချာ သိမြင်ခဲ့တာကြောင့် ကိုယ်တိုင်သက်သေဖြစ်နေဟယ်ဆိုတဲ့အချက်ပဲတဲ့ဗျ။ **မကောင်းမှုပြုသူအတွက် ဆိတ်ကွယ်ရာအရပ်သည် လောကဌ်** မရှိလို့ ဂေါတမဗုဒ္ဓက ပြောခဲ့သွားပဲ။ ကိုယ်တိုင်သက်သေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ မကောင်းမှုပြုခဲ့တဲ့ မိမိကိုယ်မိမိ ရှက်တတ်ရင် တော်သေးရဲ့လို့ ပြောရမှာပဲ။ ဒါပေမယ့် လူမှာဖြစ်တတ်တာတစ်ခုက ကိုယ့်အပြစ်တွေ၊ မကောင်းတာတွေ၊ မတော်မလျော်ပြုခဲ့မိတာတွေကို အပြစ်မရှိသလိုလို၊ မကောင်းစိတ်မမွေးသလိုလို၊ မတော်မလျော်မပြုသလိုလို ဖုံးကွယ်ရင်း၊ ဟန်ဆောင်ရင်းက ကြာလာတော့ တကယ်ပဲ ကိုယ်ဟာ မကောင်းစိတ်မရှိသလိုလို၊ အပြစ်ကင်းသူလိုလို ယင်မိသွားတတ်တဲ့ အချက်ပဲဗျ။ အဲဒီအထင်နဲ့ ပြုမိ၊ ပြောမိ၊ ရေးမိမှာကို ကျွန်တော်တော့ အကြောက်ဆုံးပဲ ... ။


▲ ▲ ▲

မိတ်ဆွေဖြစ်သူရဲ့ အယက်ပါစကားတွေကြောင့် ကိုယ်ရေးအတ္ထုပ္ပတ္တိစာပေရဲ့ အရေးပါမှုအကြောင်း ပြောဆိုဆွေးနွေးသံတွေ ရပ်ဆိုင်းသွားပါတယ်။

အမှတ် ၁၁၃၊ အင်တာဗျူးဂျာနယ်

EIGHT DRAGONS BOOKS





www.burmeseclassic.com

www.burmeseclassic.com

## စကားဆိုရန်မလွယ်

▲

'မမေးဘဲကို မဆိုလင့်' ဟူသော ကန်တော်မင်းကျောင်း မေတ္တာစာထဲက အဆုံးအမအကြောင်းကိုပြောရာမှ ဆော့ခရတ္တိ (Socrates) အကြောင်းကို သူက ပြောသည်။

▲▲

ဆော့ခရတ္တိ (Socrates) ကို ပညာဉာဏ်ကြီးသူအဖြစ် လူသိများတယ်။ ဆော့ခရတ္တိရဲ့ဂုဏ်သတင်းက ကျော်စောလွန်းလို့ သူ့ခေတ်က သူ့ကို မသိသူမရှိဘူးလို့တောင် ပြောနိုင်တယ်တဲ့။

ဆော့ခရတ္တိကတော့ "လောကကြီးမှာ ငါသိတာတစ်ခုတည်းပဲ ရှိတယ်။ ဘာလဲဆိုတော့ ငါဘာမှမသိဘူးဆိုတာပါပဲ"လို့ ပြောတယ်။ ဒါ ရိုးသားစွာနဲ့ဝန်ခံတာဖြစ်နိုင်ပါတယ်။ ရိုးသားဖြောင့်စင်းတဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူဖြစ်လို့လဲ သူ့ရဲ့ဂုဏ်သတင်းက ပိုပြီး ကျော်စောတာလဲဖြစ်နိုင်ပါတယ်။

ဆော့ခရတ္တိကို တွေ့ချင်မြင်ချင်သူတွေ၊ ဂုဏ်ပြုစကားပြောချင်သူတွေ အများကြီးပဲ။ ရပ်ဝေးမှာရှိတဲ့ သူ့စကားကို နားထောင်ချင်သူတွေ၊ သူ့ကိုမေးမြန်းဆွေးနွေးချင်သူတွေလဲ အများကြီးရှိတယ်။

တစ်နေ့မှာ... ဆော့ခရတ္တိကို သိပ်တွေ့ချင်၊ မြင်ချင်၊ စကားဆိုချင်နေတဲ့ လူရွယ်တစ်ဦးဟာ ဆော့ခရတ္တိရဲ့အိမ် ဘယ်မှာရှိသလဲဆိုတာကို စုံစမ်းဖို့ မြို့ကိုတက်လာတယ်။ လူစည်ကားတဲ့ဈေးကိုသွားတဲ့လမ်းတစ်ခုအရောက်မှာ အဲဒီလူငယ်ဟာ သူ့ရှေ့ကလျှောက်လာတဲ့ လူကြီးတစ်ဦးကို ဆော့ခရတ္တိရဲ့အိမ်ကို သိပါသလားလို့ မေးတယ်။ အဲဒီလူကြီးက သိပါတယ်ဆိုတဲ့သဘောနဲ့ ဦးခေါင်းညိတ်ပြတယ်။

တကယ်တော့ အဲဒီဦးခေါင်းညိတ်ပြတဲ့လူကြီးဟာ တခြားသူမဟုတ်ဘူး၊ ဆော့ခရတ္တိကိုယ်တိုင်ပါပဲ။ လူငယ်က တစ်ခါမှ မမြင်ဖူး မတွေ့ဖူးတော့ ဆော့ခရတ္တိရယ်လို့ ဘယ်သိပါ့မလဲ။ ဒါနဲ့ လူရွယ်က ထပ်ပြီး "ကျေးဇူးပြုပြီး ဆရာကြီးဆော့ခရတ္တိအိမ်ကို ဘယ်လို ဘယ်လမ်းကသွားရတယ်ဆိုတာ ညွှန်ပြပါခင်ဗျား"လို့ အကူအညီတောင်းတယ်။ ဒီလူကြီးက ဆော့ခရတ္တိအိမ်ကို ဘယ်လို ဘယ်လမ်းကသွားရတယ်ဆိုတာကို အသေအချာညွှန်ပြလိုက်တယ်။ ဒါနဲ့ လူရွယ်က ဝမ်းသာစွာနဲ့ ကျေးဇူးတင်စကားပြောပြီး ဆော့ခရတ္တိရဲ့နေအိမ်ကိုသွားဖို့ ထွက်သွားပါတယ်။





ကိစ္စပြီးတဲ့အခါမှာ ဆော့ခရတ္တိကအိမ်ကိုပြန်တယ်။ သူ လမ်းညွှန်လိုက်တဲ့လူရွယ်က အိမ်ကိုရောက်နှင့်နေပြီ။ အိမ်ထဲ ဝင်လာတဲ့ ဆော့ခရတ္တိကို အမျိုးသမီးတစ်ဦးက လူရွယ်ဆီလှမ်းပြီး အခု ဝင်လာတာ ဆော့ခရတ္တိပါပဲလို့ပြောပြီး မိတ်ဆက်ပေးတယ်။ ဒီအခါမှာ လူရွယ်ဟာ လမ်းမှာ သူတွေ့ခဲ့တဲ့လူကြီး... အိမ်ကို ဘယ်လို သွားရမလဲဆိုတာ ညွှန်ခဲ့တဲ့လူကြီးဟာ သူတွေ့ချင်လွန်းလှတဲ့ ဆရာကြီး ဆော့ခရတ္တိကိုယ်တိုင် ဖြစ်မှန်းသိရတော့ အံ့သြခြင်းများစွာနဲ့...

'ဆရာကြီးရယ်၊ လမ်းမှာတွေ့တုန်းကတည်းက ငါ ဆော့ခရတ္တိပဲလို့ ကျွန်တော့်ကို ပြောလိုက်ရောပေါ့' လို့ပြောတော့ ဆော့ခရတ္တိက...

'မင်းက ဆော့ခရတ္တိအိမ်အကြောင်းကိုပဲ မေးနေတယ်၊ ဆော့ခရတ္တိအကြောင်းကိုတော့ မမေးဘူး၊ ဒီတော့ ငါကလဲ အိမ်အကြောင်းပဲ ပြောရတာပေါ့'လို့ ပြန်ပြောတယ်တဲ့။

ဆော့ခရတ္တိက မေးသလောက်ပဲဖြေပြီး လိုသလောက်ပဲ ပြောတယ်ပေါ့ဗျာ၊ အပိုတွေမဖြေဘူး၊ မပြောသင့်တာတွေ မပြောဘူးပေါ့ဗျာ။

ရှေးခေတ် ဂရိသမိုင်းမှာ အင်မတန်စကားပြောကျွမ်းကျင်ပါတယ်ဆိုတဲ့ နန်းတွင်းက အရာရှိတစ်ဦးကို ထူးထူးဆန်းဆန်း ပြစ်ဒဏ်ပေးတာ ရှိခဲ့ဖူးတယ်တဲ့ဗျ။ အဲဒီအရာရှိဟာ စကားအရာမှာ အင်မတန်လိမ္မာတယ်၊ လျှာသွက်အာသွက်ရှိတယ်၊ နှုတ်မှုရေးရာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်တော်တယ်တဲ့။ နှုတ်မှုရေးရာကျွမ်းကျင်တော့ ဟိုလူကို ဟိုလိုပြော၊ ဒီလူကျတော့ ဒီလိုပြော၊ ဟိုနေရာတစ်မျိုး၊ ဒီနေရာတစ်မျိုး နဲ့ အမျိုးမျိုးကို အဲဒီအရာရှိကပြောတယ်။ သူ့စကားတွေကြောင့် တချို့မိတ်ဆွေတွေဟာ ရန်သူတွေဖြစ်သွားတယ်။ လုပ်ဖော်ကိုင်ဖက် တွေကြား ယုံကြည်မှုတွေပျက်ပြားကုန်တယ်။ အဲဒီအရာရှိစကား ကြောင့် လူတော်တော်များများဟာ ဒုက္ခတွေရောက်ကုန်ကြတယ်။

ဒီအရာရှိရဲ့စကားတွေကြောင့် လူတွေဒုက္ခရောက်တာကိုသိတဲ့ ဘုရင်ရဲ့မိဖုရားက အဲဒီအရာရှိကိုခေါ်တယ်။ သူ့ရှေ့မှောက် ရောက် တဲ့အခါမှာ "ဒီလောက်တောင် အပြောအဆို လည်ဝယ်ကျွမ်းကျင် သွက်လက်တဲ့ သင်ရဲ့ 'လျှာ'ကို ဂုဏ်ပြုရဦးမယ်"လို့ မိဖုရားက ပြောပြီး ရွှေစင်အစစ်နဲ့လုပ်ထားတဲ့ဆံထိုးကြီးနဲ့ အဲဒီအရာရှိရဲ့ 'လျှာ'ကိုဆွဲထုတ်...၊ ထိုး ဖောက်စိုက်ထောင်ပြီး ဂုဏ်ပြုခိုင်းလိုက် တယ်။ ပါးစပ်ပြင်ဘက်မှာ သွေးသံရဲရဲနဲ့ ရွှေဆံထိုးကြီးနဲ့ ဖောက်ထိုးပြီး ဂုဏ်ပြုထားတဲ့မြင်ကွင်းက တကယ့်ကို အနိဋ္ဌာရုံကြီးဖြစ်နေမှာပါဗျာ။

▲▲▲

ကျွန်တော်က သူပြောသည့် "ရွှေစင်အစစ်နဲ့လုပ်ထားတဲ့ ဆံထိုးကြီးနဲ့ အဲဒီအရာရှိရဲ့လျှာကို ဆွဲထုတ်ထိုးဖောက်စိုက်ထောင် ပြီး ဂုဏ်ပြုခိုင်းလိုက်တယ်"ဆိုသော စကားထဲက 'စိုက်ထောင်' ဆိုသော စကားကိုတွေးကြည့်သည်။ ဆံထိုးကိုမည်သို့ စိုက်ထောင်






ခိုင်းလေသနည်း။ ဆံထိုးကို ထိုးစိုက်ပြီးနောက် ထောင်နေဖို့ရန်မှာ အရာရှိ၏ နှာခေါင်းကို ဆံထိုးကမှီထားမှ ဖြစ်မည်မဟုတ်ပါလောဟု မရေမရာ တွေးပြီး မြင်ယောင်ကြည့်မိပါသည်။ ထိုမှဆက်၍ အခြေအနေ အချိန်အခါကိုကြည့်ပြီး စကားတစ်ခုကို ပြောသင့်၊ မပြောသင့် ချင့်ချိန်နိုင်ဖို့၊ ပြောသင့်တာ၊ မပြောသင့်တာကို ခွဲခြား သိနိုင်ဖို့ ခက်ခဲပါကလားဟုလည်း တွေးနေမိပါသည်။

၂၀၀၂ ခုနှစ်၊ တောင်သာမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဟန်

လိမ်ညာပြောဆိုနေရင်...လိမ်ညာပြောဆိုနေပြီဆိုတာကို ဖော်ပြနိုင်တဲ့ ကင်မရာတစ်မျိုးကို တီထွင်ခဲ့တဲ့အကြောင်း သတင်းမီဒီယာတစ်ခုက ထုတ်ပြန်တယ်။ တစ်ချိန်မှာ ဒီလိုကင်မရာမျိုးကို ရာဇဝတ်မှုတွေ ဖော်ထုတ်တဲ့နေရာတွေမှာ အသုံးချနိုင်လာလိမ့်မယ် လို့လည်း ဆိုပါတယ်။

ဒီသတင်းစကားကိုကြားရတော့ ကာတွန်းပညာရှင်ကြီး ဦးဘဂျမ်းရဲ့ စကားကို ကြားယောင်မိပါတယ်။

လူတွေဟာ အချင်းချင်းပေါင်းသင်းဆက်ဆံရာမှာ လိမ်ညာဖြီးဖြန်းပြီး ဆက်ဆံနေကြတာ။ မဟုတ်တာကို အဟုတ်လုပ်ပြော၊ မြှောက်ပင့်ပြီးလည်းပြောတယ်။ အလုပ်ဖြစ်အောင်၊ ကိုယ့်အကျိုးပြီးမြောက်အောင် လှည့်ပတ်ပြောတယ်။

ဟုတ်ပါရဲ့...လူဟာ ဟန်လုပ်လည်းကောင်းတယ်၊ ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်းတယ်။ စိတ်ထဲကလိမ်ညာဖြီးဖြန်းနေပေမယ့် အပြင် ဟန်ပန်လေသံတွေက တည်ကြည်တဲ့ လူရိုးလူဖြောင့်လိုလို၊ သူတော်ကောင်းလိုလို ပိပိရိရိဟန်ဆောင်တတ်၊ သရုပ်ဆောင်တတ်တယ်။

'မှသားမပါ လက်ာမချော'ဆိုတဲ့ အဆိုအမိန့်အတိုင်း လိမ်ညာနေတာကိုပဲ လိမ်ညာနေတယ်လို့ မသိရအောင် အဖုံးအကွယ်၊ အလှည့်အချိုးတွေနဲ့ လူလည်တွေဟာ ပြောတတ်ဆိုတတ်တယ်။ မှန်သောစကားတွေကိုဆိုနေတဲ့ လူမှန်လူဖြောင့်ပုံပေါ်အောင် ဖော်ဆောင်တတ်ကြတယ်။

အမြင်ကပ်ရင် အမြင်ကပ်ကြောင်း၊ ကြည့်မရရင် ကြည့်မရတဲ့ အကြောင်း၊ အချိုးမပြေရင် အချိုးမပြေတဲ့အကြောင်း ပွင့်ပွင့် လင်းလင်း ပြောဆိုဆက်ဆံရင်လည်း တစ်ဦးနဲ့တစ်ဦး ခိုက်ရန် ဒေါသတွေဖြစ်ပြီး သူ့ကြ ဖြတ်ကြလို့ ဆရာကြီးဦးဘဂျမ်းပြောသလို အသုဘချတာနဲ့ပဲ အချိန်ကုန်သွားနိုင်တယ်။

တကယ်လို့များ လိမ်ညာပြောဆိုခြင်းကို ဖော်ထုတ်နိုင်တဲ့ ကင်မရာကို လူတွေအလွယ်တကူသုံးလာနိုင်ရင် ဘယ်လိုဖြစ်ကုန်မလဲ။ သူလိမ်တာ ညာတာကို ကိုယ်ကလည်းသိ၊ ကိုယ်လိမ်တာညာတာကို သူကလည်း သိနိုင်တယ်ဆိုရင်…မလိမ်ဝံ့ မညာဝံ့တော့ဘဲ မှန်ရာကို ပြောရတဲ့လူတွေဖြစ်မယ်။ ဒါဆိုရင်…ဆရာကြီးဦးဘဂျမ်း ယူဆသလို လူတွေခိုက်ရန်ဒေါသ ဖြစ်ကြတော့မှာမဟုတ်ဘူး။ ပြီးတော့…ဟန်ကောင်းကောင်းနဲ့ လူအချင်းချင်း လှည့်ပတ်ဖြားယောင်းခြင်းကင်းတဲ့





လူ့အဖွဲ့အစည်းဖြစ်လာမယ်…စသည်ဖြင့်ပေါ့လေ၊ စိတ်ထဲမှာ တွေးကြည့်နေမိပါတယ်။

"လူသည် လိမ်နိုင်ကောက်နိုင်မှ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံနိုင်သော သတ္တဝါဖြစ်၏။ စိတ်ထဲတွင် ရှိသမျှကို ဖွင့်ဟပြောဆို၍ တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ဆက်ဆံကြပါလျှင် (တစ်ဦးကိုတစ်ဦး သတ်ကြဖြတ်ကြ၍)မသာ ချရသော အလုပ်ဖြင့် အချိန်ကုန်ရမည် ဖြစ်သည်။"


ကာတွန်းဦးဘဂျမ်း၊

အမှတ် ၁၁၂၊ အင်တာဗျူးကျာနယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ချစ်သောမျက်စိဖြင့် ရှုကြရစေ

▲

လူဆိုတာကို ဘယ်လိုအဓိပ္ပာယ်သတ်မှတ်ချက် Definition ပေးမလဲဟု သူကမေးရင်း အောက်ပါ အကြောင်းအရာကို သူက ဆက်ပြောသည်။

▲ ▲

တစ်ခါမှာ…ကျမ်းစာသင်ကျောင်းက လူငယ်တစ်ယောက် နိုင်ငံ အကြီးအကဲတစ်ဦးထံသွားပြီးတော့ 'သမ္မာကျမ်းစာ' ဖတ်ကြား ချီးမြှင့်ပါ လို့ ပန်ကြားကြတယ်။ ဒီအခါမှာ…အကြီးအကဲက ကမ္ဘာဦးကျမ်း Genesis မှာဖော်ပြထားတဲ့ 'ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏…' ဆိုတဲ့ စာကြောင်းကို ဖတ်ပေး လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖတ်ပေးတာကို လူငယ်တွေက တော်တော်မကျေမနပ်ဖြစ်ကြတယ်တဲ့။ သိပ္ပံပညာနဲ့လည်း အံမဝင်တဲ့၊ ခေတ်လည်းမမီတော့တဲ့ ဒီကမ္ဘာဦးကျမ်းက စာကြောင်းကိုမှ ဖတ်ကြားချီးမြှင့်ရသလား၊ နေ့စဉ်ဘဝအတွက် အကျိုးရှိစေနိုင်တဲ့ စာကြောင်းတွေ၊ လူအများရဲ့ ကိုယ်မှု နှုတ်မှုတွေမှာ သန့်ရှင်းစင်ကြယ်စေဖို့ သတိပေးတဲ့စာကြောင်း၊ စာပိုဒ်တွေအများကြီးရှိပါလျက်နဲ့ ဒီကမ္ဘာဦးကျမ်းက အယူအဆဟောင်းကြီးကိုမှ ရွေးဖတ်ပေးပလေတယ်...စတဲ့ အပြစ်တင်တဲ့ အတွေးတွေနဲ့ မကျေမနပ်ဖြစ်ကြတာထင်ပါတယ်။

တကယ်တော့ နိုင်ငံအကြီးအကဲဖတ်ပေးလိုက်တဲ့ စာကြောင်းက သိပ်ကိုအရေးကြီးပါတယ်။ ဟုတ်တယ်၊ **ဘုရားသခင်က လူကိုဖန်ဆင်းတယ်။ ဘုရားသခင်က လူယောက်ျားနဲ့ လူမိန်းမကိုဖန်ဆင်းတယ်လို့သာ ကမ္ဘာဦးကျမ်းကဆိုတာ** ဘုရားသခင်က ဂျူးကိုဖန်ဆင်းတယ်၊ အာရပ်ကိုဖန်ဆင်းတယ်၊ ဂျာမန်ကိုဖန်ဆင်းတယ်၊ ပြင်သစ်ကိုဖန်ဆင်းတယ်၊ အင်္ဂလိပ်ကိုဖန်ဆင်းတယ်လို့ မဖော်ပြဘူး။

လူတွေဟာ လူတွေကို လူတွေအဖြစ်နဲ့ မှန်မှန်ကန်ကန် မြင်ကြမယ်ဆိုရင် လူမှုပြဿနာတွေ တော်တော်နည်းခဲ့မှာပါ။ လူတွေဟာ လူတွေကို လူတွေအဖြစ် မှန်မှန်မမြင်ခဲ့ကြဘူး။ လူမျိုးစွဲတွေနဲ့မြင်တယ်၊ ဘာသာစွဲတွေနဲ့မြင်တယ်၊ အသားအရောင်၊ အဆင့်အတန်းခွဲခြားလိုမှုတွေနဲ့ လူတွေကို ကြည့်တယ်၊ မြင်တယ်။ အစွဲတွေပါလာတော့ အမှန်မမြင်တော့ဘူး။ အမှန်မမြင်တော့





ပြဿနာတွေဖြစ်တယ်၊ ပြဿနာတွေကနေပြီး ပဋိပက္ခတွေဖြစ်တယ်။ ပဋိပက္ခတွေဖြစ်ရင် ငြိမ်းချမ်းခြင်းဆိုတာ လူ့လောကမှာ မရနိုင်တော့ဘူး။ ဒါတွေဟာ လူတွေက လူတွေကို မှန်မှန်မမြင်နိုင်ကြလို့ဖြစ်ရတာ...။ ဒါကြောင့်...ဘုရားသခင်သည်...လူကိုဖန်ဆင်းတော်မူ၏ ဆိုတဲ့ စာကြောင်းဟာ အရေးကြီးတဲ့စာကြောင်းဖြစ်တဲ့ အကြောင်းကို အကြီးအကဲက ရှင်းပြတော့မှ လူငယ်တွေက ကျေနပ်သွားကြတယ်လို့ ပြောသံကြားဖူးတာပဲ။

မြန်မာပြည်က ဗုဒ္ဓစာပေတွေမှာတော့ လူကို ခန္ဓာငါးပါး (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ရှိသူ...၊ မြင်မှု၊ ကြားမှုအစရှိတဲ့ အတွင်းအပ အာယတန(၁၂)ပါးရှိတဲ့သူ၊ ရုပ်သဘော၊ နာမ်သဘော၊ ရုပ်ဓာတ်၊ နာမ်ဓာတ်တွေရှိတဲ့သူအဖြစ်ပဲ မြင်ပြထားတယ်။ ဘယ်လူမျိုး ဖြစ်ဖြစ်၊ ဘယ်ဘာသာဝင်ဖြစ်ဖြစ်၊ ဘယ်လိုဘာသာမဲ့သူပဲဖြစ်ဖြစ်၊ ဘယ်လိုအသားအရောင်ပဲရှိတဲ့လူမျိုးပဲ ဖြစ်ဖြစ် ဆိုခဲ့တဲ့ ခန္ဓာ၊ အာယတန ရုပ်ဓာတ်နာမ်ဓာတ်တွေ စုဝေးနေတဲ့ ခန္ဓာကိုယ်တွေရှိနေတယ်လို့ မြင်တယ်။ အဲဒီလို စုဝေးဖြစ်ပေါ်နေတဲ့ လူဟာ ကောင်းတာတွေလုပ်ရင် ကောင်းတဲ့အကျိုးတွေဖြစ်ပေါ်စေမယ်၊ ဆိုးတာတွေလုပ်ရင် ဆိုးတဲ့ အကျိုးတွေ ဖြစ်ပေါ်စေမယ်လို့ မြင်တယ်။ လူတိုင်းလူတိုင်းမှာ ဒီခန္ဓာတွေ၊ ဒီအာယတနတွေ၊ ဒီဓာတ်သဘောတွေရှိနေတဲ့အတွက် လူတွေဟာ လူတွေအချင်းချင်း ဘာမှ အထင်သေးစရာလည်းမရှိဘူး၊ မုန်းတီးစရာလည်းမရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



မြင်တယ်။ **ဗုဒ္ဓစာပေတွေမှာ တွေ့ရတဲ့ လူနဲ့ပတ်သက်တဲ့အမြင်ဟာ လူမျိုးစွဲ၊ ဘာသာစွဲ၊ အသွေးအရောင် စွဲတွေကင်းတဲ့ အမြင်ဖြစ်တယ်။** ဒီအစွဲတွေကင်းလွတ်စွာနဲ့ လူတွေကို ကြည့်မြင်တတ်ရင် လူ့မှုပဋိပက္ခတွေ အများကြီး လျော့နည်းသွားမှာ...။

▲▲▲

အထက်ပါသူ့စကားတွေကို နားထောင်နေရင်းက...'အာမနာကျောင်း ကျောက်စာ'မှ သိယ်သူ့သမီး ဆုတောင်းသည့် 'အချင်းချင်း...အမျက်...တစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ...' ဟူသော စာကြောင်းကို မြင်ယောင်ပါသည်။ ဆုတောင်းသံကိုလည်း ကြားယောင်နေပါသည်။

အမှတ် ၉၉၊ အင်တာဗျူးဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com

# ခရီးတွင်စေဖို့

▲

စကားဝိုင်းတွင် ဟိုအကြောင်း သည်အကြောင်းပြောရင်းမှ ဖိနပ်အကြောင်းကို ပြောဖြစ်နေကြသည်။

▲ ▲

ထိုင်ဝမ်မှလာသော ခြေဖမိုးတွင် ကြိုးကြီး ကြိုးသေးပါသော ခြေမကွင်းထိုးပုံ (Dashunhon) တံဆိပ်နှင့် ခဲမှုန်ရောင် လေးလက်မ တစ်ပြေးညီခုံထူဖိနပ်၏ဈေးက ၆၉၀၀ ကျပ်ကျော်ကြောင်း။

ခြေဖမိုးတွင် ကြိုးသုံးချောင်းပါသော ကြိုးသိုင်းပုံ လေးလက်မ တစ်ပြေးညီ ခုံထူဖိနပ်၊ ခဲမှုန်ရောင်ကျတော့ ၇၂၀၀ ကျပ် ဖြစ်ကြောင်း။

ထို့နောက် ကွယ်လွန်သူ ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုး Gentlemen Prefer Blondes ရုပ်ရှင်ကားရိုက်စဉ်က စီးခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ရွှေစီကွင်းထိုးဖိနပ်ကို လေလံတင်ရောင်းမည့်အကြောင်း၊ ထိုဖိနပ်အတွက် အမေရိကန်ဒေါ်လာ ၄၀၀၀ ရမည်ဟုခန့်မှန်းထားသည့် အကြောင်းတွေကို ပြောနေကြသည်။

ဖိလစ်ပိုင် သမ္မတဟောင်းကတော် အီမယ်ဒါမားကို့စ် Imelda Marcos သူတို့တိုင်းပြည်ကို စွန့်ခွာသွားစဉ်က ကျန်ရစ်ခဲ့သည့် ဖိနပ်အရန် ၁၂၂၀ အကြောင်းကိုလည်း ပြောနေကြသည်။

တစ်ဦးတည်းသော မိတ်ဆွေက အမေရိကန်လုပ် ယောက်ျားစီး Walking Shoesဖိနပ်တစ်ရန်ကို ၅၀၀၀၀ ကျပ် ဈေးခေါ်သည့် အကြောင်းကိုလည်း ပြောနေသည်။

တစ်ဦးသော မိတ်ဆွေက နည်းပညာတိုးတက်လာသော ခေတ်ကြီးမှာ ပြုလုပ်သည့်ဖိနပ်များထက် ရှေးခေတ်ကပြုလုပ်သော ဖိနပ်များကသာ လူ့ဘဝအကြောင်းကို ပြောပြနိုင်သော ဖိနပ်များ ဖြစ်သည်ဟုဆိုပါသည်။ သူ့အဆိုကို ကျွန်တော်တို့က ရုတ်တရက် နားမလည်ဘဲဖြစ်နေပါသည်။ ထို့ကြောင့် သူဘာကိုဆိုလိုသည်ကို သဘောပေါက်ဖို့ သူ့စကားကိုစောင့်နေကြသည်။ သူက အောက်ပါ ဖြစ်ရပ်ကို ဆက်ပြောသည်။

▲ ▲ ▲

လူတစ်ဦးသည် အရေးကြီးသော ကိစ္စတစ်ခုကို ဆောင်ရွက်ရန် ခရီးသွားဖို့ရှိနေသည်။ သူသွားရမည့်ခရီးမှာ နေပူသဲပူနှင့် ဆူးငြောင့်တွေရှိသည့် ကန္တာရခရီးဖြစ်သည်။ ထိုခရီးကိုသွားဖို့



သူ့အတွက် ခိုင်ခံ့သည့် ဖိနပ်ကောင်းကောင်းတစ်ရန်လိုသည်ဟု တွေးမိသည်။ သို့နှင့် ဖိနပ်လုပ်ဖို့ခိုင်ခံ့သည့် သားရေကို လိုက်ရှာသည်။ ကောင်းစွာခြောက်သွေ့နေသော နွားသားရေပြားတစ်ချပ်ကို ရသွားသည်။ ထိုအခါ နွားသားရေကိုလှီးဖြတ်ပြီး အခိုင်အခံ့ဖိနပ်လုပ်သည်။ ဖိနပ်လုပ်ပြီးသောအခါ ထိုသူခရီးထွက်လာခဲ့သည်။

သို့ရာတွင် မကြာခင် ဖိနပ်ပေါက်သည့်ဝေဒနာကိုခံစားရတော့သည်။ သူ့ဖိနပ်က သားရေနယ်အတတ်ဖြင့် ကောင်းစွာပျော့ပျောင်းအောင် လုပ်ထားသော သားရေပြားကိုလုပ်ထားသည့် ဖိနပ်မဟုတ်သောကြောင့် အောက်ခံသားရေကလည်း မာသည်။ သဲကြိုးတွေကလည်း မာသည်။ ထို့ကြောင့် ခရီးသွားလို့မှမကြာသေး၊ သူ့ခြေဖဝါးက အရေအသားတွေ ပေါက်ပြဲကုန်သည်။ သိုင်းကြိုး သားရေက သူ့ခြေဖမိုးကအရေအသားတို့ကို ကိုက်ဝါးစားသလိုခံစားရသည်။ အရေပြားတွေပေါက်ကွဲပြီး သွေးတွေ ခြင်းခြင်းနီထွက်ကုန်သည်။

မြေပူသဲပူနှင့် ဆူးငြောင့်ခလုတ်အန္တရာယ်တို့ကင်းဝေးပြီး ခရီးတွင်ကျယ်လိမ့်မည်ဟူသောအထင်နှင့် စီးခဲ့သော ဖိနပ်က သူ့ကို နှောင့်နှေးအောင်လုပ်သည်။ မသွားနိုင်တော့လောက်အောင် ဒုက္ခပေးသည်။ သူအချိန်မီမရောက်သည့်အတွက် အခြားသူများလည်း ထိခိုက်နစ်နာမှုတွေ ဖြစ်ကုန်သည်။

ဂေါတမဗုဒ္ဓမတိုင်မီကရော၊ ဂေါတမဗုဒ္ဓလက်ထက်မှာပါ လွတ်မြောက်ရေးတရားအတွက် အပြင်းအထန် အားထုတ်ကြသော ဂျိန်းဝါဒီများဟုခေါ်သောသူများ ရှိခဲ့သည်။ ထိုသူများက...

လူ၌ လောဘ၊ ဒေါသ အစရှိသော အစွဲတဏှာ ကိလေသာ



www.burmeseclassic.com

www.burmeseclassic.com



တရားတို့ ရှိနေကြသည်။ ထိုတရားတို့ရှိနေသောအခါ ပြင်ပမှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတည်းဟူသော အာရုံရုပ်တရားများကို ဖွဲ့လမ်းတောင့်တမှုများဖြစ်သည်။ ထို့ကြောင့် အလွန်သိမ်မွေ့သောအာရုံရုပ်တရားတို့က မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်တို့မှတစ်ဆင့် အတ္တဆီသို့ ဝင်ရောက်ကပ်ငြိကြသည်။ ယင်းသို့ ဝင်ရောက်ကပ်ငြိလာသောရုပ်တို့သည် အတ္တ၌ ကံအဖြစ်သို့ ကူးပြောင်းရောက်ရှိဖွဲ့စည်းမိကြသည်ဟု ယူဆကြသည်။ ထိုသို့ဖွဲ့စည်းမိရန် ဝင်ရောက်လာသော ကမ္မရုပ်တို့ အတ္တအတွင်းသို့ ကံဖြစ်ဖို့ရန် ဝင်ရောက်လာခြင်း(ဝါ) စီးဝင်လာခြင်းကို ဂျိန်းဝါဒီတို့က အာသဝ(အာသဝေါတရား)ဟုခေါ်ကြသည်။ ကမ္မရုပ်တို့ အတ္တအတွင်း စီးဝင်၍ ကံများအဖြစ်ရောက်ရှိသောအခါ ထိုကံတို့က အတ္တကို နှောင်ဖွဲ့ကန့်သတ်မှုတွေကို ပြုလေတော့သည်။ အတ္တကို လွတ်မြောက်ရေး မရနိုင်အောင် နှောင်ဖွဲ့ပိတ်ပင်လိုက်ကြသည်။ ထိုကံအနှောင်အဖွဲ့တို့ အတ္တမှ မကုန်သရွေ့၊ မစင်ကြယ်သရွေ့ လူ၏အတ္တသည် တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရွှေ့ကျင်လည်နေရသည်။ သို့ဖြစ်၍ အတ္တသို့ ကမ္မရုပ်အသစ်များမဝင်နိုင်အောင် မျက်စိ; နား စသည်တို့၌ ထိခိုက်လာသော အဆင်း, အသံ စသည်တို့ကို မတပ်မက်၊ မဖွဲ့လမ်းမိအောင် အစွမ်းကုန် ပင်ပင်ပန်းပန်းဖြင့် ချုပ်တီးကြသည်။

ကမ္မရုပ်တို့က သက်ဆိုင်ရာ အကျိုးပေးသက်ရောက်မှုတို့ ဖြစ်ပါမှ အတ္တမှ ကွာ၍ ကွာ၍ ထွက်နိုင်သည်။ စင်ကြယ်၍ စင်ကြယ်၍ သွားနိုင်သည်။ သို့ဖြစ်ခြင်းကြောင့် ဖြစ်ခဲ့ပြီး ကမ္မရုပ်





တို့ အတ္တမှ မြန်မြန်ကွာရှင်းစင်ကြယ်သွားအောင် အတ္တကိလမထဟူသော မိမိကိုယ်ကိုဆင်းရဲဒုက္ခခံသည့် အကျင့်ကိုကျင့်ကြသည်။ ဆင်းရဲဒုက္ခခံခြင်းသည် ကမ္မရုပ်ဟောင်းတို့ကို အကျိုးပေးသက်ရောက်စေသော သဘောပင်ဖြစ်သည်။ များများ ဒုက္ခဆင်းရဲခံလေ မြန်မြန်ကမ္မရုပ်ဟောင်းတို့ အတ္တမှ ကုန်စင်သွားလေဖြစ်မည်ဟူသော ယူဆချက်ဖြင့် ဂျိန်းဝါဒီများသည် ဆူးပေါ်၌အိပ်ခြင်းများ၊ ပူပြင်းသောနွေနေ့လယ်၌ မီးလှုံခြင်းများ၊ အလွန်ချမ်းအေးသောအချိန်၌ ရေချိုးခြင်း၊ ရေငုပ်ခြင်းများကို ပြုလုပ်ကြသည်။ စိတ်ကူးအမျိုးမျိုးဖြင့် ကမ္မရုပ်ဟောင်းများကို ကုန်အောင် ချေဖျက်နေသော ဂျိန်းဝါဒီများကို ဗုဒ္ဓဂေါတမက “ငါ့ရှင် နိဂဏ္ဌာတို့…သင်တို့ဟာ ကံဟောင်းတွေကို ဘယ်မျှ ချေဖျက်ပြီးပြီ၊ နောက်ထပ် ချေဖျက်စရာကောမည်မျှကျန်သေးသည်ကို သိကြပါ၏လော”ဟု မေးဖူးသည်။ အမေးခံရသော နိဂဏ္ဌာ(ဂျိန်းဝါဒီ)များက မသိပါကြောင်း ဖြေကြသည်။

▲▲▲▲

အထက်ပါအကြောင်းအရာကိုပြောပြီးနောက် မိတ်ဆွေဖြစ်သူက “ဂျိန်းဝါဒတွေဟာ သူတို့ရဲ့ အယူအဆဟာ တကယ်ကို မှန်တယ်၊ ကောင်းတယ်ထင်ပြီး အတ္တကိလမထတွေကို လုပ်နေကြတာပဲ။ ဒါပေမယ့် ဒီလိုလုပ်ဆောင်သူဟာ မိမိကိုယ်တိုင်လဲ ဆင်းရဲဒုက္ခရောက်တယ်။ စောစောက ကန္တာရခရီးသွားလိုပေါ့ဗျာ။ နွားသားရေကို ဖိနပ်လုပ်ပြီးစီးရင် တကယ်နိုင်မယ်၊ ခရီးတွင်ကျယ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စပြီးမြောက်မယ်လို့ထင်တယ်။ ဒါပေမယ့် ကောင်းကောင်းသားရေနယ်ထားတာမဟုတ်တော့ ဖိနပ်ပေါက်ပြီး သူလဲဒုက္ခရောက်တယ်။ သူနဲ့နီးနွယ်ဆက်စပ်နေသူတွေဟာလဲ သူအချိန်မီ လုပ်ဆောင်ရမှာကို မဆောင်ရွက်နိုင်လို့ ဒုက္ခရောက်သလိုပေါ့။ ဒီနေ့ ခေတ်မီတိုးတက်နေပါတယ်ဆိုတဲ့ ကမ္ဘာကြီးမှာလဲ ကိုယ့်အယူအဆ၊ ကိုယ့်ဝါဒသဘောတရားတွေကို ဟုတ်တယ်၊ မှန်တယ်၊ ခိုင်ခံ့တယ်၊ အကျိုးရှိတယ်ထင်ပြီး လုပ်နေတာတွေ ရှိနေတာပဲ။ ဒီလိုလုပ်နေရင် ကိုယ်လည်း အကျိုးမဲ့ဖြစ်နိုင်တယ်၊ သူများတွေလည်း ထိခိုက်နစ်နာတာတွေ ရှိလာနိုင်တယ်" ဟု ဆိုနိုင်ပါသည်။

BURMESE CLASSIC .com


▲▲▲▲▲

သူပြောတာနားထောင်ရင်းမှ မခိုင့်တခိုင်ဖြစ်နေသော ကျွန်တော့်ဖိနပ်ကို သတိထားမိပါသည်။

"ဪ... ငါ့ဖိနပ်ကို လဲရဦးမှာပါလား"ဟု ကျွန်တော်က တွေးရင်း ဖိနပ်ဈေးနှင့် ဝယ်နိုင်အားကို ချိန်ဆနေမိပါသည်။

၂၀၀၀ ပြည့်နှစ်၊ ပို့ဆောင်ရေးမဂ္ဂဇင်း





www.burmeseclassic.com

www.burmeseclassic.com

## အရောင်တင်သူများ

ဆရာတွေ ဆုံကြတော့ ဆရာတွေနဲ့ပတ်သက်သည့်အကြောင်းတွေပြောဖြစ်ကြသည်။

ဆရာ၏ဝတ္ထုရှားများအကြောင်းကိုလည်း ပြောဖြစ်ကြသည်။ ဆရာတစ်ဦးက "တာဝန်နှင့်ဝတ္တရား ဘာခြားသလဲ"ဟု မေးသောအခါ အခြားတစ်ဦးက ခြားနားပုံကို ရှင်းသည်။ ရှင်းရင်းရှင်းရင်း သူ့ဟာသူ ရှုပ်နေပုံပေါ်ပါသည်။

ဆရာ၏ လမ်းညွှန်ပြသမှုအရေးပါပုံကိုလည်း ပြောကြသည်။ ဆရာ၏စကားသုံးနှုန်းဖြင့် ဘုရင်အဖြစ်ရောက်သွားသော မောင်ပေါက်ကျိုင်းအကြောင်းကိုလည်း ပြောကြသည်။ စိတ်ထား မှုမမှန်သော ဆရာ၏စကားကြောင့် အင်္ဂုလိမာလ လူသတ်သမားကြီးဖြစ်သွားခဲ့ရကြောင်းကိုလည်း ပြောကြသည်။

EIGHT DRAGONS BOOKS



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာဘဝ၏ 'နာသုံးနာ'အကြောင်း ပြောနေကြပြန်သည်။ ဆရာတစ်ဦးက "ခင်ဗျားတို့ ဓညဝတီခေတ်မှာ ဆရာဖြစ်ရင် တကယ် 'နာ'နိုင်တယ်"ဟု ဆိုပြီးနောက်…

ကျွန် မကောင်းလျှင် သခင်ကို စီရင်ရမည်။

မယား မကောင်းလျှင် လင်ကို စီရင်ရမည်။

သမီး မကောင်းလျှင် အမိကို စီရင်ရမည်။

သား မကောင်းလျှင် အဖကို စီရင်ရမည်။

တပည့် မကောင်းလျှင် ဆရာကို စီရင်ရမည်–

ဟု အာဏာတော်ငါးရပ်ထားခဲ့ကြောင်းကို 'မြန်မာမင်းများ အရေးတော်ပုံစာအုပ် ခြောက်စောင်တွဲ'မှ ဓညဝတီအရေးတော်ပုံကို ကိုးကား၍ပြောသည်။ ရခိုင်ပြည်သမိုင်းမှာ ခေတ်ကြီးလေးခေတ်ရှိကြောင်း၊ ထိုခေတ်ကြီးတွေထဲမှ လေးမြို့ခေတ် (အေဒီ ၁၈၁ မှ ၁၄၃၀)က တစ်ပါးဖြစ်တဲ့ "မင်းဟီးဆိုတဲ့ ဘုရင်လက်ထက်မှာ… ဆရာ မဖြစ်ခဲ့ရတာကို ခင်ဗျားတို့ ကံကောင်းတယ်လို မှတ်'ဟု ဆိုနေသည်။ ဤတွင် အခြားဆရာတစ်ဦးက "ကျွန်တော် တကယ် 'နာ'တာ တစ်ခုရှိတယ်"ဟု စကားစကာ 'သူနာခဲ့ရပုံ' အကြောင်းကို အောက်ပါကဲ့သို့ ပြောပြသည်။

မဟာတန်းကျောင်းသား ကျောင်းသူတွေကို ရေးရမယ့် စာတမ်းငယ် (Assignments)တွေမပြီးလို့ ကျွန်တော်က သူတို့ကို တော်တော်နှိမ်ပြီး ဆူပူခဲ့မိတယ်ဗျ။ နောက်တစ်နေ့မှာ ကျွန်တော့် မိတ်ဆွေဆရာတစ်ဦးက ကျွန်တော့်ကို အတန်းထဲက မောင်ရင့်





တပည့်တွေက အော်ဟစ်ပြီး အကြီးအကျယ် ဟားတိုက်ရယ်မောနေတယ်လို့ လာပြောတယ်။ ဘယ်လိုဟားကြတာလဲလို့မေးတော့ ကျောင်းသားတစ်ဦးက SPUTNIK စာစောင်ထဲက အကြောင်းအရာတစ်ခုကို သူ့အတန်းသားတွေကိုပြောပြပြီး ဟားကြတာတဲ့။ အကြောင်းအရာက ဒီလို…

တပည့်တွေကို အားမလိုအားမရဖြစ်နေတဲ့ ပါမောက္ခက…

"မင်းတို့တွေဟာ အခုအသက်အရွယ်ထိ ရောက်နေပြီ၊ ဒါတောင် ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်ကြသေးဘူး၊ အလက်ဇန္ဒာဘုရင်ကြီးကိုကြည့်စမ်း၊ မင်းတို့အရွယ်လောက်မှာပဲ ကမ္ဘာတစ်ဝက်ကို အုပ်စိုးနေနိုင်ပြီ"

ဒီလိုပြောတော့ ကျောင်းသားတစ်ဦးက ထရပ်ပြီးတော့…

"ဟုတ်ပါတယ်ဆရာ၊ သူ့မှာက အာရစ္စတိုတယ် (Aristotle) လို ဆရာကောင်းနဲ့ စာသင်ခဲ့ရတာကိုး"လို့ ပြန်ပြောလိုက်တယ်တဲ့ဗျ။

'အဲဒီအကြောင်းကို သူ့အဖော်အပေါင်း အတန်းသူ အတန်းသားတွေကို ပြောပြီး ကျွန်တော့်ကို ဟားကြတာဖြစ်မှာပေါ့ဗျာ၊ သူတို့ ဟားကွက် ဟာ ဘယ်အထိရောက်တယ်ဆိုတာ စဉ်းစားကြည့်၊ ဆရာလိုညံ့ဖျင်း တဲ့သူနဲ့…ဆရာညံ့ကြီးနဲ့ စာသင်နေရလို့ ကျွန်တော်တို့ ညံ့နေတာလို့ပြောတဲ့ သဘောပဲ။ ကျွန်တော် 'နာ'လိုက်တာမှ ဘာပြောကောင်းမလဲ။ ဆီမက်စတာ(Semester)တစ်ခုကုန်သည်အထိ အနာမပျောက်ဘူး။ ဒါပေမယ့် အခုတော့ခွင့်လွှတ်နိုင်ပါပြီ၊ ငါ့ကို ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်အောင် ကြိုးစားဖို့ ပညာပေးလိုက်တာပဲ၊ သတိပေးလိုက်တာပဲလို့ တွေးပြီး ခွင့်လွှတ်လိုက်တာပါ”

အထက်ပါစကားကို ပြောပြီးနောက် သူက တိုက်ပုံအင်္ကျီကို ပြန်ဝတ်၊ စာရွက်စာတမ်းများကို ယူ၍ အတန်းဝင်မည်ဟုဆိုကာ ထွက်ခွာသွားပါသည်။ ဆရာပုံပေါ်လွင်လှသည့် သူ့သွင်ပြင်ဟန်ပန်ကို ငေးကြည့်နေမိရင်းက...

‘အရောင်ထွက်နိုင်သော တပည့်တွေနှင့် ဆုံတွေ့ပါစေ’ဟု လျှောက်လှမ်းသွားနေသော ဆရာ့ကို ကျွန်တော်က ကျိတ်ပြီး ဆုတောင်းပေးလိုက်မိပါတယ်။

အမှတ် ၉၈၊ ပေါ်ပြူလာဂျာနယ်

EIGHT DRAGONS BOOKS



စာအုပ်ဖိုးဆိုက စာအုပ်တွေ၊ ကျမ်းတွေကို
ငေးကြည့်နေတဲ့ ကျွန်တော့်ရဲ့ စိတ်ထဲ ကို
ဒီကျမ်းတွေ စာအုပ်တွေက ပြောထားတာတွေဟာလည်း
**မှန် ချင်မှ မှန်မှာ..** ဆိုတဲ့ အတွေး
တွေက ဝင် လာတယ်၊ ပြီးတော့ ကျွန်တော်
ဖတ်လာခဲ့တဲ့ စာအုပ်ကြီးထဲက ရေးသားထားတာ တွေဟာလည်း
ဟုတ်ချင်မှ ဟုတ်မှာပါ... ဆိုတဲ့ အတွေးက
ဆက်တိုက် ဖြစ်လာတယ်၊ အဲဒီ အတွေးနဲ့ စာအုပ်
ကိုပိတ်၊ စာကြည့်တိုက် တာဝန်ကျနေတဲ့ ဆရာမဆီမှာ
ပြန်အပ်ပြီး ကျွန်တော် ဒီကို ရောက်လာခဲ့တာ၊ ဒါပေမဲ့
စာကြည့်တိုက် အပြင်ကိုရောက်မှာ ကိုယ့်ကိုကိုယ် သိလိုက်
ပါတယ်၊ အလဲ ဆိုတော့ စာအုပ်တွေကို ဖတ်သင့်
လေ့လာသင့်ပါလျက် မဖတ်နိုင်တော့၊ မလေ့လာနိုင်တော့၊
ဖတ်ဖို့ ပျင်းတာကို ဒီစာအုပ်တွေက ပြောနေတာ
တွေဟာ ဟုတ်ချင်မှ ဟုတ်မှာပါဆိုတဲ့... အတွေးနဲ့
ငါဟာ ဖုံးကွယ် လှည့်စားခဲ့မိပါလား လို့ သိလိုက်တာပါ၊
အဲဒါပါပဲ၊ လူဆိုတာ သူများကို ညာဝါးဖုံးမှု
မဟုတ် ■ ဘူးပဲ၊ **ကိုယ့်ကိုကိုယ်လည်း
ညာတယ်၊ လှည့်စားတယ်၊
လိမ်တယ်..**

www.burmeseclassic.com

www.burmeseclassic.com

# ညာချင်းဆုံ

▲

ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန စာကြည့်တိုက်မှ လာခဲ့သည်ဆိုသော မိတ်ဆွေဖြစ်သူ ဒဿနဆရာနှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ပြန်လာခဲ့သောကျွန်တော် 'မြကျွန်းသာ' လက်ဖက်ရည်ဆိုင်တွင် ဆုံကြသည်။

ဟိုအကြောင်း သည်အကြောင်းတွေပြောနေကြရာမှ သူက သူဖတ်နေဆဲဖြစ်သည့် စာအုပ်အကြောင်းကို ပြောပြသည်။

▲▲

'ဂျာမန်ဒဿနပညာရှင် ရှိုပင်ဟောင်ဝါ (Schopenhauer) ရေးတဲ့ The World as Will and Idea ဆိုတဲ့ စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေတာ နှစ်ရက်ရှိပြီ၊ မပြီးနိုင်ဘူး။ အဲဒီစာအုပ်က ၁၈၁၈ ခုနှစ်မှာ ပထမအကြိမ်ထွက်တယ်၊ စာအုပ်က ရောင်းမစွံဘူး။ ၁၆ နှစ်လောက်ကြာတာတောင် စာအုပ်တွေ ရောင်းမကုန်လို့ ထုတ်ဝေသူက ကုန်ထုတ်စက္ကူအဖြစ် ရောင်းပစ်လိုက်ရတယ်တဲ့။ ရှိုပင်ဟောင်ဝါ ခများမှာလဲ မေတ္တာလက်ဆောင် စာအုပ် ၁၀ အုပ်ရတာကလွဲလို့ စာမူခ တစ်ပြားတစ်ချပ်မှ မရရှာဘူးလို့ဆိုတာပဲ။ သူ့စာအုပ်က ဒုက္ခအကြောင်းကို တခမ်းတနား ဖော်ကျူးဖွဲ့ဆိုထားတဲ့စာအုပ် ဆိုတော့ ဒုက္ခတွေကို ရွံမုန်းကြတဲ့သူတွေအနေနဲ့ သူ့စာအုပ်ကို ဖတ်ဖို့ ဘယ်မှာစိတ်ဝင်စားကြမှာတဲ့လဲဗျာ...

'ဒါပေမယ့် ရှိုပင်ဟောင်ဝါက သူ့စာအုပ်မစွံတာကိုစိတ်မပျက်ဘူး၊ လူတွေသူ့စာအုပ်ကို တစ်ချိန်ချိန်မှာ စိတ်ဝင်စားလာကြလိမ့်မယ်လို့ ယုံကြည်ထားတယ်။ ယုံကြည်ထားတဲ့အတိုင်းပဲ သူ့ဘဝရဲ့ နောက်ဆုံးနှစ်တွေမှာ သူ့စာအုပ်ကို ဖတ်ရှုလေ့လာသူတွေများလာပြီး သူဟာလဲ ထင်ပေါ်ကျော်ကြားတဲ့ ပညာရှင်အဖြစ်ရောက်သွားတယ်...

'သူ့စာအုပ်ကို ဖတ်ရတာ မသွက်လက်ဘူး၊ စာမသွားဘူး ဖြစ်နေတယ်။ ဒါနဲ့...စာအုပ်ကနေ မျက်နှာခွာပြီး ဟိုသည်လှမ်းကြည့်မိတယ်။ ကြည့်လေရာရာမှာ စာအုပ်ဗီရိုတွေချည်းပဲ၊ သားရေဖုံး အခန့်ချုပ် ကျမ်းစာအုပ်ကြီးတွေလဲ ရှိနေလေရဲ့။ များလိုက်တဲ့စာအုပ်တွေ...လက်လေးလုံး၊ လက်ငါးလုံးလောက်ထူတဲ့ စာအုပ်ကြီးတွေ





ကိုလဲ လှမ်းမြင်နေရတယ်။ တစ်သက်လုံး မအိပ်မနေဖတ်နေလဲ ဒီစာအုပ်တွေကို ဖတ်လို့ကုန်မှာ မဟုတ်ပါဘူးလို့ စိတ်ထဲက တွေးမိတယ်။ နောက်ကျောဘက်လှည့်ကြည့်လိုက်တော့လဲ စာအုပ်အမည်တွေကို ဝင်းလက်နေတဲ့ ရွှေစာလုံးတွေနဲ့ ရေးထားတဲ့ ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်ကြီးတွေကလဲ ဗီရိုတွေထဲမှာ ခဲ့ခဲ့ညားညား နေနေလိုက်ကြတာ အများကြီးမှ အများကြီး၊ ဒီစာအုပ်တွေကို ရင်မောမောနဲ့ကြည့်နေရင်းက ကျမ်းစာကိုဆန့်ကျင်ပြီး ပြောမိလို့ အသတ်ခံခဲ့ရတဲ့ သိပ္ပံပညာရှင် ဗရူနို (Bruno)အကြောင်းကို အမှတ်ရတယ်။ တစ်ဆက်တည်းမှာပဲ ဂယ်လီလီယို ဂယ်လီလိုင် (Galiliu Goleli)ကိုလဲ အမှတ်ရတယ်။ ဂယ်လီလီယိုက အာရစ္စတိုတယ် Aristatle ရဲ့ ကျမ်းစာလာ အယူအဆကို ဆန့်ကျင်သူ တစ်ဦးမဟုတ်လား'

'အာရစ္စတိုတယ်က ကမ္ဘာကျော် အလက်ဇန္ဒားဘုရင်ရဲ့ ဆရာ၊ ကျမ်းပေါင်းများစွာကို ပြုစုနိုင်ခဲ့တဲ့ ပညာရှင်ကြီး၊ အာရစ္စတိုတယ်ရဲ့ ကျမ်းတွေဟာ အနောက်တိုင်းက ဘာသာရေး၊ လူမှုရေးနယ်ပယ်၊ သိပ္ပံပညာနယ်ပယ်တွေအပေါ်မှာ နှစ်တစ်ထောင်ကျော်လောက် လွှမ်းမိုးခဲ့တာဗျာ၊ ဘယ်လောက်တောင် သူ့ကျမ်းစာတွေရဲ့ အရှိန်အဝါက မြင့်မားသလဲဆို...အယူအဆတစ်ခုခုတင်ပြလာရင်၊ ဒါမှမဟုတ် အယူအဆသစ်တစ်ရပ်ကို ရလာရင် အဲဒီအယူအဆ မှန်,



www.burmeseclassic.com

www.burmeseclassic.com



မမှန်ကို အာရစ္စတိုတယ်ရဲ့ကျမ်းလာ အဆိုအမိန့်နဲ့ ကိုက်ညီမှုရှိသလား၊ တိုက်ဆိုင်ကြည့်၊ မကိုက်ညီဘူးဆိုရင်…အဲဒီအယူအဆဟာ မှားတယ်လို့ယူဆကြတယ်။ အာရစ္စတိုတယ်ကတော့ မမှားဘူး၊ တခြားသူတွေပဲ မှားနိုင်တယ်ဆိုတဲ့ သဘောပေါ့ဗျာ။ အဲဒီလောက်တောင် အာရစ္စတိုတယ်ရဲ့ ပုဂ္ဂိုလ်ရေး အရှိန်အဝါ၊ စာပေအရှိန်အဝါဟာ ကြီးမားခဲ့တာ…

'အာရစ္စတိုတယ်က ရူပဗေဒနဲ့ဆိုင်တဲ့ အယူအဆ သီအိုရီ တစ်ရပ်ကို ချမှတ်ထားတာရှိတယ်။ ဘာလဲဆိုတော့ 'အောက်ကို ကျဆင်းနေတဲ့ အရာဝတ္ထုတွေရဲ့ အမြန်နှုန်းဟာ အဲဒီအရာဝတ္ထုတွေရဲ့ အလေးချိန်နဲ့ တိုက်ရိုက်အချိုးကျတယ်'တဲ့။ ဒါကို လွယ်လွယ်ပြောရရင် အရာဝတ္ထုနှစ်ခုကို အောက်ကိုပြိုင်တူလွှတ်ချလိုက်လို့ရှိရင် လေးတဲ့အရာက အလျင်အဦးကျမယ်လို့ ဆိုလိုတာပဲ။ သာမန်အားဖြင့် ကျွန်တော်တို့လဲ ဒီလိုပဲလက်ခံထားတာမဟုတ်လား၊ အဲဒီအာရစ္စတိုတယ်ရဲ့ အဆိုမှားကြောင်းကို ဂယ်လီလီယိုက စောင်းငဲ့နေတဲ့ ပီဆာမျှော်စင်ပေါ်ကနေ တစ်ပေါင်လေးတဲ့ ခဲတုံးတစ်ခုနဲ့ ၁၀ ပေါင်လေးတဲ့ ခဲတုံးတစ်ခုကို ပြိုင်တူချပြတယ်၊ ခဲတုံးနှစ်ခုလုံးဟာ မြေပေါ်ကို ပြိုင်တူကျတာကို တွေ့ရတယ်တဲ့၊ ကြားခံနယ်မှာရှိတဲ့ လေရဲ့ခုခံမှုကို ပယ်ထားနိုင်ရင် ဘယ်အရာဝတ္ထုမဆို တူညီတဲ့ ကမ္ဘာ့ဆွဲအားအရှိန်နဲ့ ပြိုင်တူကျမယ်လို့ ယူဆပြီး ဂယ်လီလီယိုက စမ်းသပ်တာဖြစ်နိုင်ပါတယ်…





'တချို့စာအုပ်တွေမှာတော့ ဂယ်လီလီယိုက ငှက်တောင်နဲ့ ဒင်္ဂါးပြားကို ပီဆာမျှော်စင်ပေါ်ကနေပြီး ပြိုင်တူလွှတ်ချပြတယ်လို့လဲ ရေးတတ်ကြတယ်။ စတီဖင်ဟော့ကင်း (Stephen W.Hawking) ကတော့ ဂယ်လီလီယိုဟာ ပီဆာမျှော်စင်ပေါ်ကနေပြီး အလေးချိန်မတူတဲ့ အရာဝတ္ထုနှစ်ခုကို လွှတ်ချပြတယ်ဆိုတာ ပုံပြင်အနေနဲ့ ပြောခဲ့တာဖြစ်မှာပါ။ ဂယ်လီလီယိုဟာ မျှော်စင်ပေါ်ကနေပြီး ဘာမှ လွှတ်ချပြတာမဟုတ်ပါဘူးတဲ့။ ဒါပေမယ့် အလေးချိန်မတူတဲ့ အရာဝတ္ထုတွေကို ချောမွတ်တဲ့ ဆင်ခြေလျှောအတိုင်း လွှတ်ချစမ်းသပ်ကြည့်ခဲ့တာမျိုးကိုတော့ လုပ်ခဲ့ပါလိမ့်မယ်လို့ ရေးပြတာကို ဖတ်ဖူးတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ဂယ်လီလီယိုဟာ နှစ်တစ်ထောင်ကျော်လောက် ရူပဗေဒလောကမှာ လွှမ်းမိုးခဲ့တဲ့ အာရစ္စတိုတယ်ရဲ့ ကျမ်းစာလာ အယူအဆကို မှားကြောင်း သက်သေပြနိုင်ခဲ့တာပဲ…

'ဒီအကြောင်းတွေ တွေးရင်းနဲ့'ကာလမသုတ်'မှာလာတဲ့ ကျမ်းကြီးကျမ်းခိုင်ကလာတဲ့ အယူအဆဖြစ်သောကြောင့်လဲ မှန်ပြီလို့ မယူနဲ့ဦး။ ထင်ရှားတဲ့၊ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကြီးက ပြောဆိုယူဆထားတာဖြစ်တဲ့အတွက်ကြောင့်လဲ မှန်ရမယ်လို့ မယူကြနဲ့ဦး။ မိမိတို့ လေးစားတဲ့ဆရာရဲ့ စကားဖြစ်တဲ့အတွက်ကြောင့်လဲ မှန်ပြီလို့ မယူဆနဲ့ဦး…ဆိုတဲ့ ဂေါတမဗုဒ္ဓရဲ့ စကားတွေကို အမှတ်ရပါတယ်။ ဒီလိုအမှတ်ရခြင်းတွေနဲ့အတူ အလက်ဇန္ဒားလိုမင်းရဲ့ဆရာကြီးဖြစ်တဲ့ အာရစ္စတိုတယ် ရေးသားထားတဲ့၊ ကျမ်းစာ



www.burmeseclassic.com

www.burmeseclassic.com



ကလာတဲ့ အယူအဆဖြစ်ပေမယ့်လဲ မှန်ပြီလို့ မယုံနဲ့လို့ ကျွန်တော့် စိတ်ထဲက ပြောမိနေကယ်...

'စာအုပ်ဗီရိုထဲက စာအုပ်တွေ၊ ကျမ်းတွေကို ငေးကြည့်နေတဲ့ ကျွန်တော့်ရဲ့စိတ်ထဲကို ဒီကျမ်းတွေ၊ စာအုပ်တွေက ပြောထားတာ တွေဟာလဲ မှန်ချင်မှ မှန်မှာ...ဆိုတဲ့ အတွေးတွေက ဝင်လာတယ်။ ပြီးတော့ ကျွန်တော်ဖတ်လက်စ စာအုပ်ကြီးထဲက ရေးသားထားတာ တွေဟာလဲ ဟုတ်ချင်မှ ဟုတ်မှာပါ...ဆိုတဲ့ အတွေးက ဆက်တိုက် ဖြစ်လာတယ်။ အဲဒီအတွေးနဲ့ စာအုပ်ကိုပိတ်၊ စာကြည့်တိုက် တာဝန်ကျနေတဲ့ ဆရာမဆီမှာ ပြန်အပ်ပြီး ကျွန်တော် ဒီကိုထွက်လာ ခဲ့တာ။ ဒါပေမယ့် စာကြည့်တိုက်အပြင်ကိုအရောက်မှာ ကိုယ့်ကိုယ် ကို သိလိုက်ပါတယ်၊ ဘာလဲဆိုတော့ စာအုပ်တွေကို ဖတ်သင့် လေ့လာသင့်ပါလျက် မဖတ်နိုင်တာ၊ မလေ့လာနိုင်တာ၊ ဖတ်ဖို့ပျင်းတာ ကို ဒီစာအုပ်တွေက ပြောနေတာတွေဟာ ဟုတ်ချင်မှ ဟုတ်မှာပါ... ဆိုတဲ့အတွေးနဲ့ ငါဟာ ဖုံးကွယ်လှည့်စားခဲ့မိပါလားလို့ သိလိုက်တာပါ။ အဲ့ပါဗျာ၊ လူဆိုတာ သူများကို ညာဝါးရုံမျှမကဘူးဗျ၊ ကိုယ့်ကိုယ် ကိုလဲ ညာတယ်၊ လှည့်စားတယ်၊ လိမ်တယ်...'

▲ ▲ ▲

သူက အထက်ပါအကြောင်းကိုပြောရင်း ရယ်မောနေပါသည်။ သူရယ်မောပုံက ကျွန်တော့်ကို ပြောင်လှောင်ရယ်မောနေသလား






ထင်ရသည်။ အဘယ်ကြောင့်ဆိုသော် တက္ကသိုလ်များ ဗဟိုစာကြည့် တိုက်၌ ရောမရည်ညွှန်းစာအုပ်ထူကြီး အတွဲတစ်တွဲကိုဖတ်ရင်း 'ဒီစာအုပ်ကြီးကိုဖတ်နေလဲ ငါ့ဘဝအတွက် သိပ်အကျိုးထူးလှမယ် မထင်ပါဘူး'ဟူသော အတွေးဖြင့် ကျွန်တော်ကလဲ စာဖတ်ခြင်းကို ရပ်ပြီး ထွက်လာခဲ့သူဖြစ်သောကြောင့်ပါတည်း။

အမှတ် ၆၈၊ ဈေးကွက်လျှာနယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လူမှ မျောက်ဖြစ်ခြင်း

ပရိုင်းမိတ် (Prime mates) နှင့် ဟိုမိုစေပီယန် (Homo sapiens) တို့အကြောင်း ပြောရာမှ သူက...

'လူဘယ်က ဆင်းသက်လာသလဲ'

'မျောက်က ဆင်းသက်လာတယ်'

'မျောက် ဘယ်က ဆင်းသက်လာသလဲ'

'သစ်ပင်ပေါ်က...'

ဒီလိုလူရွှင်တော်တွေ ပြက်လုံးထုတ်တာကို လူအများက ရယ်ကြတယ်။ ပြီးတော့...

'ဒါဝင် (Darwin) က ပြောတယ်၊ လူဟာ မျောက်က ဆင်းသက်လာတယ်လို့၊ ကျွန်မရဲ့ချစ်သူဟာ မျောက်ဖြစ်တယ်ဆိုတာ အမှန်ပါပဲ၊ ဘာကြောင့်လဲဆိုတော့ မျောက်ဟာ ဟိုခုန်သည့်ခုန်နဲ့ အငြိမ်မနေသလို ကျွန်မချစ်သူဟာလည်း ဟို အမျိုးသမီးကနေ ဟို...ဟို...တခြား အမျိုးသမီးတွေဆီ စိတ်တွေဝင်စား ခုန်လွှားနေလို့ပါ'လို့ ဆိုတာ၊ ပြောတာကိုလဲ ပြုံးခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လူဟာ မျောက်ကဆင်းသက်လာတယ်လို့ ဒါဝင်က တစ်ခါမှ မပြောပါဘူး။ (လူနဲ့မျောက်ဟာ မျိုးနွယ်တူတွေဖြစ်လိမ့်မယ်၊ Common Origin ရှိတယ်ပေါ့။ အဲဒီမျိုးနွယ်တူကနေပြီး လူဟာ ဆင့်ကဲဆင့်ကဲဖြစ်စဉ်သဘော Evolution အရ ဖြစ်ပေါ်လာတာ ဖြစ်လိမ့်မယ်လို့ ပြောခဲ့တာ)

အဲဒါကို သဘောမပေါက်တဲ့ သူ့ခေတ်က ဘာသာရေးသမားတွေက ဒါဝင်က 'လူဟာ မျောက်က ဆင်းသက်လာတယ်လို့ ပြောတယ်၊ လူကို ထာဝရဘုရားက ဖန်ဆင်းတာ မဟုတ်ဘူးတဲ့' ဆိုပြီး ဒါဝင်ကို ပြစ်တင်ရှုတ်ချမှုတွေအမျိုးမျိုးလုပ်ခဲ့ကြတယ်။ အမေရိကန်သမ္မတကြီး ရီဂင်လက်ထက်မှာတောင် ကွယ်လွန်ခဲ့တာ ကြာပြီ ဖြစ်တဲ့ ဒါဝင် (၁၈၈၂ ခုနှစ်မှာ ကွယ်လွန်တယ်)ကို ဘာသာရေးအသင်းတစ်ခုက တရားစွဲဆိုခဲ့သေးတယ်။

ဒါဝင်က တစ်နေရာမှာ...

လူရဲ့မူလဇာစ်မြစ်၊ စကြဝဠာကြီးရဲ့ဇာစ်မြစ်...စတဲ့ မူလဇာစ်မြစ်တွေအကြောင်းကို သိနိုင်ဖို့ရန်မှာ အလွန်ခက်ခဲတဲ့အကြောင်း၊ မိမိ ကိုယ်တိုင် အဲဒီအကြောင်းအရာတွေကို မသိနိုင်သူတစ်ဦးအနေနဲ့ပဲ နေနေပါကြောင်း ရေးဖူးတယ်။ ပညာရှင်ပီသပါပေတယ်ဗျာ။

ဒါပြောရင်းနဲ့ အမှတ်ရလာတာတစ်ခုရှိတယ်။ လူဟာ ဘယ်က နေ ဆင်းသက်လာမှန်း အသေအချာမသိရပေမယ့် လူဟာ လူကနေ မျောက်ဖြစ်တာကိုတော့ တွေ့ရတယ်ဆိုတဲ့ ကာတွန်းပညာရှင်ကြီး ဦးဘဂျမ်းရဲ့စကားကိုပါ။ တချို့ကတော့လည်း ဒီစကားဟာ ဦးဘဂျမ်း ပြောတာမဟုတ်ဘူး၊ တိုင်းရင်းသားတချို့ရဲ့ ရိုးရာပုံပြင်ထဲက အဆိုအမိန့်ဖြစ်တယ်လို့လဲ ပြောကြတယ်။



မှတ်မိသလောက်က ဒီလိုတဲ့ဗျာ၊ အစက လူဟာ သက်တမ်း နှစ်သုံးဆယ်လောက်ပဲ ရှိတယ်ဆိုပဲ။ ဒီတော့ လူက တန်ခိုးရှင်ဆီမှာ ကျွန်တော် ပညာတွေသင်ချင်ပါသေးတယ်၊ သက်တမ်းတိုးပေးနိုင်ရင် တိုးပေးပါလို့ တောင်းပန်တယ်၊ တောင်းခံတယ်ပေါ့။ သူဒီလိုတောင်းခံနေချိန်မှာ နွားရယ်၊ ခွေးရယ်၊ မျောက်ရယ်က အနီးအပါးမှာရှိနေကြတယ်တဲ့။ သူတောင်းခံတာကို ကြားတော့ နွားက 'ကျုပ်ဆီက သက်တမ်းကို ခွဲဝေယူပါ'လို့ ဝမ်းသာစွာနဲ့ ပေးတယ်။ နွားမှာ ဝန်တွေကို ရုန်းရ၊ အလုပ်တွေလုပ်ရတာ ပင်ပန်းငြီးငွေ့လွန်းလို့ အသက်တိုတိုပဲနေချင်လို့ ဝမ်းသာစွာနဲ့ ခွဲဝေပေးလိုက်တာကဲ့။

ခွေးကလဲ သူ့မှာ အိမ်စောင့်ရ၊ ယာစောင့်ရတာပင်ပန်းလို့ ကြာကြာအသက်ရှင်မနေချင်သူဆိုတော့ 'ကျုပ်သက်တမ်းကိုလဲ ခွဲဝေယူပါ'လို့ပြောပြီး သက်တမ်းခွဲဝေပေးတယ်။ မျောက်ကလဲ သူ့မှာ ဟိုအပင်ခုန်ကူး၊ ဟိုအကိုင်းခုန်တက်နဲ့ဘဝမျိုးကို ကြာကြာ မနေချင်တော့လို့ 'ကျုပ်အသက်ကိုလဲ ခွဲဝေယူပါ'လို့ပြောပြီး ပေးတယ်။ အဲဒီအခါမှာ တန်ခိုးရှင်က လူကို...'ကဲ–ပေးလာတဲ့ သက်တမ်းတွေနဲ့ ပြည့်စုံသူဖြစ်စေ'လို့ ဆုပေးလိုက်တယ်တဲ့။ အဲဒါကြောင့် လူဟာ နွားဆီက၊ ခွေးဆီက၊ မျောက်ဆီက သက်တမ်းတွေနဲ့ပေါင်းပြီး လူရဲ့သက်တမ်းဟာ တစ်ရာဖြစ်သွားရောဆိုပဲဗျ။

လူဟာ သူသင်ယူချင်ပါတယ်ဆိုတဲ့ ပညာတွေ၊ အသိတွေကို နှစ်ပေါင်း သုံးဆယ်လောက် သင်ကြားလိုက်တယ်။ သူ့ရဲ့ မူလ သက်တမ်းကုန်ဆုံးသွားတာပေါ့။ ပညာတွေ၊ အတတ်တွေ သင်ပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ အိမ်ထောင်ကျတာပေါ့ဗျာ။ အိမ်ထောင်ကျပြီးတော့ သားတွေ သမီးတွေ ဖြစ်လာတော့တာပေါ့။ အိမ်ထောင်သည်ဘဝရောက်ချိန် ဟာ နွားဆီကခွဲဝေယူထားတဲ့ သက်တမ်းမဟုတ်လားဗျာ။ ဒီတော့ ဇနီးမယားနဲ့ သမီးသားတွေရဲ့ စားဝတ်နေရေးတွေအတွက် နွားကြီး လို အလုပ်လုပ်ရတော့တာပေါ့ဗျာ။ အိမ်ထောင့်တာဝန်တွေကို ရုန်းရ တာပေါ့။ အဲဒီလိုရုန်းရင်းကန်ရင်းနဲ့ အသက်ခြောက်ဆယ်၊ ခြောက် ဆယ်ကျော်ရောက်တဲ့အခါ မြေးထီး, မြေးမတွေ ပွားစီးလာတော့ တာပေါ့။ အသက်ခြောက်ဆယ်၊ ခြောက်ဆယ်ကျော်ဆိုတော့ ခွေး ဆီက ခွဲဝေယူထားတဲ့ သက်တမ်းကို ရောက်လာတယ်။

အိမ်ကို၊ ခြံကို၊ ပစ္စည်းတွေကို၊ လူဝင်လူထွက်၊ သူခိုးသူဝှက် တွေကို ခွေးဟာ စောင့်ရှောက်ရ၊ ကာကွယ်ရ၊ ခြောက်ရ၊ လှန့်ရ၊ အော်ရ၊ ဟောင်ရသလိုပေါ့ဗျာ။ အဲဒီ သက်တမ်းကို ရောက်လာတဲ့ လူဟာလဲ မဖြစ်သင့်တာတွေ မဖြစ်ရအောင်ဆိုပြီး သားတွေ၊ သမီးတွေ၊ သမက်တွေရဲ့ အိမ်တို့၊ ခြံတို့ကို စောင့်ရှောက်၊ မြေးထီး၊ မြေးမတွေကို ထိန်းသိမ်းယုယ၊ မတော်တာမြင်ရင် တွေ့ရင် အော်ဟစ် ဆူပူနဲ့ ခွေးကြီးလိုဖြစ်သွားရောတဲ့ဗျာ။ ခြံစောင့်၊ အိမ်စောင့်၊ မြေးစောင့်ခွေးကြီး ဖြစ်ရောတဲ့ဗျာ။

ဒါနဲ့ ခွေးသက်တမ်းကုန်လို့ အသက်ရှစ်ဆယ် ကိုးဆယ်ဆီ ရောက်လာတယ်။ မျောက်ဆီက ခွဲဝေယူထားတဲ့ သက်တမ်းကို ရောက်လာတယ်။ ဒီအရွယ်မှာ ဦးနှောက်ဆဲလ်တွေကလဲ ပျက်စီး ယိုယွင်းကုန်ပြီ။ မှတ်ဉာဏ်တွေ မကောင်းတော့ဘူး၊ မှတ်ဉာဏ်ကို ဆန့်မထားနိုင်တော့ ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ စိတ်တွေအမျိုး





မျိုးဖြစ်တယ်။ စိတ်ကအဖြောင့်စိတ်မရှိဘူး။ စိတ် ငြိမ်သက်မှုမရှိ တော့ဘူး။ သူငယ်ပြန်လာတဲ့အခါမှာ စိတ်ကူးတစ်ခုဖြစ်လို့မှ မပြီးသေး ဘူး၊ နောက်စိတ်ကူးတစ်မျိုးကပေါ်နဲ့ ဟိုခုန်လိုက်၊ သည်ခုန်လိုက်နဲ့ အငြိမ်မရှိတဲ့ မျောက်ရဲ့စိတ်မျိုးဖြစ်သွားရောတဲ့။

ဒါကိုရည်ရွယ်ပြီး လူကနေ မျောက်ဖြစ်တယ်လို့ ပြောတာ ဖြစ်မှာပေါ့ဗျာ။ မျောက်စိတ်နဲ့ ဘဝတစ်ခုဆုံး ရမယ့်အဖြစ်ကို တွေးကြည့်တော့လည်း ရင်မောစရာကြီးပေါ့ဗျာ။

အမှတ် ၆၈ အင်တာဗျူးကျာနယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သိတော့မှ...

(၁)

သင်္ဘောအကြောင်းစပ်မိရာမှ သူက...ကျွန်တော်တို့သာမန်လူများနားလည်ရန်ခက်သော Starboard bow နှင့် Starboard beam တို့၏ မြန်မာလို အခေါ်အဝေါ်များအကြောင်း၊ Starboard quarter နှင့် Astern စကားလုံးတို့၏ အနက်အဓိပ္ပာယ်များအကြောင်း ရှင်းပြသည်။ ပြီးတော့...အောက်ပါအဖြစ်အပျက်ကို သူကပြောပြသည်။

(၂)

တစ်ခါမှာ...ပင်လယ်ပြင်မှာ စစ်ရေးလေ့ကျင့်နေတဲ့ စစ်သင်္ဘော နှစ်စင်းဟာ အင်မတန်ဆိုးရွားတဲ့ ရာသီဥတုနဲ့ ကြုံနေရတယ်။ နေမှောင်စပြုတယ်ဆိုရင်ပဲ နှင်းတွေ တအားကျလာတယ်။ ရှေ့က ဦးဆောင်ပြီးသွားနေတဲ့ စစ်သင်္ဘောက ကပ္ပတိန်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့လူတွေမှားယွင်းချတ်ချော်ပြီး ခုတ်မောင်းမှုမျိုးမဖြစ်အောင် သူကိုယ်တိုင် အခြေအနေတွေအားလုံးကို စောင့်ကြည့်ကြီးကြပ်နေတယ်။ အဲဒီအခိုက်မှာပဲ သင်္ဘောလက်ယာဘက်ဆီမှာ 'မီးရောင်မြင်တဲ့အကြောင်း သတင်းပို့တယ်။ ဒီအခါမှာ ကပ္ပတိန်က မီးရောင်က ငြိမ်နေတဲ့မီးရောင်လား၊ လှုပ်ရှားနေတဲ့ ရွေ့နေတဲ့ မီးရောင်လား' လို့ မေးတယ်။

မီးရောင်က ငြိမ်နေတဲ့မီးရောင်ဖြစ်ကြောင်း သတင်းပြန်ပို့တယ်။ ငြိမ်နေတဲ့ မီးရောင်ဆိုရင်...ဒါဟာ ရပ်ထားတဲ့ သင်္ဘောတစ်စင်းက မီးရောင်ဖြစ်မယ်။ ရပ်ထားရင်တော့ ဒီကလာနေတဲ့ သင်္ဘောတွေနဲ့ ဝင်တိုက်မိတော့မှာပေါ့။

အမှန်တကယ်က ငြိမ်နေတဲ့ မီးရောင်ဟာ ရပ်နေတဲ့သင်္ဘောဆီကလာတဲ့ မီးရောင်မဟုတ်ပါဘူး၊ မီးပြတိုက်က မီးရောင်ပါ။ နှင်းတွေက သိပ်ကိုထူထူထည်းထည်းကျနေလို့ မီးပြတိုက်က မီးရောင်လား၊ သင်္ဘောတစ်စင်းစင်းဆီက မီးရောင်လားဆိုတာ မကွဲပြားဘူးဖြစ်နေတာ...။

သတင်းပို့တဲ့အပေါ်မှာ မူတည်ပြီး ကပ္ပတိန်က မီးရောင်ဟာ သင်္ဘောတစ်စင်းစင်းဆီက မီးရောင်လို့ထင်တယ်။ ဒါနဲ့... ဝင်တိုက်မိမှာ စိုးရိမ်ပြီး...လမ်းကြောင်း ၂၀ ဒီဂရီစောင်းပေးဖို့၊ ဖယ်ပေးဖို့ တစ်ဖက် သင်္ဘောဆီကို သတင်းပို့ခိုင်းတယ်။သတင်းပို့သူကလည်း ချက်ချင်းပို့တယ်။ ဒီလိုသတင်းပို့တော့ တစ်ဖက်က ချက်ချင်းပဲ 'ခင်ဗျားကို့သင်္ဘောကသာ လမ်းကြောင်း ၂၀ ဒီဂရီဖယ်ပြီးသွားပါ' လို့ သတင်းပြန်ပို့တယ်။ အခုလိုပို့တဲ့သတင်းက မီးပြတိုက်က





ပြန်ပို့နေတဲ့ သတင်းမှန်း မသိဘူးဖြစ်နေတယ်။ မသိတော့ ကပ္ပတိန်က...

'ဟေ့...ငါက ကပ္ပတိန်၊ လမ်းကြောင်း ၂၀ ဒီဂရီ စောင်းပေးပါ' လို့ သတင်းပို့တယ်။ တစ်ဖက်က ချက်ချင်းပဲ...

'ကျုပ်ကလဲ ဝါရင့်သင်္ဘောသားပါ၊ ခင်ဗျားပဲလမ်းကြောင်း ၂၀ ဒီဂရီစောင်းပါ' လို့ ပြန်သတင်းပို့တယ်။ ဒီအခါမှာ ကပ္ပတိန်ဟာ ဒေါသူပုန်တွေထလာပြီး...

'ဟေ့...ဒါ...ငါက စစ်သင်္ဘော၊ ဘာထင်လို့လဲ၊ ၂၀ ဒီဂရီစောင်း' လို့ သတင်းပို့တော့ တစ်ဖက်က...

'ကျုပ်ကလည်း မီးပြတိုက်' လို့ ချက်ချင်းပဲပြန်သတင်းပို့တယ်။ ဒီတော့မှ မြင်ရတဲ့ မီးရောင်ဟာ မီးပြတိုက်ဖြစ်မှန်း ကပ္ပတိန်သိသွားတယ်။

မီးပြတိုက်ပဲဗျာ၊ ဝင်တိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီတော့... သင်္ဘောကပဲ လမ်းကြောင်းပြောင်းခဲ့ရတာပေါ့။

(၃)

အထက်ပါအကြောင်းအရာကို ပြောပြီးနောက် သူက ဆက်၍...

'ကိုယ်ကျင့်တရားစည်းမျဉ်း' ဟာ တကယ်တော့ မီးပြတိုက်နဲ့တူတယ်။ 'မီးပြတိုက်' ဆိုတာ ဘေးအန္တရာယ်ရှိတယ်၊ မလာနဲ့၊ မကပ်နဲ့၊ ဖယ်ပြီးသွား၊ ဝေးဝေးမှခွာပြီး၊ ရှောင်ပြီးသွားလို့ ပြောပြနေတဲ့သဘောရှိတယ်။ ကိုယ်ကျင့်တရားစည်းမျဉ်းဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပဲ။ ဒီလို ဒီလို ဒုစရိုက်မှုမျိုးတွေရှိတယ်။ ဒါတွေကို ဖယ်သွား၊ ရှောင်သွားလို့ ပြောနေတာပဲ။

အန္တရာယ်များလှပါတယ်လို့ မီးပြတိုက်က ပြထားတာကို ဝင်ပြီးတိုက်ရင် မိမိရော၊ မိမိရဲ့ ဝန်းကျင်ကလူတွေရော၊ သင်္ဘောကြီးတစ်ခုလုံးပေါ့ဗျာ၊ လွင့်စဉ်ကြေမွပြီး ဒုက္ခတွေ အများကြီးရောက်နိုင်တာပေါ့။ ဒီအတိုင်းပဲ မဟုတ်မမှန်ပြုလုပ်တဲ့ ကာယကံ အပြုအမူ မမှန်တဲ့ အတွေးအမြင်နဲ့ တွေးကြံတဲ့ မနောကံအပြုအမူတွေဟာ အန္တရာယ်များတယ်လို့ ကိုယ်ကျင့်တရားစည်းမျဉ်းက ပြညွှန်နေတယ်။ ဒီလိုညွှန်ပြနေတာတွေကို ရှောင်ဖယ်ပြီး သွားသင့်တာပေါ့ဗျာ၊ ဒါမှ မိမိရော အခြားသူတွေပါ ဒုက္ခအန္တရာယ်တွေက ကင်းဝေးမှာ။ ပင်တိုက်မယ်...ချိုးဖောက်မယ်ဆိုရင်တော့ ကိုယ့်တဝဟာလည်း ကြေမွလွင့်စဉ်ပျက်စီးနိုင်တယ်။

'နေပါဦး၊ ခင်ဗျားတို့...လေ့လာဖူးလား၊ ဒုစရိုက် မကောင်းမှုတွေကို ပြုမူရင် စိတ်စေတနာဇောတွေအလျောက် ဘယ်လိုဘယ်ပုံအကျိုးပေးမှုတွေ ဖြစ်တတ်တယ်ဆိုတာကို ကျုပ်တို့ မြန်မာစာပေ Literature ထဲမှာ အလေးအနက် အမြောက်အမြား ဖော်ပြထားတာတွေရှိတယ်။ အဲဒါတွေကို ခင်ဗျားတို့ အသေအချာသိမှ ပြောခဲ့တဲ့ ကိုယ်ကျင့်တရား စည်းမျဉ်းဟာ တကယ့်ကို အန္တရာယ်တွေကို ညွှန်ပြနေတဲ့ စည်းမျဉ်းအမှန်ဖြစ်တယ်လို့သိမယ်။ အန္တရာယ်တွေကို တကယ်ညွှန်ပြနေတဲ့ မီးပြတိုက်က မီးပါလားလို့ သိမှ ရှောင်သွားဖို့ဖြစ်နိုင်သလို၊ တကယ့်အန္တရာယ်ကို ညွှန်ပြနိုင်တဲ့ ကိုယ်ကျင့်တရားစည်းမျဉ်းမှန်းသိမှလည်း ဒုစရိုက်တွေကိုမပြုဘဲ တကယ် ရှောင်မှာ။ ဒါကြောင့်...စိတ်စေတနာဇောတွေအကြောင်း





ဖော်ပြထား တဲ့ မြန်မာစာပေတွေကို လေ့လာသင့်တယ်။ ခင်ဗျားတို့ လေ့လာဖြစ်ရဲ့လား...'

(၄)

သူ၏ အထက်ပါမေးခွန်းကို ကျွန်တော်တို့က ခွန်းတုံ့မပြန်ဘဲ ငြိမ်နေခဲ့ကြသည်ကို ပြန်၍ မြင်ယောင်နေပါသည်။

*မှတ်ချက်။ ။သူပြောပြသော အကြောင်းအရာမှာ Stephen R. Covey ၏ The Seven Habits For Highly Effective People စာအုပ်မှဖြစ်ပါသည်။ သူပြောပုံက မြန်မာနှင့် ပို၍ ဆီလျော်သောကြောင့် သူပြောပြသည့်အတိုင်းပင် ဖော်ပြလိုက်ပါသည်။*

အမှတ် ၅၀၊ အင်တာမျူးကျွန်းယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မြင့်မြတ်သူ

မြို့စားကြီး သောကာဒဏ္ဍနဲ့ ဂေါတမဗုဒ္ဓတို့ တွေ့ဆုံတဲ့ အခါမှာ မြင့်မြတ်တဲ့ လူရဲ့ ဂုဏ်သိက္ခာအကြောင်းကို ဆွေးနွေး ကြတယ်။

ဂေါတမဗုဒ္ဓမတိုင်မီကတည်းက အိန္ဒိယမှာ ဗြဟ္မဏပုဏ္ဏားတွေကို မြင့်မြတ်တဲ့လူတန်းစား၊ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေလို့ သတ်မှတ်ခဲ့ကြတယ်။ သောကာဒဏ္ဍမြို့စားကြီးကို ဂေါတမဗုဒ္ဓက "ဘယ်လိုဂုဏ်အင်္ဂါနဲ့ ပြည့်စုံသူကိုမှ သူတော်သူမြတ် 'ဗြဟ္မဏ'လို့ ခေါ်နိုင်သလဲ"လို့ မေးပါတယ်။ သောကာဒဏ္ဍက..."သူတော်သူမြတ် 'ဗြဟ္မဏ' လို့ ခေါ်နိုင်ဖို့အတွက် ဂုဏ်အင်္ဂါ ၅ မျိုးနဲ့ ပြည့်စုံရမယ်"လို့ ပြောပါတယ်။ ဂုဏ်အင်္ဂါ ၅ မျိုးဆိုတာက...

၁။ အမိဘက်၊ အဖဘက် နှစ်ဖက်စလုံး မျိုးရိုးသန့်စင်သူ ဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



၂။ အဘိဓာန်(နိဃဏ္ဍု)ကျမ်း၊ အလင်္ကာ(ကေဋုဘ)ကျမ်း၊ သဒ္ဒါ(အကၡရပ္ပဘေဒ)ကျမ်း၊ ဣတိဟာသကျမ်း၊ ပဒကျမ်း၊ ဗျာကဂုဏ်းကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်း စတဲ့ ဝေဒကျမ်းတွေကို တတ်မြောက်ရမယ်၊ စာတတ်ပေတတ်ဖြစ်ရမယ် ဆိုပါတော့။

၃။ ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်းရှိရမယ်။

၄။ အကျင့်သီလ မြဲမြဲကောင်းမွန်သူဖြစ်ရမယ်။

၅။ အသိဉာဏ်'ပညာ'ရှိသူဖြစ်ရမယ်။

အဲဒီ ဆိုခဲ့တဲ့ ဂုဏ်အင်္ဂါ ၅ ခုရှိတဲ့သူကိုမှ မြင့်မြတ်တဲ့သူ (ဗြာဟ္မဏ)ရယ်လို့ ခေါ်နိုင်ကြောင်း၊ မြို့စားကြီး သောဏဒဏ္ဍက ဖြေကြားခဲ့ပါတယ်။ ဒီအခါမှာ ဂေါတမဗုဒ္ဓက...ဆိုခဲ့တဲ့ ဂုဏ်အင်္ဂါ ငါးခုထဲက ပထမဂုဏ်အင်္ဂါဖြစ်တဲ့ မျိုးရိုးသန့်စင်ခြင်းဆိုတဲ့ ဂုဏ်အင်္ဂါတစ်ခု အဲဒီပုဂ္ဂိုလ်မှာ ချို့ယွင်းနေရင်ကော...အဲဒီလူကို မြင့်မြတ်တဲ့သူလို့ ခေါ်နိုင်သေးသလားလို့မေးတယ်။ မြို့စားကြီးက...ဂုဏ်အင်္ဂါ ၅ ခုထဲက ပထမဂုဏ်အင်္ဂါတစ်ခုချို့ယွင်းနေလည်း ဒီလူကို မြင့်မြတ်သူ'ဗြာဟ္မဏ'လို့ ခေါ်နိုင်ပါသေးတယ်လို့ ဖြေတယ်။

ဂေါတမဗုဒ္ဓက အဲဒီ ပထမဂုဏ်အင်္ဂါအပြင် ဒုတိယဂုဏ်အင်္ဂါဖြစ်တဲ့ စာတတ်ပေတတ် ဝေဒကျမ်းတတ်ဖြစ်ခြင်းဆိုတဲ့ ဂုဏ်အင်္ဂါ ချို့ယွင်းလျှင်ကော...အဲဒီလူကို မြင့်မြတ်သူလို့ ခေါ်နိုင်သေးရဲ့





လားလို့ မေးပြန်ပါတယ်။ ဒုတိယဂုဏ်အင်္ဂါချို့ယွင်းနေလည်း... အဲဒီလူကို မြင့်မြတ်သူလို့ ခေါ်နိုင်သေးကြောင်း ဖြေပါတယ်။

ဂေါတမဗုဒ္ဓကဆက်ပြီး...တတိယ ဂုဏ်အင်္ဂါဖြစ်တဲ့ ရုပ်ရည် အဆင်း တင့်တယ်ခြင်းဆိုတာ ချို့ယွင်းနေရင်...အရုပ်ဆိုးနေရင် ကော...အဲဒီလူကို မြင့်မြတ်သူလို့ ခေါ်နိုင်သေးသလားလို့ မေးပြန် ပါတယ်။ အဆင်းမလှဘဲ အရုပ်ဆိုးနေလည်း အဲဒီလူမှာ စတုတ္ထ ဂုဏ်အင်္ဂါဖြစ်တဲ့ အကျင့်သီလ မြဲမြဲကောင်းမွန်ခြင်းနဲ့ ပဉ္စမဂုဏ် အင်္ဂါဖြစ်တဲ့ အသိဉာဏ်'ပညာ'ရှိသူဖြစ်လျှင် အဲဒီလူကို...'မြင့်မြတ် သူ'လို့ ခေါ်နိုင်ပါသေးတယ်လို့ ဖြေပါတယ်။

ဂေါတမဗုဒ္ဓက ဆက်ပြီးတော့ "မြို့စားကြီး၊ သင်ပြောတဲ့ စတုတ္ထဂုဏ်အင်္ဂါနဲ့ ပဉ္စမဂုဏ်အင်္ဂါနှစ်ခုမှာ အကယ်၍ လူတစ်ဦးဟာ ပဉ္စမဂုဏ်အင်္ဂါဖြစ်တဲ့ အသိဉာဏ်ပညာရှိခြင်းဆိုတဲ့ ဂုဏ်အင်္ဂါတစ်ခု တည်းသာ ပြည့်စုံပြီး စတုတ္ထဂုဏ်အင်္ဂါဖြစ်တဲ့ အကျင့်သီလမြဲမြဲ ကောင်းမွန်ခြင်းဆိုတဲ့ ဂုဏ်အင်္ဂါမပါလျှင်ကော အဲဒီလူကို 'မြင့်မြတ် သူ'လို့ ခေါ်နိုင်ပါသေးသလား"လို့ မေးပြန်ပါတယ်။ ဒီအခါမှာတော့ မြို့စားကြီးက "အရှင်ဂေါတမ၊ မခေါ်နိုင်ပါ၊ ခေါ်ဖို့ရန်မဖြစ်နိုင် တော့ပါ၊ ပညာကို သီလနဲ့ဆေးကြောရပါတယ်၊ သီလကို ပညာနဲ့ ဆေးကြောရပါတယ်၊ သီလရှိသူမှာ ပညာရှိပါတယ်၊ ပညာရှိသူမှာ သီလရှိပါတယ်၊ သီလနှင့်ပညာကို လောကမှာ အမြတ်ဆုံးလို့ ဆိုသင့်ပါတယ်။ အရှင်ဂေါတမ...လက်တစ်ဖက်ဖြင့် အခြား လက် တစ်ဖက်ကို ဆေးကြောရသကဲ့သို့...အခြားခြေတစ်ဖက်ဖြင့် အခြား



www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်ဖက်ကို ဆေးကြောရသကဲ့သို့ ထို့အတူ ပညာကို သီလဖြင့် ဆေးကြောရပါတယ်၊ သီလကို ပညာဖြင့် ဆေးကြောရပါတယ်” လို့ လျှောက်တယ်။

ဗုဒ္ဓက မြို့စားကြီးရဲ့စကား မှန်ကန်ကြောင်း ထောက်ခံအတည်ပြုခဲ့ပါတယ်။

အသိဉာဏ်ပညာဆိုတာ ရှိမှ ဘယ်လို နှုတ် အပြုအမူမျိုးဟာ ကောင်းတယ်၊ မှန်တယ်ဆိုတာကို ခွဲခြားသိနိုင်တယ်။ ဘယ်လို ကိုယ်အပြုအမူမျိုးဟာ ကောင်းတယ်၊ မှန်တယ်ဆိုတာကို ခွဲခြားသိနိုင်တယ်။ အသိဉာဏ်ပညာမရှိရင် မဟုတ်တာကို အဟုတ်ထင်၊ မှားတာကို အမှန်ထင်ပြီး လွဲလွဲချော်ချော်ပြောမယ်၊ ပြုမယ်၊ ဒီအခါ အကျိုးမဲ့တွေဖြစ်မယ်။ အသိဉာဏ်ပညာရှိမှ ကောင်းမြတ်တဲ့ အကျင့်သီလရှိနိုင်တယ်လို့ ဆိုလိုတာဖြစ်မယ်။

ဗုဒ္ဓအတည်ပြုလက်ခံထားတဲ့ အကျင့်သီလဆိုတာ အကောင်းအဆိုးကို တွေးခေါ်သိမြင်ရုံမှာတင် ရပ်နေတာမဟုတ်ပါဘူး။ သတိရယ်၊ ဝီရိယရယ်ပေါင်းပြီး တကယ်ကျင့်ဆောင်အားထုတ်စောင့်စည်းရတဲ့ စရဏကို ဆိုလိုတာပဲ။ သတိရယ်၊ ဝီရိယရယ် ပါနေမှတော့ စိတ်ရဲ့တည်ကြည်နိုင်ခဲ့တဲ့ သမာဓိလည်း ပါလာတယ်။ သတိဝီရိယနဲ့ တည်ကြည်နေတဲ့ စိတ်မှာ လောဘမှောင်တွေ၊ ဒေါသ အညစ်အကြေးတွေ ကင်းစင်နေတယ်၊ ကြည်ကြည်လင်လင် ဖြစ်နေတယ်။

မတော်လောဘတွေနဲ့ မှောင်နေသူ၊ ဒေါသအမျက်တွေ ပိတ်ဖုံးထူထည်းနေသူဟာ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ပညာ





မဖြစ်နိုင်ပါဘူး။ မှောင်ထဲမှာ အဖြူအမည်း မသဲကွဲဘူးဆိုတဲ့စကားအတိုင်းပဲ။ မတော်လောဘ၊ မတော်ဒေါသတွေနဲ့ ပိတ်ဖုံးမိုက်မှောင်နေရင် အကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားနိုင်တဲ့ ဉာဏ်ပညာ မဖြစ်နိုင်ဘူး။ သတိရယ်၊ ဝီရိယရယ်၊ တည်ကြည်တဲ့ သမာဓိရယ် ပေါင်းပြီး ကျင့်ကြံအားထုတ်နေတဲ့ စရဏသမား...ကိုယ်ကျင့်တရားရှိသူမှာတော့ လောဘအမှောင်တွေ၊ ဒေါသအညစ်အကြေးတွေ စင်ကြယ်နေတဲ့အတွက် အမှားအမှန်၊ အကောင်းအဆိုး ခွဲခြားမြင်နိုင်တဲ့ ဉာဏ်ပညာဖြစ်တယ်။

ဒါကြောင့် ‘အကျင့်သီလရှိသူမှာ အသိဉာဏ်ပညာရှိတယ်၊ အသိဉာဏ်ပညာရှိသူမှာ အကျင့်သီလရှိတယ်’ လို့ ပြောတာဖြစ်ပါလိမ့်မယ်။ လက်တစ်ဖက်နဲ့ အခြားလက်တစ်ဖက်ကို ဆေးကြောရသလို၊ ခြေတစ်ဖက်နဲ့ အခြားခြေတစ်ဖက်ကို ဆေးကြောရသလို အသိပညာနဲ့ ပြုဟာ ပြောတာတွေကို ဘယ်လိုပြုခြင်း၊ ဘယ်လို ပြောခြင်းကမှ မှန်တယ်၊ ကောင်းတယ်ဆိုတာ ခွဲခြားရှုမြင်ပြီး မကောင်းတာ မှားတာတွေကို ဖယ်ရှားဆေးကြောပေးနိုင်တယ်။ ဒီနည်းတူပဲ၊ အကျင့်သီလ စရဏနဲ့ အသိဉာဏ်ပညာကို လောဘ၊ ဒေါသ အစရှိတဲ့ အစွဲအလမ်းတွေ စင်ကြယ်သွားအောင် ဆေးကြောပေးခြင်းဖြင့် အသိဉာဏ်ပညာဟာ ပိုမိုကြည်လင်စင်ကြယ်ပြီး အမှန်အမှားကို အသေအချာ ခွဲခြားသိမြင်နိုင်စွမ်းတွေရလာမယ်။ ဒီလို စင်ကြယ်တဲ့ ဉာဏ်ပညာက အကျင့်သီလကို ပြန်ပြီး စင်ကြယ်အောင် ဆေးကြောပေးဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သောကာဒဏ္ဍာနဲ့ ဂေါတမဗုဒ္ဓတို့ အလိုအရ လူ့ရဲ့ စစ်မှန်တဲ့ ဂုဏ်သိက္ခာဆိုတာဟာ အဲဒီ အကျင့်သီလ စာရိတ္တနဲ့ အသိဉာဏ်ပညာ ပါပဲ။ ဒီဂုဏ်သိက္ခာ ၂ ရပ် ကျွန်တော်တို့မှာ မရှိရင်တော့ 'မြင့်မြတ်တဲ့လူ' ဆိုတဲ့ သတ်မှတ်ချက်ရဲ့ အပြင်ဘက်မှာ ရောက်နေဦးမှာပါပဲ။

အမှတ် ၁၁၂။ အင်တာဗျူးဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com

## မိတ်ကောင်း ဆွေကောင်း

▲

'ယဉ်ကျေးသိမ်မွေ့မွန်ရည်ခြင်းဟာ တစ်ခါတစ်ရံမှာ အကောက်အကျစ် အညစ်အပတ် အလွန်ပေါ်ကဲ့ လူယုတ်မာတွေရဲ့ အဆင်တန်ဆာနဲ့တူတယ်။ အဲဒီအဆင်တန်ဆာနဲ့ ကောက်ကျစ်ညစ်ပတ်ခြင်းတွေကို ဖုံးထားတာ'

ဒီတော့ မွန်မွန်ရည်ရည် သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေး အမူအရာအပြောအဆိုနဲ့ ကိုယ့်အနားရောက်လာသူ၊ ကိုယ့်ကို ပေါင်းဖော်လာသူကို ပူကောင်းသူကောင်း မိတ်ကောင်းဆွေကောင်းလို့ ထင်မိယို့ သူနဲ့ပေါင်းမိသူတွေ ဒုက္ခရောက်ကြတာ အများကြီး၊ ဘဝပျက်သွားသူတွေ အများကြီး။

မိတ်ကောင်း ဆွေကောင်းဆိုတာ ရှာမှရှားတယ်လို့ပဲထင်ပါတယ်။

အာရှစွတိုက်ယက တစ်ခါမှာ "မိတ်ဆွေတို့" လို့ ခေါ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးကလူတွေက ဘာများပြောမလဲလို့ သူ့ဆီလှမ်းကြည့်ကြတယ်။ ဒီအခါမှာ အာရစ္စတိုတယ်က "မိတ်ဆွေဆိုတာ လောကမှာ မရှိဘူး"လို့ ပြောလိုက်ဖူးတယ်။ အာရစ္စတိုတယ်လည်း သူ့ကစ်သက်တာမှာ မိတ်ကောင်း ဆွေကောင်းကို မတွေ့ခဲ့ရလို့ ဒီလိုပြောလိုက်တာ ဖြစ်မယ်။ သူရေးတဲ့ Nicomichean Ethics ဆိုတဲ့ စာအုပ်ထဲမှာ 'တကယ့် လူကောင်လူကောင်းဆိုတာ ကိုယ့်ကိုယ်ကိုပဲ မိတ်ဆွေကောင်းလို့ မှတ်ယူသူဖြစ်တယ်။ စိတ်ခွန်အားနည်းတဲ့သူတွေသာ မိမိပြင်ပမှာ မိတ်ဆွေရှာကြပဟ'တဲ့။ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုပဲ အားကိုးခြင်းဟာ အကောင်းဆုံးပဲလို့ သူက ယူဆထားတာ ဖြစ်ပါလိမ့်မယ်။

ဘဂဖြစ်တည်မှု ပဏနဝါဒီတွေထဲမှာ နာမည်ကြီးတဲ့ အဲလ်ဘာတ်ကာမျူးက "ကိုယ့်နောက်က လိုက်တဲ့သူ၊ ကိုယ့်ရှေ့ကသွားတဲ့သူဆိုတာ မိတ်ဆွေမဟုတ်ဘူး၊ မိတ်ဆွေဆိုတာ ကိုယ့်ဘေးက ကိုယ်နဲ့ အတူသွားတဲ့သူသာဖြစ်တယ်"ဆိုတဲ့ သဘောမျိုးရေးဖူးတယ်။ ဟုတ်မှာပါ၊ ကိုယ်အောင်မြင်နေကုန်း ကိုယ့်နောက်ကလိုက်နေသူ၊ ဟာဂန်မယူချင် အမှားမကြုံချင်လို့ ကိုယ့်ကိုရှေ့က အကာအကွယ်ထားပြီး နောက်ကလိုက်နေသူ၊ ရေသာခိုချင်လို့၊ အချောင်လိုချင်လို့ ကိုယ့်နောက်ကလိုက်နေသူဟာ မိတ်ဆွေမဖြစ်နိုင်ဘူး။ အရေးပါချင်လို့၊ အရာတွင်ကျယ်ချင်လို့၊ အခွင့်အရေး အလျင်အဦးယူချင်လို့၊ ဆရာကြီးလုပ်ချင်လို့ ကိုယ့်ရှေ့ကသွားသူဟာလည်း မိတ်ဆွေမဖြစ်နိုင်ပါဘူး။ ဒုက္ခအန္တရာယ်ကျရောက်လာရင် အတူတူကျော်လွှားသူ၊ အခက်အခဲပြဿနာကြုံရင် အတူတူဖြေရှင်းသူ၊ အေးအတူ ပူအမျှ





ကိုယ့်ဘေးမှာရှိတဲ့သူသာ မိတ်ကောင်းဆွေကောင်းဖြစ်နိုင်တယ်ဆိုတဲ့ သဘောနဲ့ 'မိတ်ဆွေဆိုရင် ငါ့ဘေးက ငါနဲ့အတူတူသွား' လို့ ကာမျူးက ရေးခဲ့တာ ဖြစ်လေမလားပဲ။

အဲဒီလိုမိတ်ဆွေမျိုးရရင်တော့ လူ့ဘဝလူ့ခရီးစဉ်မှာ ကျေနပ်အားရခြင်းများစွာနဲ့ လူ့ဘဝလူ့ခရီးကို လျှောက်မိမှာပဲ။ ဒါပေမယ့် ဒီလိုမိတ်ဆွေမျိုးကလည်း ရဖို့မလွယ်ဘူး။ ကိုယ်ကကော ဒီလို မိတ်ဆွေမျိုး ဖြစ်နိုင်လို့လား... လို့လဲ မေးဖို့လိုမယ်။

ဗုဒ္ဓဝါဒီတွေ အသိများကြတဲ့ အရှင်အာနန္ဒာမထေရ်က တစ်ခါမှာ 'မိတ်ဆွေကောင်းရှိခြင်းဟာ ကိစ္စတစ်ဝက်ပြီးမြောက်နိုင်တယ်'လို့ ပြောတယ်။ ဒီလိုပြောတာကို ကြားတဲ့ ဂေါတမဗုဒ္ဓက အရှင်အာနန္ဒာကို...

'အာနန္ဒာ... ဒီလို မဆိုနဲ့၊ မိတ်ဆွေကောင်းရှိရင် ကိစ္စအလုံးစုံပြီးမြောက်တယ်'လို့ မိန့်ကြားဖူးတယ်။

ဟုတ်လိုက်တာမှဗျာ၊ ဂေါတမဗုဒ္ဓဆိုတဲ့ မိတ်ဆွေကောင်းနဲ့ တွေ့ရလို့ အရဟတ္တမဂ်–ဖိုလ်ပညာတွေကို သိမြင်သွားသူတွေ အများကြီး။ ဒီလိုသိမြင်တဲ့သူတွေမှာ ကျွန်တော်တို့လို စားဖို့၊ ဝတ်ဖို့၊ နေဖို့အတွက် လုပ်စရာကိစ္စလည်းမရှိတော့ဘူး။ ကြီးပွားအောင်၊ ချမ်းသာအောင်၊ ထင်ပေါ်ကျော်ကြားအောင်၊ ဂုဏ်သရေရှိအောင် လုပ်စရာတွေလည်း မရှိတော့ဘူး။ ချစ်ရေး၊ ကြိုက်ရေး၊ အိမ်ထောင်ပြုရေး၊ သားရေး သမီးရေးကိစ္စတွေလည်း မရှိတော့ဘူး။ ဟိုလူနဲ့အဆင်ပြေအောင်၊ ဒီလူနဲ့ပြေလည်အောင် မျက်နှာချိုသွေးရ၊ ဟိုလူ့ကြောက်ရ၊ ဒီလူ့ရိုသေရ ဆိုတာတွေလည်း မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com




မတ်တတ်စာရှိပေမယ့် တုံးလုံးစာမရှိသေးဘူးဟဲ့ဆိုပြီး ရှာရ၊ ဖွေရ၊ စုရ ဆောင်းရတဲ့ကိစ္စတွေ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ ဆေးရုံတက်ရခြင်းဆင်းရဲ၊ ဟိုလူ့အတွက်၊ ဟိုသား ဟိုသမီးအတွက်၊ ဟိုမြေးအတွက် ကြောင့်ကြရတာမျိုးတွေ၊ မှာရ ကြားရတာတွေ၊ အမလေး၊ ဘလေး အော်ဟစ်ပြီး မခံချိတဲ့ဝေဒနာတွေနဲ့ သေရခြင်းတွေလည်း သူတို့မှာမရှိကြတော့ဘူး။ ဂေါတမဗုဒ္ဓဆိုတဲ့ မိတ်ဆွေကောင်းနဲ့တွေ့လို့ ကိစ္စအလုံးစုံ သူတို့မှာ ပြီးစီးသွားခဲ့ကြတာ...သူတို့တွေကို အမှတ်ရတိုင်း ဝမ်းသာလွန်းလို့ ကျွန်တော်က အကြိမ်ကြိမ်ရှိခိုးဦးညွှတ်မိပါတယ်။

▲▲

အထက်ကအကြောင်းအရာတွေကို ပြောပြပြီး ဦးခေါင်းထက်မှာ လက်အုပ်တချီချီလုပ်နေတဲ့ သူ့ကိုကြည့်ရင်း 'မိတ်ကောင်း၊ ဆွေကောင်းနှင့် ခရီးသွားခြင်း'ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြောဖို့၊ ရေးဖို့ စိတ်ကူး ရခဲ့ပါတယ်။

၂၀၀၁ ခုနှစ်၊ အရာတော်မဂ္ဂဇင်း





www.burmeseclassic.com

www.burmeseclassic.com

## ဆက်ဆံရေးမှာ သတိကောင်းသူ

▲

မိတ်ဆွေကောင်းရှိဖို့ အရေးကြီးတယ်လို့ ပြောတတ်ကြတယ်။ အပြောရကော့လွယ်တယ်။ မိတ်ဆွေကောင်း ရဖို့ကျတော့ မလွယ်ဘူး။ လက်တွေ့ဘဝမှာ ကြုံတွေ့နေရတာတွေက မိတ်တုဆွေတုတွေပဲ များနေတာလို့ သူကညည်းညူတယ်။ ပြီးတော့ မိတ်တုလေးမျိုးအကြောင်း သူကပြောတယ်။ သူပြောတဲ့ မိတ်တုလေးမျိုးအကြောင်း ကြားဖူး ဖတ်ဖူးပါတယ်။ ဒါပေမယ့် သူပြောပုံက သဘောကျစရာဖြစ်နေလို့ ပြန်ပြောချင်နေတယ်။ သူပြောသလို ပြန်ပြောကြည့်မယ်။

▲▲

၁။ ကူမယ့်မိတ်ဆွေ မဟုတ်ဘဲ ယူမယ့်မိတ်ဆွေ

ဒီလိုမိတ်ဆွေမျိုးမှာ မကောင်းတဲ့အကျင့်(၄)မျိုးရှိနေတတ်တယ်။ ဘယ်လိုအကျင့်တွေလဲဆိုတော့...



www.burmeseclassic.com

www.burmeseclassic.com

(က) ငွေကြေးအကူအညီ၊ လုပ်အား အကူအညီ…စသည်ဖြင့်ပေါ့။ သူ့ဘက်က အကူအညီပေးတယ်ဆိုတာမျိုး မရှိဘူး။ ကိုယ့်ဆီက ရရင်ယူမယ်…ရသမျှယူမယ်ဆိုတဲ့ အကျင့်ရှိတယ်။

(ခ) ကူညီရင်လည်း နည်းနည်းပဲ။ သူ့အလှည့်ရောက်တဲ့အခါ ကိုယ့်ဆီကယူတဲ့အကူအညီကျတော့ အများကြီး၊ အများကြီး ပိုယူရမှ ကျေနပ်တဲ့ သဘောထားရှိတယ်၊ အကျင့်ရှိတယ်။

(ဂ) ကူညီတယ်ဆိုရာမှာလည်း ဒီလိုမကူညီရင် အကြီးအကျယ် သူ ဒုက္ခရောက်မှာမို့လို့ ကြောက်လန့်ပြီး ကူညီတာ။ စေတနာကောင်းနဲ့ ကူညီတာတော့ မဟုတ်ဘူး၊ မလွှဲမရှောင်သာလို့ ကူညီတာ။

(ဃ) ကိုယ့်ကိုလာပြီးပေါင်းတာဟာ ကိုယ့်ကို ချစ်လို့ ခင်လို့ မဟုတ်ဘူး၊ သူ့အတွက် အကျိုးရှိမှာမို့လို့သာ လာပေါင်းတာ။ သူ့အတွက်အကျိုးပဲကြည့်ပြီး ပေါင်းသင်းဆက်ဆံလာတာ၊ ဒါတွေဟာ…

အဲဒီ ကူမယ့်မိတ်ဆွေမဟုတ်ဘဲ ယူမယ့်မိတ်ဆွေမှာရှိတဲ့ မကောင်းကျင့်တွေပဲ။





နောက်မိတ်ဆွေ အမျိုးအစားက…

**၂။ ကူညီမှုမှာ လက်မပါ၊ ပါးစပ်သာပါတဲ့ မိတ်ဆွေ**

အဲဒီလိုမိတ်ဆွေမျိုးမှာလည်း မကောင်းကျင့်(၄)မျိုးပါနေတတ်တယ်။ ဘယ်လိုလဲဆိုတော့ အဲဒီမိတ်ဆွေမျိုးဟာ…

**(က) အတိတ်နဲ့ လောကွတ်ပြုတတ်တယ်**

ဆိုလိုတာက…ကိုယ့်မှာ အခက်အခဲကြုံလို့ ခေတ္တပေးပါ၊ ချေးငှားပါ၊ အကူအညီပေးပါ စသည်ဖြင့်ပေါ့။ အကူအညီလိုလို့ တောင်းတဲ့အခါ အဲဒီမိတ်ဆွေမျိုးက ဘာပြန်ပြောတတ်သလဲဆိုတော့…'ကူညီနိုင်တုန်းကတော့ မလာဘူး၊ ခုမှလာတော့ မကူညီနိုင်ဖြစ်နေတယ်၊ ဝမ်းနည်းပါတယ်၊ အရင်တုန်းကသာဆို ဒီအကူအညီမျိုး ပေးနိုင်တာပေါ့…' စသည်ဖြင့် အတိတ်နဲ့သာ လောကွတ်စကားပြောတယ်၊ လက်တွေ့ကတော့ ဘာမှမကူညီဘူး။

**(ခ) အနာဂတ်နဲ့ လောကွတ်ပြုတတ်တယ်**

ဆိုလိုတာက…ကိုယ်က အကူအညီတောင်းတယ်၊ ဒါကို သူပေးနိုင်တယ်၊ ဒါပေမယ့် မပေးချင်ဘူး၊ ဒီအခါမှာ…'မရှိခိုက်၊ မကူညီနိုင်ခိုက်နဲ့ အခုကြုံနေလို့ပါ၊ စိတ်မကောင်းပါဘူး၊ နောင်ကျရင်လာခဲ့ပါ၊ နောက်တစ်ခေါက်လာခဲ့ပါ၊ ကူညီနိုင်မှာပါ' စသည်ဖြင့် အနာဂတ်နဲ့ လောကွတ်စကားပြောတယ်။ နောက်တစ်ခါ တကယ်သွားပြီး အကူအညီတောင်းရင်လည်း နောက်တစ်ကြိမ် အနာဂတ်နဲ့ လောကွတ်စကားပြောပြီး အကူအညီပေးဖို့ ရှောင်ဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) အချည်းနှီးကတိစကားတွေနဲ့ လောကွတ်ပြုတတ်တယ်

အကူအညီမလိုမှန်းသိနေတဲ့အခါ ကိုယ့်မှာပြည့်စုံမှု၊ အဆင်ပြေမှုတွေရှိနေတဲ့အခါမှာ အဲဒီမိတ်ဆွေမျိုးက 'အကူအညီလိုရင် တောင်းနော်၊ ကူညီပါ့မယ်' စသည်ဖြင့်ပြောတတ်တယ်။ ဒါပေမယ့်... တကယ်တမ်း အကူအညီလည်းသွားတောင်းရော...အဲဒီလူမျိုးက...

(ဃ) ပျက်စီးမှုကိုပြပြီး ရှောင်တတ်တယ်

တကယ်အကူအညီတောင်းတဲ့အခါမှာ 'လုပ်ငန်းတွေ အရှုံးပေါ်သွားလို့ အခုတော့ မကူညီနိုင်ဖြစ်သွားကာ...ခွင့်လွှတ်ပါ၊ ကူညီချင်ပေမယ့်...မမျှော်လင့်တဲ့ ကိစ္စလေးတွေ ဖြစ်ပျက်သွားလို့ပါ၊ ဝမ်းနည်းပါတယ်' စသည်ဖြင့် အဆင်မပြေတာတွေ၊ ဆုံးရှုံးပျက်စီးတာတွေကို အကြောင်းပြပြီး အကူအညီပေးဖို့ အဲဒီမိတ်ဆွေမျိုးဟာ ရှောင်တတ်တဲ့ အကျင့်ရှိတယ်။

၃။ ရှေ့တွင်သာ ချစ်ခင်ယောင်ပြုပြီး
အလိုက်သင့် ပေါင်းတတ်တဲ့မိတ်ဆွေ

ဒုတိယမိတ်ဆွေ အမျိုးအစားမှာလည်း မကောင်းကျင့် (၄)မျိုးရှိနေတတ်တယ်။ ဘယ်လိုလဲဆိုတော့...

(က) မကောင်းတဲ့အလုပ်မျိုး၊ အပြုအမူမျိုးကို ကိုယ်ကပြုလုပ်ချင်တယ်ပြောရင် အဲဒီမိတ်ဆွေမျိုးက ကိုယ့်အကြိုက်လိုက်ပြီး 'လုပ်သာလုပ်၊ ပြုသာပြု'လို့ ပြောတတ်တယ်။





(ခ) ကိုယ်က ကောင်းတာလုပ်မယ်ပြောတော့လည်း 'လုပ်သာလုပ်'လို့ အကြိုက်ကို လိုက်ပြောတတ်တယ်။

(ဂ) သူများရှေ့မှာ...ကိုယ့်ရှေ့မှာ တော်ကြောင်း၊ ကောင်းကြောင်း မြှောက်ပင့်ပြောတတ်တယ်။ ဒါပေမယ့်...

(ဃ) ကွယ်ရာကိုလည်းရောက်ရော... ကိုယ့်မကောင်းကြောင်းကို အားရပါးရ အဲဒီမိတ်ဆွေမျိုးက ပြောတတ်တယ်။

၄။ မကောင်းမှုတွေမှာ အဖော်သဟဲရတတ်တဲ့မိတ်ဆွေ

ဒီစတုတ္ထမိတ်ဆွေအမျိုးအစားမှာလည်း မကောင်းတဲ့အကျင့် (၄)မျိုးရှိနေတတ်တယ်။ ဘာတွေလဲဆိုတော့...

(က) မူးယစ်စေတတ်တဲ့အရာတွေကို သုံးစွဲသောက်စားခြင်းမှာ သဘောတူလိုက်လျော ပေါင်းဖော်တတ်တယ်။

(ခ) ညအချိန် လေလွင့်လမ်းသလားမှုမှာ လိုက်လျော ပေါင်းဖော်တတ်တယ်။

(ဂ) သဘင်ပွဲလမ်း၊ အပျော်အပါးလိုက်စားမှုမျိုးမှာ သဘောတူလိုက်ပါ ပေါင်းဖော်တတ်တယ်။

(ဃ) လောင်းကစားမှုတွေမှာ စိတ်တူကိုယ်တူ၊ လုပ်ဖော်ကိုင်ဖက်အဖြစ် ပေါင်းဖော်တတ်တယ်။

အများအားဖြင့်တော့ အဲဒီအကျင့်ဆိုး၊ သဘောထားဆိုးတွေရှိတဲ့ မိတ်တု ဆွေတု(၄)မျိုးနဲ့ပဲ ကျွန်တော်တို့ ဘဝခရီးမှာ



www.burmeseclassic.com

www.burmeseclassic.com




ကြုံတတ်တယ်။ ကိုယ်ကြုံတွေ့ဆက်ဆံရသူဟာ မိတ်တုဆွေတုလို့ သိရင် တော်ပါပေရဲ့၊ တော်ပါသေးရဲ့။ မိတ်ကောင်းဆွေကောင်း မဟုတ် ပါဘဲလျက်နဲ့ တကယ့်မိတ်ကောင်းဆွေကောင်း အဖော်ကောင်း အဖြစ် ဟန်ဆောင်ကောင်းတဲ့သူတွေ လောကမှာရှိတယ်။ သူတို့ကြောင့် ကိုယ့်ဘဝပျက်လောက်အောင်ခံလိုက်ရတာတွေကို ကြုံတော့မှ သိလာရတာမျိုးကတော့ ဆိုးတယ်ဗျာ။ ကျွန်တော်က ဒီအဖြစ်မျိုးတွေကို ကြုံခဲ့တာ။

ဒါပေမယ့်...အမြတ်တစ်ခုပေါ့ ကျွန်တော်ရခဲ့ပါတယ်။ ဘာလဲဆိုတော့...မိတ်ဆွေတုတွေကြောင့် ကျွန်တော်ဟာ အရင်ကထက် လူမှုဆက်ဆံရေးမှာ 'သတိ'ကောင်းသူတစ်ယောက် ဖြစ်လာခဲ့တယ်။ ဒါဟာ အမြတ်ပဲလို့ထင်ပါတယ်...လို့ အဲဒီနေ့က သူက ပြောပြပါတယ်။

အမှတ် ၁၁၄၊ အင်တာဗျူးဂျာနယ်





www.burmeseclassic.com

www.burmeseclassic.com

## တွေ့လာနိုင်သူများ

▲

နာယကဂုဏ်(၆)မျိုးအကြောင်း ပြောပြီးတဲ့အခါမှာ သူက အနာယကအကျင့်(၆)မျိုးအကြောင်းကို ပြောပြန်တယ်။ သူပြောတဲ့ အနာယကအကျင့်တွေဟာ နာယကတွေသာမက မည်သူမဆို ကျင့်ဆောင်ဖို့မသင့်တဲ့ အကျင့်တွေဖြစ်တယ်လို့ ထင်မိပါတယ်။

သူက ပထမအနာယကအကျင့်ကို ကျင့်ဆောင်တဲ့သူရဲ့ အမူအကျင့်တွေဟာ ကဏန်းကောင်(ပုစွန်လုံး)ရဲ့ အမူအကျင့်နဲ့ တူတယ်တဲ့။

မြင်ဖူးမှာပဲ၊ ကဏန်းကောင်ဟာ လူတွေကိုတွေ့ရင် လက်မကို ထောင်ထောင်၊ ထောင်ထောင် လုပ်ပြတတ်တယ်။ ဘဝင်မြင့်၊ စိတ်နေကြွမြင့်၊ လူတွေနဲ့တွေ့ရင် လက်မထောင်ပြ၊ မောက်မာပြသူရဲ့ အမူအကျင့်ဟာ ကဏန်းကောင်ရဲ့ အမူအကျင့်မျိုးနဲ့ တူတယ်။ အဲဒီကဏန်းကောင်ရဲ့ ကျောက်ကုန်းဟာ မာကျောကျော



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ချော် ချော်ဖြစ်နေသလို၊ အဲဒီမောက်မာပြသူရဲ့ လူပုံလူပန်းက ပြောင် ချော်ချော် ထောင့်မကျိုးဖြစ်နေတတ်တယ်။ မထီလေးစားနဲ့ နှစ်လို ဖွယ်ရာ မရှိတဲ့ သွင်ပြင်သဏ္ဌာန် ရှိနေတတ်တယ်။

ကဏန်းကောင်သွားတာကိုကြည့်ဦး...ဘယ်တော့မှ အဖြောင့် မသွားဘူး၊ ကောက်တီကောက်ကွေးသွားတယ်။ လိမ်လိမ်ကျစ်ကျစ် သွားတယ်။ အနာယကအကျင့်ရှိသူဟာလည်း ဘယ်တော့မှ အဖြောင့် မသွားဘူး။ ဖြောင့်မတ်တဲ့နှလုံးသား၊ စိတ်ထားမရှိဘူး။ ရှေ့က သွားပေမဲ့လည်း ဖြောင့်ဖြောင့်တန်းတန်းမဟုတ်ဘူး။ နောက်ကနေ လိုက်ကော့လည်း ကိုးလို့ကန့်လန့်၊ ယှဉ်သွားနေလည်း မကြာခင် ဘေးဘက် ဖဲ့ထွက်သွားတတ်တယ်။ အဲဒါ ကဏန်းကောင်ရဲ့ အမူအကျင့်နဲ့ တူတာတဲ့။

ဒုတိယ မကျင့်သင့်တဲ့အကျင့်ကို ကျင့်ဆောင်သူရဲ့ အမူအကျင့် ဟာ ပုတ်သင်ကောင်ရဲ့ အမူအကျင့်နဲ့တူတယ်။ ပုတ်သင်ကောင်ဟာ ဦးခေါင်းကညိတ်ညိတ်လုပ်နေတတ်တယ်။ ကိုယ့်အကျိုးစီးပွားမပျက် အောင်၊ ကိုယ့်အကျိုးစီးပွားတိုးတက်အောင်၊ တစ်ဖက်ကပြောသမျှ ကို အလိုက်သင့်ခေါင်းညိတ်တယ် မဟုတ်တာ မမှန်တာတွေ ပြော နေတာဖြစ်ပါလျက်နဲ့ ကြောက်တဲ့အတွက်၊ ချစ်တဲ့အတွက်၊ ကိုယ့် အကျိုးပျက်မှာစိုးတဲ့အတွက် ခေါင်းတညိတ်ညိတ် လုပ်တာဟာ ပုတ်သင်ရဲ့ အမူအကျင့်နဲ့ တူတယ်တဲ့။ ပြီးတော့ ပုတ်သင်ဟာ သူ့ ပတ်ဝန်းကျင်နဲ့ ဆီလျော်အောင် အရောင်ပြောင်းတတ်တယ်။ ကိုယ့်





အကျိုးစီးပွားအတွက် သာတဲ့ဘက်ကိုပြောင်း၊ အောင်မြင်နေတဲ့ သူတို့ဆီကူး၊ အဲဒီလူတွေနဲ့တစ်သားတည်းဖြစ်အောင်နေ၊ သူတို့ ဝန်းကျင်အသိုင်းအဝိုင်းနဲ့ ဆီလျော်အောင် ဘဝကိုပြောင်းလဲ...ဒီလို လုပ်တာဟာ ပုတ်သင်ရဲ့ အမူအကျင့်နဲ့ တူတယ်တဲ့။

တတိယ...မသင့်တဲ့အကျင့်ကို ကျင့်ဆောင်သူရဲ့ အမူအကျင့် ဟာ ကိုင်းပင်ရဲ့ လှုပ်ရှားပုံနဲ့တူတယ်။ ကိုင်းပင်ဟာ တည်ငြိမ် ခိုင်ခံ့တဲ့သဘောမရှိဘူး၊ လေယူရာလိုက်ယိမ်းတယ်၊ ကိမ်းတယ်၊ တောင်လေလာရင် မြောက်ကိုယိမ်း၊ မြောက်လေလာရင် တောင် ကိုယိမ်းတယ်။

ဟိုလူက ဟိုလိုဆွဲဆောင်ပြောဆိုရင် ဟိုဘက်ပါ၊ ဒီလူက ဒီလိုဆွဲဆောင်ပြောဆိုရင် ဒီဘက်ပါ၊ ခြောက်တော့လည်းကြောက် တယ်၊ မြှောက်တော့လည်း မြောက်ပြန်ကယ်။ နှစ်လိုဖွယ်နေ့ဥစ္စာ တွေနဲ့ သွေးဆောင်တဲ့အခါ လိုက်လျောတယ်။ အဆိုးလောကဓံတွေ အန်တုလာတဲ့အခါကျတော့လည်း ထိတ်လန့်တုန်လှုပ်တယ်။ စိတ် မခိုင်ဘဲ ဒီလိုယိမ်းယိုင်တဲ့ အမူအကျင့်ဟာ ကိုင်းပင်ရဲ့ လှုပ်ရှားမှုနဲ့ တူတယ်တဲ့။

စတုတ္ထ မသင့်တဲ့အကျင့်ကို ကျင့်ဆောင်သူရဲ့ အမူအကျင့် ဟာ နွားသိုးရဲ့အမူအကျင့်နဲ့ တူတယ်တဲ့။ နွားသိုးဟာ ချိုသွေးရင်း နဲ့ အမြဲလိုလို ရန်လိုနေတတ်တယ်။ အနိုင်အထက် ပြုချင်နေကယ်။

မာန အာဃာတတွေနဲ့ တစ်ဖက်လူကို ဆက်ဆံတာ၊ နေ အင်အားစတဲ့ အားကိုးတွေနဲ့ အခြားသူတွေကို အနိုင်အထက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတာတွေ၊ ရန်လုပ်တာ...စတဲ့ အမူအကျင့်တွေဟာ နွားသိုးရဲ့ အမူအကျင့်တွေနဲ့ တူတယ်တဲ့။ ပြီးတော့ နွားသိုးဟာ ကာမဂုဏ်မှုတွေနောက် အထိန်းအချုပ်မရှိ လိုက်နေကတတ်တယ်။ အဲဒီလိုပဲတဲ့... မ,အလိုလိုက်ပြီး မိုက်ဖက်ပါနေတာတွေ၊ အထိန်းအချုပ်မဲ့ ကာမဂုဏ်လိုက်စားနေတာတွေဟာလဲ နွားသိုးရဲ့အမူအကျင့်နဲ့ တူတယ်တဲ့။

ပဥ္စမ...မသင့်တဲ့အကျင့်ကို ကျင့်ဆောင်သူရဲ့ အမူအကျင့်ဟာ လိပ်ရဲ့အမူအကျင့်နဲ့ တူတယ်။ လိပ်ဟာအမြဲပဲ ကိုယ့်ဘက်ကို ကိုယ်ယက်တတ်တယ်။ လူတွေနဲ့တွေ့တဲ့အခါ...လူသုံးကြားတဲ့အခါမှာ ဦးခေါင်းကို ကိုယ်ထဲပြန်သွင်းပြီး မတုန်မလှုပ် ငြိမ်နေတတ်တယ်။

ကိုယ့်အတွက်အကျိုးအတွက်ပဲကြည့်တာ၊ ကိုယ်ရဖို့လောက်ပဲကြည့်တာ...ကိုယ့်ဘက်ပဲ ပါအောင်လုပ်တာဟာ ကိုယ့်ဘက် ကိုယ်ယက်ပြီး သွားနေတဲ့ လိပ်ရဲ့အမူအကျင့်မျိုးနဲ့ တူနေတာပဲ။ ပြီးတော့ ကိုယ့်အကျိုးစီးပွားအတွက်ကြည့်ပြီး လူဟာအမျိုးမျိုး ဟန်ဆောင်ကယ်။ တစ်ဖက်သား ကိုယ့်ကိုယုံကြည်အောင် ဟန်ဆောင်တယ်။ ပိပိရိရိညာတယ်။ ဣန္ဒြေတည့်ကြည့်စွာနဲ့ သူတော်ကောင်းဟန်ဆောင်တယ်။ အဲဒီလို ပြုမူတာဟာ ဦးခေါင်းကိုယ်ထဲသွင်းပြီး ငြိမ်နေတဲ့ လိပ်ရဲ့အမူအကျင့်နဲ့ တူတာတဲ့...။

ဆဋ္ဌမ...မသင့်တဲ့အကျင့်ကို ကျင့်ဆောင်သူရဲ့ အမူအကျင့်ဟာ ခွေးအ,ရဲ့အမူအကျင့်နဲ့တူတယ်တဲ့။ ခွေးအ,ဟာ ကောက်ကျစ်တယ်၊ ဉာဏ်နီဉာဏ်နက်များတယ်၊ ရက်စက်တယ်၊ သစ္စာလည်းဖောက်တတ်တယ်၊ ကိုယ့်အကျိုးစီးပွားအတွက် တစ်ဖက်လူကို





ပျက်စီးအောင် ကြံတိတ်ပြီးကြံတာ၊ ကိုယ့်အောင်မြင်မှု၊ ကိုယ့်အကျိုးရလာဒ်အတွက် ကောက်ကျစ်တဲ့လုပ်ရပ်တွေကို လုပ်တာ၊ လှည့်စားလိမ်ညာပြီး အချင်းချင်းဆီက အကျိုးအမြတ်ရအောင် လုပ်တာ၊ အားမနာတတ်ဘဲ ရက်စက်စရာရှိရင် ရက်စက်ရဲတာ၊ အချင်းချင်းအပေါ် သစ္စာဖောက်တာ...စတဲ့ အမူအကျင့်တွေဟာ ခွေးအ,ရဲ့အမူအကျင့်တွေနဲ့ တူတယ်တဲ့။

▲▲

သူပြောပြတဲ့ အကောင်တွေနဲ့ အပင်အကြောင်းကို နားထောင်ရင်း 'ငါဟာ အပင်လား၊ အကောင်ပဲလား' လို့ မရဲတရဲ ကျွန်တော်တိုက်ဆိုင်ကြည့်မိပါတယ်။

*ကဏ္ဍာန်းပုတ်သင်၊ ကိုင်းပင်နွားသိုး*

*လိပ်မျိုးခွေးအ၊ အနာယက...*

အမှတ် ၁၁၇၊ အင်တာဗျူးကျာနယ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ခရုနဲ့အတု

▲

လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုမှာ နှစ်ခြိုက်စွာနဲ့ ပြောဆိုကြ၊ နားထောင်ခဲ့ကြတဲ့ ဒဏ္ဍာရီပုံပြင်တွေရှိတယ်။ ဒီဒဏ္ဍာရီတွေကို အလကားဟာတွေပဲဆိုပြီး မပစ်ပယ်သင့်ဘူး။ အမြတ်တနိုးကို ထိန်းသိမ်းထားသင့်တယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီဒဏ္ဍာရီပုံပြင်တွေဟာ သက်ဆိုင်ရာလူမျိုးတို့ရဲ့ ဘဝအမြင်တွေ၊ လောကအမြင်တွေ၊ ကိုယ်ကျင့်တရားဆိုင်ရာ ယူဆချက်တွေကို ထင်ဟပ်ပြနေတာတွေဖြစ်လို့ပဲလို့ တချို့က ယူဆတယ်။ ဒီယူဆချက်ကို ကြိုက်နှစ်သက်သူ ရှိချင်လည်း ရှိမှာပေါ့။ မကြိုက်သူတွေလည်း ရှိချင်ရှိမှာပေါ့။

ကျွန်တော့်အဖို့ကတော့ ဒဏ္ဍာရီပုံပြင်တွေကို ဒီနေ့မျက်မှောက်ခေတ်က ပန်းချီကားချပ်တွေလိုပဲ သဘောထားမိတယ်။ မျက်မှောက်



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ပန်းချီဆရာတွေဟာ ရှေးခေတ်ကလို ပန်းချီကားကို အမည် တစ်စုံတစ်ရာ မပေးကြတော့။ တချို့ကတော့ အမည်မပေးတော့ ဘဲနဲ့ ဖွဲ့စည်းမှု (၁) composition (1)၊ ဖွဲ့စည်းမှု (၂) composition (2) စသည်ဖြင့် နံပါတ်ထိုးပြီး ဖော်ပြတတ်တာမျိုးတော့ ရှိတယ်။ ပန်းချီကားကို အမည်တစ်စုံတစ်ရာ မပေးတာကို ကျွန်တော် ကတော့ ကြိုက်တယ်။ ဘာကြောင့်လဲဆိုတော့ အမည်တစ်ခုခုပေး လိုက်ရင် ပန်းချီအနုပညာလက်ရာကို အကန့်အသတ်ပြုလိုက်ရာ ရောက်သွားတတ်တယ်။ အနုပညာပစ္စည်းဆိုတာ ကြည့်ရှုသူအပေါ်မှာ အမှီပြုပြီး အမျိုးမျိုးခံစားသွားစေနိုင်တာမျိုး ဖြစ်သင့်တယ်။

ယဉ်ကျေးမှုတစ်ရပ်မှာရှိတဲ့ ဒဏ္ဍာရီပုံပြင်တွေကိုလည်း ကျွန်တော်က အနုပညာဖွဲ့စည်းမှုတွေအဖြစ် မြင်တယ်။ ဖတ်ရှုသူ နားထောင်သူဟာ အမျိုးမျိုးခံစားသွားနိုင်တဲ့ အနုပညာလက်ရာတွေ ဖြစ်တယ်လို့ထင်တယ်။ အဲဒီပုံပြင်တွေဟာ နက်ရှိုင်းတဲ့ အသိအမြင် တွေဖြစ်ပေါ်အောင် လှုံ့ဆော်ပေးတတ်သေးတယ်လို့လည်း ထင် တယ်။

ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုထဲက ပုံပြင်တစ်ခုကို ကျွန်တော် ပြောပြမယ်။ ဒီပုံပြင်ကို ခင်ဗျားတို့လည်း ကြားဖူးပြီးသား ဖြစ်မယ်။ ဒါပေမယ့် ဒီပုံပြင်ဟာ ကျွန်တော့်ကို ဘယ်လိုခံစားစေတယ်၊ ဘယ်လိုအသိမြင်မျိုးကို ရအောင် လှုံ့ဆော်လိုက်တယ်ဆိုတဲ့နေရာ ရောက်တော့ သူများတွေနဲ့ ကျွန်တော် ဘယ်လိုခြားနားသွားတယ်





ဆိုတာ သိမယ်။ အဲဒီလိုခြားနားတဲ့ ခံစားမှု၊ ခြားနားတဲ့အမြင် ဖြစ်အောင် လှုံ့ဆော်ဖန်တီးနိုင်တာဟာပဲ အနုပညာဖွဲ့စည်းမှု တစ်ရပ်ရဲ့ ထူးခြားချက်လို့ ကျွန်တော်ပြောချင်လို့ပါ။ ပုံပြင်က ဒီလိုပါ။

▲▲

နေးကွေးလွန်းလှစွာနဲ့ လမ်းမှာသွားနေတဲ့ ခရုပက်ကျိနဲ့ မြင်းနဲ့ လမ်းမှာဆုံတော့ မြင်းက သရော်ပြောင်လှောင့်တဲ့ လေသံ နဲ့ 'မြန်တဲ့သူကို နှေးတဲ့သူက အမြဲပဲ လမ်းဖယ်ပေးရတယ်' လို့ ခရုပက်ကျိကိုပြောတယ်။ ပြောင်လှောင်သရော်တာကို မကြိုက်နိုင် ကြဘူးမဟုတ်လား။ ဒီတော့ မခံချင်စိတ်နဲ့ ခရုပက်ကျိက 'တို့ ခရု ပက်ကျိတွေဟာ ပြိုင်ပွဲကျမှ မြန်ကြောင်းပြသူတွေဖြစ်တယ်'လို့ မြင်းကို ပြန်ပြောတယ်။ သူ့စကားက လိုအပ်လာမှ မြန်မြန်ပြေး တယ်၊ မလိုအပ်ဘဲနဲ့ သင့်လို ဟိုပြေးလိုက် သည်လွှားလိုက် လုပ်မနေတာမဟုတ်ဘူးလို့ ပြန်ပြီး ခနဲ့လိုက်တာဖြစ်ပါလိမ့်မယ်။ ခရုပက်ကျိစကားကို ကြားတော့ မြင်းက တဝါးဝါးနဲ့ ဟားတိုက် ရယ်ပစ်လိုက်တယ်။ ဒီအခါမှာ ခရုပက်ကျိက 'ဒါဆို ပြိုင်ပြေးမလား' လို့ မြင်းကို စိန်ခေါ်တယ်။ မြင်းကလည်း သူ့စိန်ခေါ်ချက်ကို လက်ခံလိုက်တယ်။ ဒါနဲ့ခရုပက်ကျိနဲ့ မြင်းဟာ ဘယ်နေ့၊ ဘယ် အချိန်မှာ အပြေးပြိုင်မယ်လို့ ချိန်းဆိုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခရုပက်ကျိဟာ သူနဲ့အသွင်တူ ခရုပက်ကျိတွေကို ဆင့်ခေါ်ပြီး တော့ 'ဟေ့–ဒီမှာ ငါပြောမယ်၊ မြင်းသားဟာ ဆေးဖက်ဝင်တယ်။ မြင်းသားကိုစားပြီးရင် ကိုယ်လက်ညောင်းညာ ကိုက်ခဲတာတွေ ပျောက်ကင်းနိုင်တယ်။ မင်းတို့ မြင်းသား မစားချင်ကြဘူးလား' လို့မေးကော့ တခြား ခရုပက်ကျိတွေကလည်း မြင်းသား စားလို ကြောင်း ပြောကြတယ်။ ဒီလိုပြောတော့ "ဒီလိုဆိုရင် ငါအခုပြော တာကို သေချာနားထောင်၊ မင်းတို့တွေ ဟောဟိုလမ်းတစ်လျှောက် မှာ တန်းစီရမယ်။ မင်းတို့ တန်းစီတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦးကြား တစ်ဖာလုံစီခြားပြီး ခရီးမိုင် ဝေးနိုင်သလောက် ဝေးအောင် စီရမယ်။ မြင်းက 'ပြေးတုန်းပဲလား'လို့မင်းတို့ကို လှမ်းမေးတိုင်း 'ပြေးတုန်းပဲ' လို့လည်း ဖြေရမယ်။ ကဲ...အလုပ်စကြတော့"လို့ ညွှန်ကြားပြီးတဲ့ အခါမှာ ခရုပက်ကျိဟာ အိပ်ရာဝင်သွားတယ်။

ချိန်းဆိုထားတဲ့အချိန်ရောက်တဲ့အခါမှာ မြင်းဟာ ခရုပက်ကျိ ဆီကို ရောက်လာပြီး ခနဲ့တဲ့တဲ့လေသံနဲ့ပဲ 'ဘယ်လိုလဲ အပြေးသမား ကြီး၊ ပြိုင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်ပြီလား'လို့ဆိုတော့ ခရုပက်ကျိ ကလည်း အဆင်သင့်ရှိပါကြောင်း ပြန်ပြောတယ်။ ပြီးတော့ ခရု ပက်ကျိက မြင်းကို ပြိုင်ပွဲနဲ့ပတ်သက်ပြီး လိုက်နာရမယ့်အချက် တွေကိုပြောတယ်။ 'အပြေးပြိုင်တဲ့အခါမှာ ပြိုင်ဘက်ကိုကျော်နိုင် မှ နိုင်တယ်လို့ ပြောရမှာဖြစ်တယ်။ ဒီတော့ ပြေးတဲ့အခါမှာ ကိုယ့်





ပြိုင်ဘက်ဟာ ကိုယ်နဲ့အတူ ပြိုင်ပြေးနေသလား၊ ကျန်ခဲ့လားဆိုတာ သိရအောင် တစ်ဖာလုံရောက်တိုင်း ကိုယ့်ပြိုင်ဘက်ကို ခေါ်ကြည့် ရမယ်'လို့ ခရုပက်ကျိက မြင်းကိုပြောပြတယ်။ မြင်းကလည်း သူပြောတာကို သဘောတူလိုက်တယ်။ ပြိုင်ပွဲစတယ်။

မြင်းဟာ လွှင့်နေအောင်ပြေးတယ်။ ခရုပက်ကျိကတော့ အေးအေးဆေးဆေးပဲ လျှောက်နေတယ်။ ပထမတစ်ဖာလုံရောက် တော့ မြင်းက အော်ပြီး ခရုပက်ကျိကို ခေါ်ကြည့်တယ်။ 'ဟေ့– အပြေးသမားကြီး၊ ပြေးတုန်းလား'လို့ခေါ်ကြည့်တော့ တစ်ဖက်က အသံပေါ်လာတယ်။ 'ပြေးတုန်းပါပဲ'တဲ့။ ဒီလိုဖြေသံကြားတော့ မြင်းဟာ အကြီးအကျယ် အံ့သြသွားတယ်။ မြင်းဟာ အပြေးရပ်ပြီး ဘေးဘက်ကိုလှမ်းကြည့်လိုက်တော့ အဟုတ်မှ အေးအေးလူလူ လျှောက်နေတဲ့ ခရုပက်ကျိကို မြင်ရတယ်။ မြင်းခမျာ အ,ပါ၊ သူ့ဘေးမှာ လျှောက်နေတဲ့ ခရုပက်ကျိဟာ သူနဲ့ တကယ့်ပြိုင်ဘက် ခရုပက်ကျိမဟုတ်မှန်း မသိရှာဘူး။ တကယ့် သူ့ပြိုင်ဘက် ခရုပက်ကျိ မှုလက ခရုပက်ကျိလို့ပဲ ထင်မှတ်နေတယ်။ ဒါနဲ့ မြင်းက 'အေး မင်းကို နောက်တစ်ဖာလုံမှာတော့ ကောင်းကောင်းကြီး ကျော်ပြ လိုက်မယ်ဟေ့'ဆိုပြီးပြေးတယ်။ နောက်တစ်ဖာလုံရောက်တော့ ဒီတစ်ခါတော့ လုံးဝကို ကျန်ခဲ့ပြီအထင်နဲ့ မြင်းက ခရုပက်ကျိဆီ အော်ခေါ်ပြီး 'ပြေးတုန်းလား'လို့မေးတယ်။ 'ပြေးတုန်းပဲ'လို့ ခရု



www.burmeseclassic.com

www.burmeseclassic.com



ပက်ကျိဆီက အသံပေါ်လာတယ်။ ကြည့်လိုက်တော့လည်း သွားလျက်ပဲရှိနေတဲ့ ခရုပက်ကျိကိုမြင်ရတယ်။ ဒီခရုပက်ကျိကိုလည်း မူလက ခရုပက်ကျိ၊ သူနဲ့ပြိုင်ပွဲဝင်တဲ့ ခရုပက်ကျိအစစ်လို့ပဲ မြင်းက ထင်မှတ်နေတယ်။ မူလက ခရုပက်ကျိအစစ်မဟုတ်ဘူး၊ အယောင်ဆောင် ခရုပက်ကျိအတုသာ ဖြစ်တယ်ဆိုတာကို မြင်းခမျာ မသိဘူး၊ မသိတော့ မြင်းဟာ စိတ်တိုလာပြီး 'ကဲ-လိုက်ပြေးဦးဟာ' ဆိုပြီး မြန်သည်ထက်မြန်အောင် ပြေးတယ်။ ဒါပေမယ့် တစ်ဖာလုံတိုင်း တစ်ဖာလုံတိုင်းမှာ ခရုပက်ကျိကို တွေ့တွေ့နေတယ်။ နောက်ဆုံး မြင်းဟာ မောပန်းလဲကျပြီး အသက်ကုန်သွားတယ်။ အဲဒီ မြင်းသေရဲ့အသားကို ခရုပက်ကျိတွေ ဝိုင်းအုံပြီး စားကြတယ်။

ဒီပုံပြင်က ခရုပက်ကျိတွေ အဲဒီတုန်းက မြင်းသားစားခဲ့ကြရလို့ ယနေ့ထိ ခရုပက်ကျိတွေမှာ ကိုယ်လက်ညှောင်းညာ ကိုက်ခဲခြင်းတွေ မရှိကြတာလို့ ပြောလိုရင်း ဖြစ်ပါလိမ့်မယ်။

မြင်းသားစားရလို့ တကယ်ပဲ ကိုယ်လက်ကိုက်ခဲ ညှောင်းညာမှု ပျောက်, မပျောက်ဆိုတာကတော့ ကိုယ်တိုင်လည်း ခရုပက်ကျိ မဟုတ်တော့ မသိနိုင်ဘူးပေါ့ဗျာ။ ထားပါတော့။

ငယ်ငယ်တုန်းကလည်း ဒီပုံပြင်ကလေးကို နားထောင်ရရင် ကြိုက်တယ်။ အခု ကြီးလာတော့လည်း ကြိုက်တယ်။ ပိုပြီးတောင် ကြိုက်လာတယ်လို့ပြောချင်တယ်။ ဒီပုံပြင်ကလေးက အနုပညာ



ဖွဲ့စည်းမှုဆိုတော့ ကိုယ့်အရွယ် ကိုယ့်အသိနဲ့ အမျိုးမျိုးခံစားနိုင်တယ်။

ငယ်ငယ်တုန်းက အဲဒီပုံပြင်ကို နားထောင်တုန်းက မြင်းကို တော်တော် အ,တဲ့၊ နု,တဲ့ အကောင်ကြီးလို့ မြင်မိတယ်။ အခု ကြီးလာမှ ငါလည်း အဲဒီ မြင်းလို အ,ပါ၊ နု,ပါလားလို့ မြင်လာတယ်ဗျာ။ မော်လီကျူးတွေအကြောင်း၊ ဆဲလ်ခန္ဓာရဲ့ ဖွဲ့စည်းနေပုံတွေအကြောင်း သင်တန်းသားတွေကို သင်ပြတိုင်း အယောင်ဆောင် ခရုပက်ကျိအတုကို တကယ်အစစ်ထင်ပြီး ပြေးပြီးရင်းပြေးတဲ့ ပုံပြင်ထဲက မြင်းနဲ့ ကိုယ့်ဘဝနဲ့ နှိုင်းမိ၊ နှိုင်းမိနေတယ်။

'ကျွန်တော်တို့ ခန္ဓာကိုယ်က ကလာပ်စည်းဆဲလ်တွေဟာ အကြောင်းအမျိုးမျိုးနဲ့ ပျက်ပြီးရင်းပျက်နေကြတယ်။ အသစ်အသစ် ဆဲလ်တွေကလည်း ဖြစ်နေကြတယ်။ အဲဒီဆဲလ်တွေရဲ့ ဖြစ်ပျက်မှု အစဉ်(သန္တတိ)ကို တကယ်ရှိနေ၊ တည်နေတဲ့ အစုအဝေးခန္ဓာကိုယ် (သဏ္ဌာန်)လို့ ကျွန်တော်တို့က ထင်တယ်။ ငါပဲ၊ ငါ့ခန္ဓာပဲလို့ ထင်နေတယ်။ ဆဲလ်တွေရဲ့ပျက်နေမှုနဲ့ အသစ်ဖြစ်မှုတွေက မြန်ဆန်လွန်းတယ်။ မြန်ဆန်လွန်းတဲ့ ဖြစ်ပျက်နေမှုကို သာမန် အမြင်နဲ့ မမြင်နိုင်ဘူး။ စောစောက ကလာပ်စည်းဆဲလ်တွေဟာ အခုကလာပ်စည်းဆဲလ်တွေ မဟုတ်တော့ဘူးဆိုတာကို မမြင်နိုင်ဘူး။ စောစောက ခန္ဓာကိုယ်ဟာ အခု ခန္ဓာကိုယ်မဟုတ်တော့ဘူးလို့

EIGHT DRAGONS BOOKS



www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်ဘူး။ အခုခန္ဓာကိုယ်ဟာ မူလခန္ဓာကိုယ်၊ အရင်က ခန္ဓာကိုယ် မဟုတ်တော့ဘူးဆိုတာကို မမြင်နိုင်ဘူး။ မမြင်နိုင်တော့ အဲဒီဖြစ်ပျက် အစဉ်ရဲ့ အပေါ်ယံသဏ္ဌာန်ကို တကယ်အနေ၊ အဟုတ်အနေ၊ ရှိနေတဲ့အနေ မြင်တယ်။ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမလို့ ထင်နေတယ်...

'ပြောခဲ့ပါရောဗျာ၊ အပြေးပြိုင်ပွဲက မြင်းဟာ တော်တော့်ကို အ,တယ်ဆိုတာလေ။ နောက်တစ်ဖာလုံတိုင်း၊ နောက်တစ်ဖာလုံတိုင်းမှာ တွေ့မြင်ရတဲ့ ခရုပက်ကျိဟာ မူလခရုပက်ကျိ မဟုတ်မှန်းကို မြင်းခမျာ မသိရှာဘူး။ နောက်ဖာလုံတွေမှာ သူတွေ့မြင်နေရတဲ့ ပက်ကျိတိုင်းဟာ အယောင်ဆောင် ခရုပက်ကျိ၊ အစစ်မဟုတ်တဲ့ ခရုပက်ကျိအတုဆိုတာကို မြင်းခမျာ မသိရှာလို့ အ,တယ်လို့ ပြောခဲ့ပါရော။ ဒီလိုပြောပေမယ့် မြင်းကိုကျွန်တော်ခွင့်လွှတ်ပါတယ်ဗျာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် အ,ရုံမက မိုက်မဲနေတာကို မြင်မိလို့ပါ။ ကလာပ်စည်းဆဲလ်တွေရဲ့ ဖြစ်မှုပျက်မှုတွေအကြောင်း ပြောနေပေမယ့် 'ငါဟာ ငါမဟုတ်ပါလား' ဆိုတာကို မြင်အောင် မလုပ်နိုင်စွမ်းသေးဘူး။ ငါစွဲတွေ တန်းလန်းနဲ့ 'ငါ'ပြီးရင်း 'ငါ'ရင်း သံသရာတစ်ကြောမှာ ပြေးပြီးရင်း ပြေးနေမယ့် သံသရာ အပြေးသမား ကျွန်တော့်အဖြစ်ကို မြင်ယောင်နေပါတယ်။





'ဒီခံစားချက် ဒီအမြင်အထိရောက်အောင် ပံ့ပြင်က ကျွန်တော့်ကို ပို့ပေးလိုက်တယ်။ ဒီလိုပို့ပေးနိုင်တာဟာပဲ အနုပညာဖွဲ့စည်းမှုတစ်ရပ်ရဲ့ ထူးခြားချက်ဖြစ်တယ်ဆိုတာ ပြောချင်တာပါ'

▲▲▲


အထက်ပါအကြောင်းအရာကို ပြောဆိုသူက အဆုံးသတ်သောအခါ အိမ်ပြန်ကြဖို့ လက်ဖက်ရည်ဝိုင်းမှ ကျွန်တော်တို့ ထကြသည်။ ပျော်ပျော်နေတတ်သော လူပျိုကြီးဆရာက ထိုင်ရာမှမထသေးဘဲ 'ခရုအတုတွေအကြောင်း နားထောင်ပြီး ကျုပ်က စိတ်ချမ်းသာနေတာ၊ ဘာကြောင့်လဲဆိုတော့ အိမ်ပြန်ရောက်ရင် အိမ်သူသက်ထား ကိုယ့်မယားဟာ အတုများလေလားလို့ တွေးပြီး စိတ်မချမ်းမသာဖြစ်စရာ မလိုလို့ပေါ့ဗျာ'ဟုပြောလိုက်သောအခါ ကျွန်တော်တို့အားလုံး ပြုံးရာမှ ရယ်လိုက်မိကြပါသည်။

Fashion Image. ၁၉၉၉၊ ဒီဇင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းသောညဥ့်

(၁)

ထိုနေ့ညက သူနဲ့တွေ့တော့ သူက ကျွန်တော့်ကို စကားတွေ အများကြီးပြောသည်။ ပထမပိုင်း သူပြောပုံက ကြေကြေမြေမြေ၊ နွမ်းနွမ်းလျလျ။

သူပြောပြတာတွေကို မှတ်မိသမျှ၊ မှတ်သင့်သမျှကို အောက်ပါ အတိုင်း ရေးကြည့်ပါမည်။

(၂)

ကျွန်တော်က အိပ်မပျော်တတ်တဲ့သူ၊ အအိပ်ရခက်တဲ့သူပါဗျာ၊ အိပ်မပျော်တဲ့ညတွေ ဘယ်တော့များမှ ကုန်ဆုံးပါ့မလဲလို့...အမှန် တကယ် တမ်းတနေသူဟာ ကျွန်တော်ဖြစ်နိုင်ပါတယ်။

အိပ်မပျော်တတ်တဲ့သူဆိုတော့ ဟိုတွေး သည်တွေး...တွေး ရင်း တွေးရင်းက ရင်းတိုက်ပင်တောမှာ သီတင်းသုံးနေခဲ့ဖူးတဲ့ ဂေါတမမြတ်စွာဘုရားကို အမှတ်ရပါတယ်။ ဆောင်းလေက



www.burmeseclassic.com

www.burmeseclassic.com



ရင်းတိုက်တောကို ဖြတ်သန်းတိုးဝင်နေတယ်။ ဆီးနှင်းတွေက လည်း ကျနေတယ်။ ရင်းတိုက်ရွက်တွေပေါ်မှာ တင်နေတဲ့ နှင်းစက်တွေက တစ်ရွက်မှတစ်ရွက် လက်ဆင့်ကမ်းပြီး မြေပေါ်ကို တစ်ပေါက်ပေါက် ကျနေမှာပဲ။ ဂေါတမမြတ်စွာဘုရား ထိုင်နေတော်မူတာက ထူထူ ထည်းထည်းထိုင်စရာ အခင်းပေါ်မှာ မဟုတ်ဘူး။ ဖြန့်ခင်းထားတဲ့ ရင်းတိုက်ရွက်တွေပေါ်မှာထိုင်နေတာ။ ဂေါတမမြတ်စွာဘုရားရဲ့ သင်္ကန်းကလည်း နွေးနွေးထွေးထွေးရှိပုံ မပေါ်ဘူး။ ဆီးနှင်းတွေ ထိပြီး စိုထိုင်းနေမှာပဲ။ ဒါကိုမြင်တဲ့ ဟတ္ထကာဠဝက လို့ ခေါ်တဲ့ မင်းသားက ဂေါတမမြတ်စွာဘုရားကို 'အရှင်ဘုရား၊ အသို့ပါနည်း၊ ချမ်းသာစွာ အိပ်စက်ရပါသလား' လို့ မေးတယ်။ ဂေါတမမြတ်စွာ ဘုရားက ချမ်းသာစွာ အိပ်စက်ရပါတယ်လို့ဖြေတယ်။

ဒီအခါမှာ ဟတ္ထကာဠဝက မင်းသားက ဂေါတမမြတ်စွာ ဘုရားကို 'အရှင်ဘုရား...ဆောင်းရာသီညဥ့်ဖြစ်၍ အေးချမ်းလှပါ သည်။ ဆီးနှင်းတွေလည်း ကျသောအခါဖြစ်ပါ၏။ မြေပြင်သည် နွားခြေရာတို့ဖြင့် ကြမ်းတမ်းပါသည်။ အရှင်ဘုရားထိုင်နေသည့် သစ်ရွက်အခင်းကလည်း ပါးလွှာလှပါသည်။ သစ်ပင်တွေက အရွက် တို့ကလည်း ကာဆီးအုပ်ဆိုင်းခြင်းမရှိဘဲ ကျဲလှပါကုန်သည်။ အရှင် ဘုရား၏ သင်္ကန်းတော်များကလည်း အေးလှပါသည်။ အရပ်လေး မျက်နှာမှ လေတွေကလည်း တိုက်ခတ်နေပါသည်။ သို့ပါလျက်နှင့် အရှင်ဘုရားက ငါဟာ ချမ်းသာစွာအိပ်စက်ရတယ်ဟု မိန့်ဆိုနိုင် ပေသေးသည်' လို့ လျှောက်တယ်တဲ့ဗျ။



ဒီလောက်တောင် အဆင်မပြေတဲ့၊ နွေးထွေးမှုမရှိတဲ့၊ အိပ်လို့ပျော်နိုင်စရာမရှိတဲ့ ညမျိုးဖြစ်ခဲ့ပါလျက်နဲ့ အရှင်ဘုရားက ငါဟာ ချမ်းသာစွာ အိပ်စက်ရတယ်လို့ ပြောနိုင်တယ်။ ပြောနိုင် သေးတယ်လို့ အံ့ဩသံနဲ့ လျှောက်ထားတာ ဖြစ်ပါလိမ့်မယ်။

လူမှာ လောဘ၊ ဒေါသ အစရှိတဲ့ တရားတွေရှိနေရင် ဘယ်လောက်ချမ်းသာချမ်းသာ၊ ဘယ်လောက်နွေးထွေးသက်သာမှုပဲ ရှိရှိ လူဟာချမ်းသာစွာ အိပ်ပျော်ဖို့ရန် မဖြစ်နိုင်တဲ့အကြောင်း၊ မိမိကတော့ ဆိုခဲ့တဲ့ လောဘ ဒေါသ အစရှိတဲ့ တဏှာကိလေသာ တွေကို အကြွင်းမဲ့ပယ်ပြီးသူဖြစ်တဲ့အကြောင်း၊ ဒီလိုပယ်ပြီးဖြစ်တဲ့ အတွက် 'မင်းသား၊ တဏှာကိလေသာမရှိတဲ့ ငါဟာ ချမ်းသာစွာ အိပ်စက် ရပါတယ်'လို့ ဂေါတမမြတ်စွာဘုရားက မိန့်တော်မူတယ်။

ချမ်းသာစွာ အိပ်စက်ရတယ်ဆိုတဲ့ ဂေါတမမြတ်စွာဘုရားရဲ့ စကားကို ကြားယောင်ပြီး ကျွန်တော်ကြည်နူး ကြည်ညိုမိပါတယ် ဗျာ။ အလိုမကျနိုင်မှုတွေ၊ မကျေနပ်နိုင်မှုတွေ၊ စိတ်ညစ်ညူးမှုတွေ၊ မခံချိမခံသာဖြစ်ရတာတွေနဲ့မအိပ်နိုင်ဖြစ်ချိန်မှာ ဂေါတမမြတ်စွာ ဘုရားကို အမှတ်ရရင် ကျွန်တော့်အတွက်ကောင်းသောညဥ့် ဖြစ်သင့် တယ်မဟုတ်လား။ ကြည်နူးကြည်ညိုမှုတွေနဲ့ အိပ်ပျော်သွားမယ် ဆိုရင်လဲ ကောင်းသော အိပ်စက်ခြင်းဖြစ်နိုင်တာပေါ့ဗျာ၊ ဒါပေမယ့် အိပ်လို့က မပျော်နိုင်ဘူး။

လသာတဲ့ညတွေဆိုရင် ပိုလို့အိပ်မပျော်နိုင်တဲ့ညတွေလို့ပြောရ မလားပဲ။ ဒါပေမယ့် ကောင်းစွာ အိပ်မပျော်နိုင်ပေမယ့် ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ညတွေဖြစ်ခဲ့တာတော့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ လသာတဲ့ ညတွေ ညတွေထဲမှာ ဂေါတမဗုဒ္ဓရဲ့ တကယ့် ထိတ်ထိတ်ကြဲ တပည့်တွေ...အင်ကြင်းတောကြီးထဲမှာ သီတင်းသုံးနေတဲ့ 'ည' အကြောင်းကို သတိရတဲ့ ညတွေ ပါနေလို့ပါ။

ဂေါသိင်္ဂလို့ခေါ်တဲ့ အင်ကြင်းပင်တောကြီးထဲမှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန်၊ ရှင်မဟာကဿပ၊ အရှင်အာနန္ဒာ အစရှိတဲ့ ဂေါတမမြတ်စွာဘုရားရဲ့ ထိတ်ထိတ်ကြဲတပည့်တွေ ညအချိန်မှာရှိနေကြတယ်။ အင်ကြင်းပန်းတွေ ပွင့်နေကြတယ်။ ပင်လုံးကျွတ်ကိုပွင့်နေကြတယ်။ ပန်းရနံ့တွေက ဝန်းကျင်တစ်ခွင်မှာ ကြိုင်လှိုင်နေတယ်။ ကောင်းကင်မှာလဲ မိုးသားမြူတိမ် ကင်းစင်ကြည်လင်နေတယ်။ လရောင်ကလည်း ငွေအိုးကနေ ငွေရည်တွေ သွန်ထားသလို ဖွေးလက်နေအောင် သာနေတယ်လို့ စိတ်ထဲက မြင်ကြည့်တယ်။ သိပ်ကိုလှတဲ့ည၊ သိပ်ကို သာယာတဲ့ည၊ ဒီလို သာယာကြည်နူးဖွယ်ကောင်းတဲ့ညနဲ့ ပေါင်းဖက်နေတဲ့ အင်ကြင်းတောကြီးကို ပိုပြီးလှပတင့်တယ်သွားအောင် ဘာကထပ်ဖြည့်နိုင်သေးလဲ...ဆိုတဲ့ အမေးစကား ဂေါတမ မြတ်စွာဘုရားရဲ့ တပည့်ကြီးတွေကြားမှာ ဖြစ်ပေါ်တယ်။ ဒီအမေးစကားကို...

အဖြေအမျိုးမျိုးပေးကြပါတယ်၊ ဖြည့်စွက်ချက်တွေ အမျိုးမျိုးပေးကြပါတယ်။ ဒီအဖြေတွေ ဖြည့်စွက်ချက်တွေနဲ့အတူ တပည့်သာဝကကြီးတွေဟာ ဂေါတမမြတ်စွာဘုရားထံ သွားကြပါတယ်။ ရောက်တဲ့အခါမှာ ပေးခဲ့တဲ့အဖြေတွေ၊ ဖြည့်စွက်ချက်တွေအကြောင်း





ကို အရှင်သာရိပုတ္တရာက ဂေါတမမြတ်စွာဘုရားကို ပြန်ပြီးလျှောက်ထားတယ်။ ဒီလိုလျှောက်ထားပြီးတဲ့နောက် မည်သူမည်သူရဲ့ အဖြေစကား၊ ဒါမှမဟုတ် ဖြည့်စွက်ချက်ဟာ အကောင်းမြတ်ဆုံးဖြစ်ပါသလဲဆိုတာကို ဂေါတမမြတ်စွာဘုရားထံ ထင်မြင်ချက်ကို အရှင်သာရိပုတ္တရာက တောင်းခံတယ်။ ဒီအခါမှာ ဂေါတမ မြတ်စွာဘုရားက... ပေးခဲ့ကြတဲ့ အဖြေတွေ၊ ဖြည့်စွက်ချက်တွေအားလုံးဟာ သူ့နည်းသူ့ဟန်နဲ့ ကောင်းမြတ်တာတွေချည်းဖြစ်တဲ့အကြောင်း မိန့်ကြားပြီးတဲ့နောက် အရှင်သာရိပုတ္တရာကို...

'သာရိပုတ္တရာ...ငါ့စကားကိုလဲနားထောင်ကြဦး၊ ဤသာသနာတော်၌ ရဟန်းသည် ဆွမ်းခံရာမှပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေထိုင်ပြီးလျှင် ကိုယ်ကို ဖြောင့်စွာထား၍(ကမ္မဋ္ဌာန်းသို့) ရှေးရှု(သတိ)ဖြစ်စေလျက်၊ အကြင်မျှလောက် ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်သေး ... ထိုမျှလောက် ငါသည် ထက်ဝယ်ဖွဲ့ခွေထိုင်နေခြင်းကို မဖျက်တော့အံ့...' ဟု အဓိဋ္ဌာန်ပြု၍ ထိုင်နေ၏။ 'သာရိပုတ္တရာ... ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏'တဲ့။

အာသဝေါတရားတို့ကုန်အောင် အားထုတ်နေတဲ့ ရဟန်းရှိနေရင် အင်ကြင်းတောကြီးဟာ ပိုပြီးတင့်တယ်သွားမယ်လို့ ဂေါတမမြတ်စွာဘုရားက ဖြည့်ပေးတယ်။ ဒီဖြည့်စွက်ပေးတဲ့စကားကို ကြားယောင်တဲ့ညဟာ တကယ်ဆို... ကျွန်တော့်အတွက် 'ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ည် ဖြစ်သင့်တယ်မဟုတ်လား။ ဒါပေမယ့် ဆိုခဲ့တဲ့ရဟန်းလို ထက်ပယ်ဖွဲ့ခွေထိုင်ပြီး အားမလုတ်နိုင်စွမ်းသေးတဲ့ ကိုယ့်အဖြစ်ကို မြင်ယောင်ပြီး ပမ်းနည်းသလိုဖြစ်တယ်။ ဂေါတမ မြတ်စွာဘုရား ဖြည့်စွက်ပေးတာကနေပြီး အင်ကြင်းကောကြီးဆီ ထပ်ပြီး မျှော်ကြည့်တယ်။ ပင်လုံးကျွတ်ပွင့်နေတဲ့ အင်ကြင်းပေါကြီးက ကျွန်တော့်အကွက် အလွမ်းတောကြီး ဖြစ်နေပါရောလားဗျာ။ အင်ကြင်းပန်းရနံ့ကွေ လွင့်ပျံ့နေတဲ့ညကလဲ လွမ်းမောဖွယ်ညကြီးဖြစ်နေပြန်တယ်။ ဒီလိုနဲ့ပဲ အလွမ်းအမောနဲ့ အအိပ်ခက်တဲ့ညအဖြစ် ဖြတ်ကျော်ရပြန်တာပဲ။

အအိပ်ခက်တော့ စိတ်က ရောက်မိရောက်ရာ ရောက်တာပေါ့။ ဟို...နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လောက်က ဓားတွေနဲ့ခွဲလှီးခံထားရတဲ့ ဗိမ္ဗိသာရမင်းရဲ့ ခြေဖဝါးကြီးတွေဆီ စိတ်က ရောက်သွားတာလည်းရှိရဲ့၊ လသာတဲ့ ကန်ဆောင်မုန်းလရဲ့ ညတွေမှာ အအိပ်ရခက်နေတဲ့ အဇာတသတ်မင်းကို မြင်ယောင်လို့လည်းရနေတယ်။ သူ့အအိပ်ခက်နေတာက သူ့ဖခင်ကို နှိပ်စက်ခဲ့မိလို့...၊ သူ့ဖခင်ကို သတ်ခဲ့မိလို့...မိုက်နှောင်ကတွေနဲ့ အအိပ်ခက်နေတာဖြစ်နိုင်ပါတယ်။ သတ်ခဲ့မိများလို့ အအိပ်ခက်တဲ့အကြောင်းဆီကို စိတ်ကရောက်ပြီးတဲ့အခါ သတ်တာနဲ့နီးနေတဲ့ ခိုးမိတဲ့အကြောင်းတွေ တွေးမိပြန်ရော...၊ ဒီအခါမှာ ကျွဲစွာမင်းကြီးရဲ့ အမိန့်တော်ပြန်တမ်းကို သတိရလာပြန်ရော...။

ကျွဲစွာမင်းကြီးရဲ့ အမိန့်တော်ပြန်တမ်းက ကျောက်စာပေါ်မှာ





ရေးထားတာ။ ကျောက်ချပ်ရဲ့ မျက်နှာစာက စာကြောင်းတွေနဲ့ ကျောက်ချပ်ရဲ့ ကျောဘက်က စာကြောင်းတွေပါ အားလုံး ပေါင်းလိုက်ရင် စာကြောင်းရေ ၁၀၀ နီးပါးလောက် ရှိလိမ့်မယ်ထင်တာပဲ။ ရေးထားတဲ့ အမိန့်တော်ပြန်တမ်းက တကယ့်ကြောက်စရာ လန့်စရာကြီး။ ဒီကျောက်စာကို သင်ခဲ့ရတုန်းကလည်း ကြောက်စရာစာကွေလို့ ထင်ခဲ့ဖူးတယ်။ အဲဒီအမိန့်တော်ပြန်တမ်းထဲမှာ သူခိုးတွေ ခိုးမှုကျူးလွန်ပြီးတဲ့နောက် အဖမ်းဆီးမခံရမီအတွင်း ဆင်းရဲရပုံကို...

'...သူ့ဥစ္စာပစ္စည်းကို လုယက်ခိုးဝှက် စားသောက်သူတို့ကား မမိသော်ငြားလည်း...အိပ်သော၊ နေသော၊ ရပ်သော၊ သွားသောကစသည်ဖြင့်လည်း မချမ်းသာနိုင်ကြ' တဲ့ဗျ။

သူများဥစ္စာကို ခိုးဝှက်လုယက်စားသောက်သူဟာ မမိသေးခင်မှာလဲ စိတ်မချမ်းသာဘူး။ ငါ့ကိုလာဖမ်းတော့မလား၊ လာပြီးချုပ်တော့မလား၊ အမှုပေါ်တော့မလားဆိုတဲ့ သောကတွေနဲ့ မအိပ်နိုင်ဘူး။ အိပ်ရတာ မချမ်းသာဘူးပေါ့ဗျာ။ အိပ်ကောင်းခြင်း မအိပ်ရဘူးပေါ့။ မအိပ်ဘဲ နေနေတော့ကော...မချမ်းသာပါဘူး၊ ရပ်နေလဲ မချမ်းသာဘူး၊ သွားနေလဲ...သွားလာသာနေရတယ် စိတ်မချမ်းသာဘူးတဲ့။ မမိဘဲ၊ အဖမ်းမခံရဘဲ နေရသလားဆိုတော့လည်း မနေဘူး။ ၂ နှစ် ၃ နှစ်အတွင်း အဲဒီသူခိုးကို မိတာပဲတဲ့။ မိလို့ အမှုမှန် ရောက်အောင်စစ်၊ စစ်လို့ အမှုထင်ရှားတဲ့အခါမှာလဲ အပြစ်ပေး ခံလိုက်ရတာတွေက ကြောက်စရာကြီး၊ တကယ်ကြောက်စရာ ကျောက်စာကြီးအဖြစ် ကျွန်တော်က အမှတ်ရနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ ခိုးတာအပြင် တခြားတခြား မဟုတ်တာတွေ လုပ်မိထားလို့၊ မဟုတ်တာတွေ ပြောမိထားလို့…မဟုတ်ကဲ့ ကာမ ဂုဏ်မှုကျူးလွန်ထားလို့ အိပ် မပျော်နိုင် ဖြစ်ရသူတွေအကြောင်းကိုလဲ အိပ်မပျော်တော့ တွေးမိတယ်။ တွေးတယ်၊ အနုပညာရှင်ကြီး လီယိုနာဒိုဒါဗင်ချီက…

'တစ်နေ့လုံး ကောင်းသောအမှုဖြင့် ကုန်ဆုံးသည့်အခါ ညဉ့်အချိန် အိပ်စက်ရခြင်းဟာ ချမ်းသာလေစွ၊ ကစ်သက်ပတ်လုံး ကောင်းသောအမှုဖြင့် အချိန်ကုန်လွန်ပြီးတဲ့အခါ သေရာညောင်စောင်းလဲလျောင်းရခြင်းဟာလဲ ချမ်းသာလှပေစွ'လို့ ပြောဖူးတယ်။

နေ့မှာ ဖဟုတ်မဟာရားတွေ မလုပ်မိဘဲ ကောင်းတာတွေပဲ လုပ်မိရင် နောင်တတစ်ဖန်နဲ့ ပူပန်ရခြင်းမျိုးမရှိတော့ ညမှာ ကောင်းစွာ အိပ်စက်ရမှာပဲ။ မဟုတ်မတရားတွေမလုပ်ဘဲ တစ်သက်လုံး ကောင်းတာတွေ လုပ်နိုင်ခဲ့ရင်လည်း သေခါနီးမှာ နောင်တတစ်ဖန်တွေနဲ့ ပူပန်ကြောက်လန့်စရာမရှိတော့ အသေဖြောင့်မှာပါ။ ကောင်းသော သေခြင်းဖြစ်မှာပါ။ ဒါကို ကျွန်တော် သဘောပေါက်ပါတယ်။ ကကယ်တော့ဗျာ…ကျွန်တော့်ဘဝရဲ့ နေ့တွေ ညတွေထဲမှာ မဟုတ်မတရားတွေ မလုပ်ခဲ့ပါဘူး။ ကျွန်တော့်ကိုသာ သူများက မဟုတ်မတရားလုပ်တာတွေပဲ ကြုံခဲ့ရတာ။ ကျွန်တော့် နေ့တွေ ရက်တွေဟာ အပြစ်မဲ့တဲ့ နေ့တွေရက်တွေ များပါတယ်။ အပြစ်မဲ့တဲ့ ညတွေများပါတယ်။ ဒါပေမယ့် ကျွန်တော် အအိပ်တော့ ခက်နေတာ အမှန်ပဲ။





တစ်နေ့…နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံ ဆရာတော်ဘုရားကြီးထံ ဆွမ်းကပ်သွားတဲ့ မိတ်ဆွေတွေနဲ့ ကျွန်တော် ရောက်သွားပြီး ဆရာတော်ကြီးကို ဖူးမြော်ပါတယ်။ ကျွန်တော်တို့ မရောက်မီက ရောက်နှင့်နေကြတဲ့ ဒကာ၊ ဒကာမအချို့ကို ဆရာတော်ကြီးက စကားပြောနေတာတွေ့ရတယ်။ ဘာအကြောင်းအရာကို ပြောနေတယ်ဆိုတာ မသိပါဘူး။ ဒါပေမယ့် ဆရာတော်ကြီးရဲ့ စကားထဲမှာ 'ကောင်းသောညဉ့်'ဆိုတဲ့ စကားပါနေတာ သတိထားလိုက်မိတယ်။ ကျွန်တော် စိတ်ဝင်စားသွားပါတယ်။ ဒါပေမယ့် အကြောင်းကိစ္စ တစ်ခုပေါ်လာလို့ 'ကောင်းသောညဉ့်'အကြောင်းကို ဆရာတော်ကြီးကို မမေးမြန်း၊ မလျှောက်ထားလိုက်ရဘူး။ ဒါနဲ့…

'ကောင်းသောညဉ့်'ပါနိုင်တဲ့ စာပေတွေကို လိုက်ဖတ်ဖြစ်ပါသည်။ ကံကောင်းတယ်လို့ ဆိုရမလားပဲ၊ 'ကောင်းသောညဉ့်' ဆိုတဲ့စကားပါတဲ့ သုတ္တန်တစ်ခုကို သွားတွေ့တယ်။ သုတ်အမည်က 'ဘဒ္ဒေကရတ္တသုတ်'။ ဝိဘင်္ဂဝဂ်၊ ဥပရိပဏ္ဏာသ ပါဠိတော်မြန်မာပြန် (ဆဋ္ဌမူ) စာအုပ်ထဲမှာ သွားတွေ့တာ၊ သုတ္တန်က…

"အတိက်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ် ခန္ဓာလည်း မရောက်လာသေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုသို့ဖြစ်ဆဲခဏ၌သာ လျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန် အားထုတ်ရာ၏။

အဘယ်သူသည် နက်ဖြန်၌ သေရမည်ကို သိနိုင်အံ့နည်း။ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှု အလုပ်ကို ပြုလုပ်သင့်၏။ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့နေလေ့ရှိသော၊ လွန်စွာအားထုတ်ခြင်းရှိသော၊ နေ့ညဉ့်ပတ်လုံး မပျင်းမရိအားထုတ်သော ထိုရဟန်းကို စင်စစ် 'ကောင်းသော ညဉ့်တစ်ညဉ့်ရှိသော ရဟန်း'ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏"တဲ့။

အပြစ်ပြောလျှင်လည်း ပြောပေါ့ဗျာ၊ အဲဒီသုတ္တန်ကို ကျွန်တော် ဖတ်နေတုန်းမှာ အဲဒီသုတ္တန်ထဲကနေပြီး ကျွန်တော့်ကို 'သွားလဲ မသွားနဲ့၊ ပြန်လဲမပြန်နဲ့...'လို့ တစ်ခုခုကပြောနေသလို ကြားရတယ်။ ဒီသုတ္တန်ကို ထပ်ဖတ်လေ 'သွားလဲ မသွားနဲ့၊ ပြန်လဲမပြန်နဲ့...' လို့ ပြောသံကို ကြားယောင်ယောင်ဖြစ်လေပဲ။

ကျွန်တော့်စိတ်တွေက အနာဂတ်ဆီကို သွားနေကြတယ်။ သွားနေတဲ့တစ်လျှောက်မှာ လွမ်းစရာတွေ၊ နာကြည်းစရာတွေ၊ မကျေနပ်စရာတွေဖြစ်တယ်။ အတိတ်ဆီကိုလဲ စိတ်ကပြန်တယ်။ အပြန် တစ်လျှောက်မှာလဲ လွမ်းစရာတွေ၊ နာကြည်းစရာတွေ၊ မကျေနပ် စရာတွေဖြစ်တယ်။ စိတ်က သွားလိုက်ပြန်လိုက်





လုပ်နေတာဟာ တွေးတောနေတာပေါ့ဗျာ။ တွေးတောနေသမျှ... တွေးတောခွင့်ရနေသမျှ ကျွန်တော် ဘယ်လိုလုပ် အိပ်လို့ ပျော်နိုင်မှာတဲ့လဲ။

အဲဒီသုတ္တန်ကိုဖတ်ပြီး သေရမှာကြီးကိုလဲ ကြောက်လာတယ်။ တွေးရင်း တောရင်းလဲ သေသွားနိုင်တဲ့အဖြစ်ကိုပေါ့ဗျာ၊ ကြောက်လာတယ်။ ဒါနဲ့ ကျွန်တော့်စိတ်တွေကို သွားလဲမသွားအောင်၊ ပြန်လဲမပြန်အောင် လုပ်ပါတယ်။ နေ့ပေါင်းညပေါင်းများစွာ ကြိုးစားလုပ်ပါတယ်။ မသွားအောင်၊ မပြန်အောင် လုပ်ရတာဟာ ကျွန်တော့်အတွက်တော့ တကယ်ပင်ပန်းပါတယ်ဗျာ။ ခင်ဗျားကြားဖူးတယ် မဟုတ်လား၊ ရေထဲမှာသွားချင်သလို လွတ်လပ်စွာ သွားနေတဲ့ ငါးတစ်ကောင်ကို ကုန်းပေါ်ပစ်တင်လိုက်တဲ့အခါ ငါးဟာ ဖျပ်ဖျပ်လူးဖြစ်နေတယ်ဆိုတာကိုလေ၊ အဲဒီငါးအတိုင်းပဲဗျာ။ အတိတ်၊ အနာဂတ်ဆီ သွားချင်သလိုသွားနေတဲ့ ကိုယ့်စိတ်ကို မသွားနိုင်တဲ့နေရာကို ပို့လိုက်တဲ့အခါမှာ ပင်ပန်းဆင်းရဲအခံခက်လိုက်တာမှ ပြောမပြတတ်အောင်ပါပဲ၊ ချွေးတွေပြန်လာတယ်။ တချို့ညတွေမှာ ဓာချွေးတွေကျလာတယ်။ အတိတ်ဆီ၊ အနာဂတ်ဆီမသွားရအောင် အတင်းကြိုးစားလေ၊ ပင်ပန်းဆင်းရဲလေ၊ ပိုပြီး အိပ်လို့မပျော်နိုင်ဖြစ်လေပေါ့ဗျာ။ တစ်ချိန်လုံး သွား...ပြန်နေတာကို မသွားဘဲ မပြန်ဘဲနေဖို့ ကြိုးစားရခြင်းဟာ ကျွန်တော့်အတွက်တော့ အပင်ပန်းဆင်းရဲဆုံး အလုပ်ပဲလို့ ထင်မိတယ်။ ပင်ပန်းလွန်းတဲ့အတွက် အခုလိုကြိုးစားနေခြင်းကို လက်လျှော့လိုက်တော့မယ်အလုပ်မှာ...ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြိုးစားနေစေဖို့ ဖန်တီးပေးလိုက်တဲ့စကားတစ်ခု ကျွန်တော့် ဦးခေါင်းထဲမှာ အမှတ်မထင်ပေါ်လာတယ်။ ပေါ်လာတဲ့စကားတစ်ခု က ဘာလဲဆိုတော့...'ပင်ပန်းနွမ်းနယ်ခြင်းဟာ အိပ်စက်ဖို့အတွက် အကောင်းဆုံးသော မှီအုံး(ခေါင်းအုံး)ဖြစ်တယ်' 'Fatigue is the best pillow.' တဲ့။ မှန်လိုက်တဲ့စကားပဲဗျာ။ ကျွန်တော့်အတွက် တကယ် အားတက်စေတဲ့စကား၊ စိတ်ကိုမသွားရအောင်၊ မပြန်ရအောင် ကြိုးစားတဲ့အခါမှာ ပင်ပန်းခြင်းမက ပင်ပန်းတယ်။ နွမ်းနယ်ခြင်းမက နွမ်းနယ်တယ်။ သိပ်ပင်ပန်းနွမ်းနယ်လဲလာရော တစ်ညမှာ... ကျွန်တော် အိပ်ပျော်သွားပါလေရော...

အခုတော့...ကျွန်တော့်မှာ ကောင်းသောညဉ့်တွေရှိလာပြီလို့ ဆိုနိုင်ပါတယ်။ တစ်ချိန်ချိန်မှာ ခင်ဗျားတို့ ပြောနေကြတဲ့ ဝိပဿနာ ဉာဏ်စဉ်တွေကို သိမြင်အောင်အားထုတ်နိုင်တဲ့ 'ကောင်းသောညဉ့်' ရှိသူအဖြစ်ကို ကျွန်တော် တကယ်ရချင်ရသွားမှာပါ...

(၃)

အထက်ပါစကားတို့ကို ပြောပြပြီးနောက် မိတ်ဆွေဖြစ်သူက 'ကောင်းသောညဉ့်' ဟူသော စကားသံကို ကြားခွင့်ရခြင်းအတွက် မြင်းခြံဆရာတော်ဘုရားကြီးအား ကျေးဇူးတင်မဆုံးဖြစ်ရကြောင်းကို ပြောပြနေသည်။ ဤစကားတို့ကိုပြောနေချိန်မှာကော့ သူ့အသံက တည်ငြိမ်နေသည်။ သူ့အမူအရာကလည်း တည်ငြိမ်နေသည်။ သူပြောပြသည်ကို နားထောင်ရင်းမှ ကျွန်တော်က မြင်းခြံဆရာတော်





ဘုရားကြီးအား မှန်းမျှော်၍ ရှိခိုးလိုက်မိပါသည်။ 'ကောင်းသော ညဉ့်တို့၌ ချမ်းသာစွာအိပ်စက်ရသူဖြစ်ပါစေ'ဟုလည်း မိတ်ဆွေ အတွက် ရင်ထဲမှ ဆုတောင်းလိုက်မိပါသည်။


*သက်တော် ၉၀ ပြည့်မြောက်ပြီဖြစ်သော သံဃမဟာနာယက ဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားကြီးအား အထက်ပါမှတ်တမ်းဖြင့် ဂုဏ်ပြုပါသည်။*

မြင်းခြံဆရာတော်၏ သက်တော် ၉၀ ပြည့် အထိမ်းအမှတ်စာစောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ရှန်း

▲

ချစ်ခင်မြတ်နိုးတွယ်တာဟယ်ဆိုတဲ့ သံယောဇဉ်တွေနဲ့ ကျွန်တော်တို့ဟာ သိပ်ကိုပျော်မွေ့ကြတယ်။ ရှင်ပြုံးကြည်သာမှုတွေ ဖြစ်တယ်။ အဲဒီသံယောဇဉ်တွေကြောင့်ပဲ ကျွန်တော်တို့ဟာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲတွေဖြစ်ပြန်ရော။ ရင်ဘတ်စည့်ကီးရိုက်ကြိုးတငင် ငိုကြွေးရတာတွေလည်းရှိတယ်။ သံယောဇဉ်တွေကနေ ထွက်မြောက်နိုင်ရင် ကောင်းမယ်ဆိုတာသိတယ်၊ သိပါတယ်ဗျာ။

ခင်ဗျားတို့ ကြားဖူးမယ်ထင်ပါတယ်၊ ဟစ်နေ့–ရဟန်းတော်အချို့ သာဝတ္ထိမြို့တွင်း ဆွမ်းခံနေတုန်းမှာ မင်းရဲ့အမိန့်နဲ့ ဖမ်းမိတဲ့ ခိုးသူတွေကို သံခြေချင်းတွေခတ်၊ ခြေတွေလက်တွေမှာ ကြိုးတွေနဲ့ အခိုင်အခံ့ချည်ပြီး လှောင်အိမ်ထဲသွင်းနေတာကို မြင်တွေ့ကြတယ်။ ညနေချမ်းရောက်တဲ့အခါမှာ အဲဒီရဟန်းတွေက ဂေါတမမြတ်စွာဘုရားထံသွားပြီး သူတို့မြင်ခဲ့ရတဲ့ ခိုးသူတွေ နှောင်ဖွဲ့ခံရ



www.burmeseclassic.com

www.burmeseclassic.com



ပုံကို ပြောကြားပျောက်ထားမိကြတယ်။ ဒီအခါမှာ ဂေါတမမြတ်စွာဘုရားက သံခြေချင်း၊ ကြိုးစတဲ့အရာတွေနဲ့ နှောင်ဖွဲ့ထားတာဟာ မပြောပလောက်သေးဘူး။ ဥစ္စာ၊ စပါး၊ သားမယားစသည်တို့မှာ တပ်မက်တွယ်တာခြင်းဆိုတဲ့ တဏှာကိလေသာ အနှောင်အဖွဲ့က အဆအရာအထောင်အသိန်းမက ပိုပြီးခိုင်မြဲတယ်။

သံဖြင့်ပြုလုပ်သော သံခြေချင်းအနှောင်အဖွဲ့၊
သစ်သားဖြင့် ပြုလုပ်ထားသော ထိတ်တုံးအနှောင်အဖွဲ့၊
မြက်လျှော်ဖြင့် ပြုလုပ်ထားသော နှောင်ကြိုးအဖွဲ့ကို
ခိုင်ခံ့သော၊ မြဲမြံသော အနှောင်အဖွဲ့ဟု မဆိုကြကုန်။
ပတ္တမြားနားတောင်း စသည့် ရတနာတို့၌ တွယ်တာ
ငဲ့ကွက်ခြင်းတဏှာ...ဤတဏှာအနှောင်အဖွဲ့မျိုးကိုသာ
ခိုင်ခံ့သော၊ မြဲမြံသော အနှောင်အဖွဲ့ဟု ပညာရှိတို့
ဆိုကုန်၏။

ပညာရှိတို့ကတော့ အဲဒီတဏှာကိလေသာဆိုတဲ့ အနှောင်အဖွဲ့ကို ရုန်းဖြတ်ပြီးတော့ ထွက်ကြတယ်လို့ ဂေါတမမြတ်စွာဘုရားက ပြောပြ ဟောပြတယ်။

ကိလေသာနှောင်ကြိုးတွေကနေ ရုန်းထွက်ဖြတ်တောက်နိုင်ကြသူ ပညာရှိသူတွေကို အားကျမိပါကယ်ဗျာ၊ ဒီလိုအားကျခြင်းနဲ့ အတူ...

သံယောဇဉ်ကြိုး၊ ဆယ်မျိုးခိုင်ခိုင် ချုပ်ထား တုပ်ထား လှုပ်အားမနိုင်။

'ကာမထောင်တွင်း၊ နှောင်သွင်းပိုင်ပိုင်၊ မှတ်ကရော၊ ခတ်သော့





သံချည်တိုင်' ဆိုတဲ့ ဓမ္မကဗျာလေးကိုလဲ အမှတ်ရတယ်။ အမှတ်ရခြင်းနဲ့ကပ်ပြီး ထိတ်လန့်ခြင်းကလဲ ပါလာတယ်။ ချည်နှောင်ထားတဲ့ သံကြိုးကြီးတွေ ခိုင်ရတဲ့အထဲမှာ ကျွန်တော့်ကို သံတိုင်ကြီးနဲ့ ပူးတွဲပြီး မရုန်းနိုင်အောင် သော့ခတ်ထားရသလို ခံစားရတဲ့အဖြစ်ကြောင့်ပါ။

ကျွန်တော်တို့လို အသက်ကြီးလာတဲ့လူကြီးတွေနဲ့ဆိုင်တဲ့ အဖြစ်အပျက်တစ်ခုရှိသေးတယ်။ ကောသလမင်းကြီးမှာ ပါဝေယျက လို့ခေါ်တဲ့ ဆင်ကြီးရှိခဲ့တယ်။ ဒီဆင်ကြီးဟာ အသက်ငယ်ရွယ် နုပျိုစဉ်က အလွန်ခွန်အားဗလကောင်းတယ်။ စစ်တိုက်တဲ့နေရာမှာ အင်မတန် ကျွမ်းကျင်တယ်၊ သတ္တိပြောင်မြောက်တယ်။ အခုတော့ ဒီဆင်ကြီး အိုလာပြီ၊ ဒါနဲ့ မင်းကြီးက ဆင်အိုကြီးကို ဘေးမဲ့ပေးလိုက်တယ်။ တစ်နေ့မှာ အဲဒီဆင်ကြီးဟာ အိုင်တစ်ခုထဲကိုဆင်းရင်းက ညွန်ထဲမှာနစ်သွားတယ်။ ဆင်ကြီးဟာ ညွန်ထဲကထွက်မြောက်အောင် ရုန်းတယ်။ ဒါပေမယ့် ဇရာကထောင်းပြီဆိုတော့ ရုန်းအားမကောင်းဘူးဖြစ်နေတယ်။ ဒီအဖြစ်ကို ကောသလ မင်းကြီးကြားသိတဲ့အခါမှာ ဆင်ကြီးကို ညွန်ထဲကထုတ်ဆောင်ဖို့အတွက် ဆင်ဆရာကိုလွှတ်လိုက်တယ်။ ဆင်ဆရာဟာ အင်မတန် အမြော်အမြင်ရှိတယ်။ ဆင်ဆရာက ဆင်ကြီးကို ညွန်ထဲက ထုတ်ဆောင်ဖို့သွားတဲ့ အခါမှာ စစ်ချီစစ်ထိုးတဲ့အခါ အသုံးပြုတဲ့ စစ်ပွဲစည်ကြီးကို ယူသွားတယ်။ စည်တွေ မောင်းတွေ သယ်သွားတယ်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ညွှန်နစ်နေတဲ့ ဆင်ကြီးထံရောက်တော့ ဆင်ဆရာက စစ်ပွဲကိုပြပြီး စစ်ပွဲစည်ကြီးကို တီးတယ်။ တကယ်စစ်ထိုးတော့မယ့် အခြေအနေမျိုးဖြစ်အောင် တပည့်နောက်လိုက်နောက်ပါတွေနဲ့ ပူးပေါင်းဖန်တီးပြီး စစ်ကြွေးကြော်သံတွေနဲ့ စည်တို့ မောင်းတို့ တီးပေးပါလိမ့်မယ်။ ဒီအခါမှာ ဆင်ကြီးဟာ ရဲစိတ် ရဲမာန်တွေ တက်ကြွလာပြီး တအားရုန်းလိုက်တာ တစ်ခါကည်း ကုန်းပေါ်ရောက်သွားတယ်။

ဒီလိုဆင်ကြီး ညွှန်ထဲက ရုန်းထွက်နိုင်တဲ့အဖြစ်ကို မြင်ခဲ့ကြရတဲ့ ရဟန်းတော်တွေက ဂေါတမမြတ်စွာဘုရားကို ပြောပြလျှောက်ထားကြတယ်။ ဒီအခါမှာ ဂေါတမမြတ်စွာဘုရားက ရဟန်းတော်တွေကို ...

> မမေ့လျော့ခြင်း အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကို စောင့်ရှောက်ကြလော့၊ ညွှန်၌နစ်သောဆင်သည် မိမိ ကိုယ်ကို ညွှန်ပျောင်းမှ ထုတ်ဆောင်သကဲ့သို့ ကိလေသာညွှန်ပျောင်းမှ မိမိကိုယ်ကိုထုတ်ဆောင်ကြ...လို့ မိန့်တော်မူတယ်။ အဲဒီ ဂေါတမ မြတ်စွာဘုရားရဲ့စကားဟာကျွန်တော်တို့နှင့် တိုက်ရိုက်သက် ဆိုင်နေတဲ့ စကားဗျ။ ဒါပေမယ့် ကျွန်တော့်မှာဖြစ်နေတာက ခိုင်ခံ့လွန်းလှတဲ့ သံတိုင်ကြီးမှာ သံကြိုးတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ပြီး သော့ခတ်





> ထားတဲ့ ကျွန်တော့်ကို ဘယ်သူများလာပြီး သော့ဖွင့်ပေးပါ့မလဲ၊ ကိလေသာညွှန်ထဲက ရုန်းထွက် နိုင်အောင် ဘယ်သူများလာပြီး စည်တီးရင်း အားပေးပါ့ မလဲလို့ မျှော်မိနေတဲ့အဖြစ်ပါဗျာ၊ နေပါဦး၊ ခင်ဗျား တို့ကတော့ မရုန်းဘူးလား၊ ဘယ်လိုလဲ၊ မရုန်းကြတော့ ဘူးလား ...

▲▲

မရုန်းဘူးလား ...မရုန်းကြတော့ဘူးလားဟု အထက်ပါပုဂ္ဂိုလ်ကမေးနေသော်လည်း ကျွန်တော်တို့လူစုဘက်မှ စကားပြန်မရဘဲ တိတ်ဆိတ်စွာ ထိုင်လျက်ရှိသော ထိုနေ့ကမြင်ကွင်းကို မြင်ယောင်ဆဲ ရှိနေပါသည်။

အတွဲ ၁၊ အမှတ် ၁၂၊ မိုးဆန်းပန်းကျာနယ်



www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## မီးလမ်းမများ

▲

စာဖတ်ရင်းက ထိတ်လန့်စရာတွေ ဖြစ်ရကြောင်းကို သူက ကျွန်တော့်ကို အောက်ပါကဲ့သို့ပြောပြပါသည်။

▲▲

ဂေါတမမြတ်စွာဘုရားက ရက်ကန်းသည်မလေးကို…'သင် ဘယ်ကလာပါသလဲ'လို့ မေးတော့ ရက်ကန်းသည်မလေးက…

'မသိပါဘူး…ဘုရား'လို့ ဖြေတယ်တဲ့ဗျ။

အဲဒီဗုဒ္ဓရဲ့အမေးနဲ့ ရက်ကန်းသည်မလေးရဲ့အဖြေကို ကျွန်တော်က သိပ်သဘောကျခဲ့တာ၊ ရက်ကန်းသည်မလေးက 'မသိပါဘူး… ဘုရား'လို့ ဖြေတာဟာ ဘယ်ဘဝကနေ လာခဲ့မှန်းမသိတာကို ရည်ညွှန်းပြီး ဖြေတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ကျွန်တော်တွေးချင်ရာ ဆွဲတွေးမိတယ်။ 'အသက်'ဆိုတာ ဘယ်ကစလဲ၊ အသက်...ဘယ်ကဖြစ်လာလဲ၊ အပင်သက်ရှိကနေ အကောင်သက်ရှိ ဘယ်လိုဖြစ်လာလဲ၊ အကောင်သက်ရှိကနေပြီး တစ်ဆင့်ပြီးတစ်ဆင့် ဘယ်လိုလူဖြစ်လာလဲ။ လူဟာ ဘယ်လိုမျိုးရိုးစုကနေ ဆင်းသက်ဖြစ်ပေါ်လာတာလဲ...လျှောက်တွေးတာပေါ့ဗျာ။ တွေ့ရှိထားတဲ့ အထောက်အထားတွေအပေါ်မှာ မူတည်ပြီး တွေးတာပါ။ ဒါပေမယ့် ဘယ်လိုတွေးတွေး လူဘယ်က ဘယ်လို လာခဲ့သလဲဆိုတာ တိတိပပမသိရပါဘူးဗျာ။ ဟုတ်မှာပဲ၊ ဘယ်ကလာတာလဲ...ဘယ်ကလာခဲ့တာလဲဆိုတဲ့ မေးခွန်းကို ရက်ကန်းသည်မလေးကလည်း ဘယ်သိပါ့မလဲ။

ဂေါတမဗုဒ္ဓက ရက်ကန်းသည်မလေးကို မေးပြန်တယ်။

'သင် ဘယ်ကိုသွားမှာလဲ'တဲ့။

ဒီအမေးကို ရက်ကန်းသည်မလေးက 'မသိပါဘူး...ဘုရား'လို့ ဖြေပြန်တယ်။ ဆိုလိုတာက ဒီဘဝကသေရင် ဘယ်ဘဝကို သွားမယ်၊ ရောက်မယ်ဆိုတာကို မသိပါဘူးဆိုတဲ့ သဘောနဲ့ ဖြေတာတဲ့။

ဟုတ်ပါရဲ့၊ ဘယ်သိပါ့မလဲဗျာ။ သေသွားနှင့်သူတွေဆီက လည်း သူတို့...သူတို့ ဘယ်ဘဝရောက်နေတယ်ဆိုတာကို အတိအကျပြန်မပြောနိုင်ဘူး၊ ကိုယ်ကိုယ်တိုင်ကလည်း သေမကြည့်ရသေးတော့ ဘယ်ဘဝရောက်မယ်ဆိုတာ မသိနိုင်ဘူး။ ဟုတ်လိုက်လေဗျာ။ ဘယ်ဘဝရောက်မယ်၊ ဘာဖြစ်မယ်ဆိုတာ ဘယ်သိပါ့မလဲ၊ ဘယ်လိုမှလဲ သက်သေပြလို့ မရဘူး။

ရက်ကန်းသည်မလေးကို ဂေါတမမြတ်စွာဘုရားက မေးပြန်





တယ်။ 'သင်...ဘာမှမသိဘူးလား'တဲ့။ ဒီလိုမေးတော့ ရက်ကန်းသည်မလေးက...

'သိပါတယ်...ဘုရား'လို့ ဖြေတယ်။ သူ ဒီလိုဖြေတာက တခြားဟာတွေကိုမသိပေမယ့်...တစ်ချိန်ချိန်မှာတော့ တကယ့်ကို သေရမယ်ဆိုတာကိုတော့ သိပါတယ်။ သေရမှာတော့ အမှန်ဖြစ်တယ်ဆိုတာသိပါတယ်လို့ဆိုလိုတာတဲ့။ 'အားလုံးသော လူများသည် သေမျိုးဖြစ်၏'ဆိုတဲ့ ရှေးဟောင်း ဂရိအတွေးအခေါ်ပညာရှင်ရဲ့ အဆိုဟောင်းကြီးဟာ မှန်မြဲမှန်နေဦးမှာပဲ။ တခြားဟာတွေ မသေချာပေမယ့်၊ တခြားအကြောင်းအရာတွေကို အသေအချာမသိရပေမယ့် သေရမယ်ဆိုတာတော့ မှန်နိုင်လောက်တယ်။ သမိုင်းအထောက်အထားအရကော၊ မျက်မြင်ကိုယ်တွေ့ရော မသေတဲ့လူဆိုတာကို မတွေ့ရဘူး၊ သေသေကုန်တာ...သေသေသွားခဲ့ကြတဲ့လူတွေပဲ ရှိတယ်...မဟုတ်လားဗျာ။

ဘဝဟာ အဓိပ္ပာယ်ရှိသလား၊ မရှိဘူးလား၊ ဘဝမှာ တန်ဖိုးရှိသလား၊ မရှိဘူးလား၊ တကယ့်မေတ္တာစစ်၊ မေတ္တာမှန်ဆိုတာ ရှိသလား မရှိဘူးလား...ဆိုတာတွေဟာ တိတိကျကျ ရေရေရာရာ မရှိပေမယ့် သေမှာကတော့ သေချာတယ်၊ ရေရာတယ်။ ဒါကြောင့်လည်း ရက်ကန်းသည်မလေးက သေမှာ သေချာတာကိုတော့ သိပါတယ်လို့ ဖြေတာဖြစ်မယ်။

ဂေါတမမြတ်စွာဘုရားက ဆက်ပြီးတော့မေးပြန်တယ်။ 'သင်...တကယ် သိကောသိရဲ့လား'တဲ့။

ဒီလိုမေးတော့ ရက်ကန်းသည်မလေးက...



www.burmeseclassic.com

www.burmeseclassic.com



'မသိပါဘူး…ဘုရား'လို့ ဖြေတယ်။ ဒီလိုဖြေတာက…သေမှာ သေချာတယ်။ ဒါပေမယ့်…ဘယ်အချိန် ဘယ်အရွယ်…ဘယ်နှစ် ဘယ်လ…ဘယ်ရက်မှာ သေမယ်ဆိုတာကိုတော့ တိတိကျကျ မသိပါဘူးဆိုတဲ့သဘောနဲ့ ဖြေတာဖြစ်တယ်။

စာအုပ်ကို ဖတ်ရင်း ဖတ်ရင်းက ဒီအမေးနဲ့ ဒီအဖြေကိုလည်း ရောက်လာရော ထိတ်လန့်သလိုကြီး ဖြစ်လာတယ်။ အချိန်မရွေး သေနိုင်တယ်၊ သေသွားနိုင်တယ်…လို့ စာလုံးတွေက အသံထွက်ပြီး ပြောနေသလိုကြီး ခံစားရတာနဲ့ စာအုပ်ကိုချထားခဲ့တာ…

▲▲▲

အထက်ပါအကြောင်းအရာများကို ပြောပြီးနောက် သူက ကျန်နေသော လက်ဖက်ရည်ကြမ်းကို မော့ပါသည်။ မှောင်နေပြီဖြစ်၍ 'ပြန်ဦးမယ်'ဟုဆိုကာ ကျွန်တော့်ကို သူကနှုတ်ဆက်ပြီး ထွက်သွားပါသည်။ သူ့အိမ်ကိုပင် သူပြန်မည်ဟု ကျွန်တော်နားလည်ပါသည်။ ကျွန်တော်လည်း လက်ဖက်ရည်ဝိုင်းမှထပြီး အိမ်သို့ ပြန်လာခဲ့ပါသည်။ ပိုးဖလံကောင်ကလေးများ ရှိလေမလားဟု လမ်းမီးတိုင်များဆီသို့ ကြည့်မိပါသေးသည်။

*ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းလှပြီ။*

အမှတ် ၆၂၊ အင်တာဗျူးကျာနယ်

EIGHT DRAGONS BOOKS



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မြန်မြန်

▲

ညနေအချိန်...

လမ်းမှာ...ရပ်ရင်းနဲ့ပဲ ကျွန်တော့်ကို သူက အောက်ပါစကားတွေကို ပြောပါတယ်။

▲▲

ဖြည်းဖြည်းနဲ့ မှန်မှန် ကြိုးစားရင် အောင်မြင်မယ်ဆိုတာကို ကျောင်းသားကျောင်းသူတွေကို ဆုံးမတဲ့အခါမှာ ယုန်နဲ့လိပ်အပြေးပြိုင်ကြတဲ့ ပုံပြင်ကလေးကို ဆရာ,ဆရာမတွေ၊ လူကြီးသူမတွေက ပြောပြကြတယ်။ 'ယုန်နှင့်လိပ်ကို ပုံပြဆို၊ ထိုထိုမှတ်ကြရန်...' အစချီတဲ့ လင်္ကာကလေးကို ကျွန်တော်တော့ ခုထိအမှတ်ရတုန်းပဲ။ ဖြည်းဖြည်းမှန်မှန် အောင်ပွဲခံ 'Slow and steady wins the race.' ဆိုတဲ့ စကားပုံကလေးကိုလည်း မှတ်မိတုန်းပဲ။ ဖြည်းဖြည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ကြိုးစားပြီး ပြေးလို့ အောင်ပွဲခံသွားတဲ့ လိပ်ကြီးကိုလည်း တကယ့်ဓာတ်လိုက်အဖြစ် ငယ်ငယ်က မျက်စိထဲမှာ မြင်ယောင်ခဲ့တယ်ဗျ။

ဖြည်းဖြည်းမှန်မှန် လုပ်ကိုင် ဆောင်ရွက်ရမယ်ဆိုတဲ့ အဆုံးအမဟာ နေရာကကာမှာ မှန်လိမ့်မယ်လို့ ထင်လာခဲ့တယ်။ နည်းနည်းကြီးလာတော့...နီတိကျွေ သင်ရပြန်တယ်။

'အတက်သင်ရာ၊ ဥစ္စာရှာနှင့်၊ တောင်သာလည်းတက်၊ တပ်မက်ကာမ၊ ဒေါသထွက်ရာ၊ ဤငါးဖြာ၌၊ လျင်စွာသမှုမပြုသင့်ပေ၊ ဖြည်းညင်းစေလော့...' နီတိဆရာက ဆုံးမတယ်။ ပညာရှာတဲ့အခါ ဖြည်းဖြည်း၊ ဥစ္စာရှာတဲ့အခါ ဖြည်းဖြည်း၊ တောင်တက်ရာမှာ ဖြည်းဖြည်း၊ ကာမဂုဏ်ခံစားရာမှာလည်း ဖြည်းဖြည်း၊ ဒေါသထွက်ရင်လည်း ဖြည်းဖြည်း...တဲ့၊ မမြန်နဲ့တဲ့၊ မြန်ရင် မအောင်မြင်ဘူး၊ မကောင်းဘူး၊ မှားတတ်တယ်ပေါ့။

ဖြည်းဖြည်းနေးနေး လုပ်ဆောင်သင့်တဲ့သဘောတရားကို စွဲနေတဲ့ ကျွန်တော်...ရန်ကုန်မြို့တော်က မိုးကုတ်ဝိပဿနာတရားရိပ်သာတစ်ခုကို ရောက်လို့ တရားဟောရာ...တရားပြရာအခန်းထဲအပင်မှာ အကြီးအကျယ်လန့်ဖျပ်သွားတယ်ဗျာ၊ အသက်ရှူတောင်ရပ်သွားသလားထင်ရတယ်။ ဘာကိုလန့်တာလဲဆိုတော့ အဲဒီတရားပြအခန်းမှာ စာတန်းကြီးတစ်ခုရေးထားတယ်။ 'သင်သည်မုချ သေရအံ့၊ အချိန်ပိုင်းသာလိုတော့သည်'တဲ့။ အဲဒီ စာတန်းကြီးကိုမြင်ပြီး လန့်တာ...။ လန့်လိုက်တာမှ ဘာပြောကောင်းမလဲ၊





'အချိန်ပိုင်းသာလိုတော့သည်'ဆိုတဲ့ စာကြောင်းကို ထပ်ဖတ်မိလေ...လန့်လေ။

သိပ်မှန်တာပေါ့ဗျာ၊ အသက်ဆိုတာ သိပ်ရှည်ကြာစွာနေရတာလဲမဟုတ်ပါဘူး။ တချို့သတ္တဝါလေးတွေဆိုရင် နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်းလောက်ပဲအသက်ရှည်ကြတာ၊ လူ့ပုံမှန်သက်တမ်းဟာလည်း သိပ်ကြာတယ်မဟုတ်ပါဘူး။ တစ်ခါကလေ...မရောက်တာကြာပြီဖြစ်တဲ့ ကိုယ့်ရပ်ကိုယ့်ရွာရောက်သွားရင်...ကိုယ်နဲ့ ရွယ်တူတွေ မရှိကြတော့ဘူး၊ သေကုန်ကြပြီ။ ကိုယ့်ထက်ငယ်သူတချို့ကိုလည်း သေကုန်လို့ မတွေ့ရတော့ဘူး၊ ကိုယ့်ထက်ကြီးတဲ့သူတွေကတော့...ပြောစရာမလိုတော့ဘူးပေါ့ဗျာ၊ တဖြုတ်ဖြုတ်နဲ့ သစ်ရွက်ဟောင်းတွေကြွေကုန်သလိုပဲ ကြွေလျော့ခဲ့ကြပြီ။ မကြာခင်ကာလအတွင်းမှာပဲ ပျောက်ကွယ်ကုန်ကြတဲ့ မိတ်တွေ ဆွေတွေ အများကြီးပါပဲ။

ဟုတ်တယ်၊ သေဖို့က အချိန်ပိုင်းပဲလိုတော့တယ်။ သေမှာကမုချပဲ။ ဒီတော့ မသေခင်တော့ မြန်မြန်၊ အမြန်ဆုံးတရားရအောင်လုပ်...ဆိုတဲ့သဘောနဲ့ တရားပြတဲ့အခန်းက စာတန်းကြီးကသတိပေးနေတာ။

ဖြည်းဖြည်းနဲ့ မှန်မှန်အောင်ပွဲခံ...ဆိုတဲ့ အဆိုစကားဟာ အခြေအနေတစ်ရပ်မှာသာ မှန်တဲ့ ဝိသေသအဆိုကို ကျွန်တော်က နေရာတကာမှာ မှန်တဲ့ ယေဘုယျအဆိုအဖြစ် လွဲလွဲမှားမှား စွဲမှတ်ထားခဲ့မိတာ။ မသေခင်တရားရအောင် အလုပ်မျိုးမှာတော့ အမြန်



www.burmeseclassic.com

www.burmeseclassic.com



တကာ့အမြန်ဆုံးလုပ်ရမှာကိုတော့ မသိခဲ့ဘူးဗျ။ 'ရင်ဝမှာ လုံ့ရူးတဲ့သူဟာ အဲဒီလုံ့ကို အလျင်အမြန်နုတ်ပြီး ဆေးကုသဖို့ ကြိုးစားသလို၊ ဦးခေါင်းမှာ မီးလောင်နေသူဟာ အဲဒီမီးကို လျင်လျင်မြန်မြန် ငြိမ်းသတ်ဖို့ကြိုးစားသလို မသေခင်မှာ သက္ကာယဒိဋ္ဌိဆိုတဲ့ ပြောင့်၊ ကိလေသာဆိုတဲ့မီး ငြိမ်းအောင် ဝိပဿနာတရားကို လျင်လျင်မြန်မြန် အားတုတ်သင့်တယ် ဆိုတဲ့ ဗုဒ္ဓရဲ့စကားကိုလည်း အခုက အလေးမထားခဲ့မိဘူးဗျ။

ကဗျာဆရာကြီး ရာဘင်ဒြာနာတ်တဂိုးက ရေးဖူးတယ်။ အကမင်းသမီး 'နာတရာဇာ'ဟာ သိဂ်လှကယ်။ အင်မဟန်မှုရာမာယာများတယ်။ ဒါကြောင့် ဘယ်ပုဂ္ဂိုလ်ကိုမဆို လှည့်စားနိုင်တယ်တဲ့။ ဒါပေမယ့်...သေခြင်းတရားကိုတော့ သူ့ဆီမလာအောင်...သူ့ကို ကြင်နာစွာနဲ့ ထားချန်သွားအောင် ဘယ်လိုမှ နာဟရာဇာဟာ မလှည့်စားနိုင်ဘူးတဲ့။ သူ့ကိုသေခြင်းက မညှာမတာ ခေါ်သွားတာပဲတဲ့။ ပြီးတော့...ဘယ်လောက်အာဏာ ထက်ရှတဲ့ဘုရင်ဧကရာဇ်ဖြစ်ပလေစေ၊ သေခြင်းကိုတော့ သူ့ထံမလာအောင် အာဏာမထားနိုင်ဘူး၊ မတားနိုင်ဘူး။ သေခြင်းတရားဟာ အာဏာရှင်ဘုရင်ဧကရာဇ်ကိုလည်း ပလ္လင်ပေါ်ကနေ ဆွဲချသွားနိုင်တာပဲတဲ့။ ဟုတ်မှာပါဗျာ၊ ဘယ်လောက်သတ္တိရှိတဲ့ စစ်သူကြီးပဲဖြစ်ဖြစ်၊ ဘယ်လောက်ဆန်းသစ်တဲ့ လက်နက်တွေ၊ များပြားတဲ့စစ်သည်တော်တွေ ဘယ်လောက်ပဲ သူ့မှာရှိနေရှိနေ...ဒီစစ်သူကြီးဟာ သေခြင်းကိုတော့နိုင်အောင် တိုက်နိုင်မှာ မဟုတ်ဘူးတဲ့ဗျ။ ဒီလိုသဘောမျိုးတွေ ဗုဒ္ဓစာပေမှာ ဖော်ပြထားတာတွေ အများကြီးရှိပါတယ်။





ဟုတ်တယ်၊ သေခြင်းဟာ ရောက်လာမယ်၊ ရောက်အောင်ကို လာမှာပဲ၊ လုပ်စရာရှိတာကို မြန်မြန်လုပ်...

▲▲▲

အထက်ပါစကားတွေကိုပြောပြီးတော့ သူက 'ခေမာသီဝင်' ဘက်ကို လျှောက်သွားပါတယ်။ သူ့ကို ငေးကြည့်နေရင်းက... 'တရားသဘော ဘယ်လိုပြောလည်း လိပ်ကျောကြောင်ကော် ပြောင်ချော်ချော်နှင့်...နှလုံးမယဉ် ပုထုဇဉ်တို့၊ ပျိုစဉ်ယုတ်မာ၊ အိုကာဆိုးရွား...တရားမရနိုင်ကြပါတကား'ဆိုတဲ့ ဂန္ထဝင်လင်္ကာကြီးကို ကပေါက်တိကပေါက်ချာ အဲဒီညနေက ကျွန်တော် ရွတ်ဆိုနေမိပြန်ပါတယ်။

အမှတ် ၁၁၁၊ အင်တာဗျူးကျာနယ်